ကြေးမုံ
The Mirror Daily
ခေတ္တကရပ်ကြီးအဖြင့် တွင်တောင်စာစဉ်တည်ထောင်သည်။ Established in 1957
၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 23 September 2020 ၁၀၁၄၄

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည် သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

## အခွန်ထမ်းပြည်သူများသို့ အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**ကြေညာချက်အမှတ် (၄/၂၀၂၀)**
၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း (၆) ရက်
၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၂) ရက်

**အခွန်ထမ်းပြည်သူများသို့ အသိပေးကြေညာချက်**

၁။ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေများအတွက် ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ သက်ညှာလျှော့ပေါ့ပေးထားသော အခွန်နှုန်းများကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ အထိသာ ခံစားခွင့်ရှိပါသဖြင့် ယင်းနေ့အမီ လျှော့ပေါ့နှုန်းထားများကို ခံစားနိုင်ရန်အတွက် အခွန်ထမ်းပြည်သူများသည် စည်းကြပ်တောင်းခံထားသော ငွေသွင်းချလန်ကို ရယူပြီးနောက် ယင်းချလန်ပေါ်တွင် “၃၀-၉-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ ဘဏ်သို့ ပေးသွင်းရမည်” ဟူသော ဖော်ပြထားချက်အရ ယခုကဲ့သို့ COVID-19 ကာလအတွင်း မြန်မာ့စီးပွားရေးဘဏ်တွင် စုပြုံ၍ ငွေပေးသွင်းလျက်ရှိကြောင်း သိရှိရပါသည်။

၂။ ငွေသွင်းချလန်ပေါ်တွင် “၃၀-၉-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ ဘဏ်သို့ ပေးသွင်းရမည်” ဟုဖော်ပြထားစေကာမူ ယင်းသို့ အခွန်ငွေပေးသွင်းခြင်းကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃၀)ရက်နေ့အထိ နောက်ဆုံးထား၍ ပေးသွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

## အခွန်ထမ်းပြည်သူများသို့ အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**ကြေညာချက်အမှတ် (၅/၂၀၂၀)**
၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း (၆) ရက်
၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၂) ရက်

**အခွန်ထမ်းပြည်သူများသို့ အသိပေးကြေညာချက်**

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းသည့် စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေကြေညာလွှာများကို သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးရုံးများတွင်တင်ပြီး ကြေညာလွှာ လက်ခံဖြတ်ပိုင်း (ပတခ(ဝင)-၁) ရပါက လူကိုယ်တိုင် စောင့်ဆိုင်းစရာမလိုတော့ပါ။ စိစစ်မှုများကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့အထိ ဆက်လက်စိစစ်၍ လိုအပ်လျှင် တယ်လီဖုန်းဖြင့် သော်လည်းကောင်း၊ အခြား အီလက်ထရောနစ် စနစ်ဖြင့် သော်လည်းကောင်း၊ လူတွေ့၍သော်လည်းကောင်း ဆောင်ရွက်ပြီး ငွေသွင်းချလန်များကို ထုတ်ပေးမည်ဖြစ်ပါသည်။ ယင်းသို့ တင်သွင်းလာသည့် အခွန်ထမ်းများအနေဖြင့် ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ သက်သာခွင့်များကို ခံစားနိုင်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

# ကုလသမဂ္ဂ (၇၅)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် အဆင့်မြင့်အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဗီဒီယိုဖြင့် မိန့်ခွန်းပြောကြား

**နေပြည်တော် စက်တင်ဘာ ၂၂**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ကုလသမဂ္ဂတည်ထောင်သည့် (၇၅)နှစ်ပြည့် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၂၁ ရက်တွင် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပခဲ့သည့် အဆင့်မြင့်အစည်းအဝေး၌ ဗီဒီယိုဖြင့် မိန့်ခွန်းတစ်ရပ် ပါဝင်ပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေး၌ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အဆင့်မြင့် ကိုယ်စားလှယ်များက **“ကျွန်ုပ်တို့ လိုလားသော အနာဂတ်၊ ကျွန်ုပ်တို့ လိုအပ်သော ကုလသမဂ္ဂ - နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်ရေးစနစ်အတွက် ကျွန်ုပ်တို့၏ စုပေါင်းကတိကဝတ်ကို ထပ်လောင်းအတည်ပြုခြင်း”** ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးခဲ့ကြပြီး၊ “ကုလသမဂ္ဂ (၇၅)နှစ်ပြည့် နှစ်ပတ်လည် အထိမ်းအမှတ် ကြေညာစာတမ်း” ကို အတည်ပြုခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ပြောကြားခဲ့သည့် မိန့်ခွန်းအပြည့်အစုံ(အလွတ်သဘော ဘာသာပြန်ဆိုချက်) မှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

**သဘာပတိကြီးနဲ့ ဂုဏ်သရေရှိ ကိုယ်စားလှယ်တော်များခင်ဗျား-**

ကုလသမဂ္ဂအဖွဲ့ကြီး တည်ထောင်တဲ့ (၇၅) နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ကျင်းပတဲ့ ဒီအဆင့်မြင့် အစည်းအဝေးမှာ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ○**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ကုလသမဂ္ဂ (၇၅)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် အဆင့်မြင့်အစည်းအဝေး၌ ဗီဒီယိုဖြင့် မိန့်ခွန်းပြောကြားစဉ်။

**ကြေးမုံ ယနေ့ ဖတ်စရာ**

**ကိုဗစ်-၁၉ လူနာများထားရှိရန် ရေဝတီစင်တာကို ခုတင် ၇၇၀ အထိ ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည်**
စာမျက်နှာ » ၅

**ပထမခေါင်းလန်ဖူး၊ ဒုတိယရှိန်းခေါင်နှင့် လန်ဆယ်**
ဆောင်းပါး စာမျက်နှာ » ၆

**ကိုဗစ်ရောဂါ ကာကွယ်ရေးကို တစ်ဦးတစ်ယောက်မှ ဖောက်ဖျက်လို့ မဖြစ်ပါဘူး တစ်ဦးတစ်ယောက် ဖောက်ဖျက်လိုက်တာနဲ့ ဒီရောဂါကူးစက်မှုကွင်းဆက်က ကျိုးပေါက်သွားမှာ ဖြစ်ပါတယ်**
စာမျက်နှာ » ၁၀

ကြေးမုံ

# ကူညီဖြည့်စွမ်း စေတနာ့ဝန်ထမ်း

ကိုဗစ်-၁၉ ရောဂါကူးစက်မှုက မိမိတို့နိုင်ငံတွင် များလာနေသည်။ ရောဂါကူးစက်မှုများက လျော့မသွားတိုး၍သာများနေသဖြင့် ရှေ့တန်းတိုက်စစ်မှူးများဖြစ်သည့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများသည်လည်း ပင်ပန်းနွမ်းလျလာကြ၏။ ပိုးတွေ့လူနာများပြားမှုကြောင့် ဆေးရုံနေရာ အခက်အခဲ၊ ကူညီစောင့်ရှောက်သူအင်အား အခက်အခဲများ ကြုံနေရသော်လည်း နည်းဗျူဟာအပြောင်းအလဲများ ပြုလုပ်ကာ မကြာမီကာလအတွင်း ထိန်းချုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့နေပြည်သူများ မလိုအပ်ဘဲ လမ်းပေါ်မထွက်ရန် စည်းကမ်း သတ်မှတ်ချက်များ အသစ်ထုတ်ပြန်ခဲ့ရာ ရန်ကုန်လမ်းမများတွင် လူသူသွားလာမှု အတော်ရှင်းသွားသည်။ ပြည်သူများပူးပေါင်းပါဝင်မှု၏ ရလဒ်ပင် ဖြစ်ပါသည်။ ထိုအခြေအနေကို နှစ်ပတ်၊ သုံးပတ်လိုက်နာပါက ကူးစက်မှုများ ထိန်းချုပ်ရာတွင် အများကြီးအထောက်အကူပြုမည် ဖြစ်သည်။ လက်ရှိ ကူးစက်လူနာဦးရေနှင့် ယခုရက်ပိုင်းအတွင်း တွေ့လာနိုင်သည့်လူနာအရေအတွက် ချိန်ထိုးတွက်ချက်ကာ အသွားအလာကန့်သတ်မှု (Quarantine)ကိုလျှော့ချခဲ့ရာ ဆေးရုံနေရာအခက်အခဲအတွက် ဖြေရှင်းနိုင်သည့်အခြေအနေတွင်ရှိနေသည်။

လက်ရှိဖြစ်ပွားနေသော ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ရှေ့တန်းမျက်နှာစာမှ ပါဝင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အဓိကကျလျက်ရှိသည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကူးစက်လူနာများနှင့် အနီးကပ်ထိတွေ့နေရသူများဖြစ်သဖြင့် ကူးစက်ခံရနိုင်ခြေအများဆုံးအခြေအနေတွင် လုပ်ကိုင်နေရသည်။ ကူးစက်ခံရမှုများလည်း ရှိနေသည်။ ထို့ပြင် မိမိတို့မိသားစုနှင့် အတူမနေရဘဲ သီးသန့်ခွဲနေရကာ ကျန်းမာရေးစောင့်ရှောက်မှုတာဝန်များကို ထမ်းဆောင်နေရသည်။

ထို့အတူ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသည်လည်း တာဝန်ထမ်းဆောင်စဉ်ကာလတွင် သတ်မှတ်ထားသောနေရာ၌ သတ်မှတ်ရက်အတိုင်းနေထိုင်ပြီး Quarantine Center များတွင် မိမိတို့ကျွမ်းကျင်မှုအလိုက် ပါဝင်ဆောင်ရွက်ရသည်။ မိမိတို့၏ အချိန်၊ လုပ်အား၊ ကျွမ်းကျင်မှု၊ အကြံဉာဏ်များကို အခကြေးငွေမယူဘဲ အများကောင်းကျိုးအတွက် ပါဝင်ထမ်းရွက်နေကြသူများဖြစ်သည်။ ၎င်းတို့အနေဖြင့် ရှေ့တန်းမျက်နှာစာတွင် ပင်ပင်ပန်းပန်း တာဝန်ထမ်းဆောင်နေကြသည်။

ယခုဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါသည် ကူးစက်ရောဂါဖြစ်သည်။ ကူးစက်ခံထားရသူများအနေဖြင့် အစိုးရိမ်မလွန်ဘဲ ရောဂါ၏သဘောသဘာဝကိုသာ သိထားရန်လိုသည်။ မိမိသည် လူနာဖြစ်သည်ဟုမခံယူဘဲ စိတ်ဓာတ်ကြံ့ခိုင်စွာဖြင့် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာပါက ရက်ပိုင်းအတွင်း ပျောက်ကင်းသက်သာသွားနိုင်မည် ဖြစ်သည်။

ယနေ့အခြေအနေတွင် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၏ စွမ်းဆောင်မှုများကို ကျေးဇူးတင်တန်ဖိုးထား အသိအမှတ်ပြုရမည်ဖြစ်သည်။ ထို့အတူ လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များကိုလည်း ထပ်မံဖြည့်စွမ်းရမည်ဖြစ်သည်။ လောလောဆယ်တွင် သုဝဏ္ဏဘောလုံးအကယ်ဒမီတွင် ဖွင့်လှစ်ထားသော ယာယီဆေးရုံ၌ မိမိတို့ဆန္ဒအလျောက် တာဝန်ထမ်းဆောင်ရန် စေတနာ့ဝန်ထမ်းများဖိတ်ခေါ်လျက်ရှိသည်။ ကျန်းမာသန်စွမ်းပြီး နိုင်ငံ့တာဝန်ကို တစ်ဖက်တစ်လမ်းမှ ကူညီလိုသော လူငယ်၊ လူရွယ်များကို ပါဝင်ကူညီကြရန် တိုက်တွန်းလိုပါသည်။

ယနေ့ဖြစ်ပွားလျက်ရှိသော ကပ်ရောဂါဆိုးကြီးကို တိုက်ထုတ်ရန်မှာ တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် မဖြစ်နိုင်။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ကူညီဆောင်ရွက်နေသူများ၊ ပြည်သူများအားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင်ကူညီဖြည့်စွမ်းမှုစွမ်းအားဖြင့်သာ တိုက်ထုတ်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများသို့ တိုက်တွန်းအကြံပြုချက်များ

၁။ ရန်ကုန်မြို့တွင် Quarantine ဝင်နေသူလူဦးရေ ၆၀၀၀ ခန့်ရှိပါသည်။ ရခိုင်ပြည်နယ်မှ ပြန်လာသည့် လူဦးရေ ၁၀၀၀ ကို နှစ်ရက်အတွင်း နေရာထိုင်ခင်း ဖန်တီးပေးထားပါသည်။ ယခု Contact များလာသည့်အတွက် လူဦးရေ ၁၀၀၀ ခန့်အတွက် Quarantine Center ခုနစ်ခု အသစ်ဖွင့်လှစ်ပြီး ဆောင်ရွက်ပေးထားပါသည်။ Quarantine Center ဝင်ရောက်သူများအား ရန်ကုန်မြို့ရှိ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများအနေဖြင့် ကူညီရန် လာရောက်ဆက်သွယ်ပေးစေလိုပါသည်။

၂။ ရန်ကုန်မြို့သူ မြို့သားများအနေဖြင့် Contact Tracing ကို ရှာသည့်အခါတွင် ရောဂါပိုးရှိသူနှင့် ထိတွေ့ခဲ့သူ ရပ်ကွက်၌ ရှိနေပြီဆိုပါက စိုးရိမ်ထိတ်လန့်မှုမရှိစေဘဲ Quarantine Center များသို့ မြန်မြန်ဆန်ဆန် ပို့ဆောင်ပေးရန် လိုအပ်ပါသည်။

၃။ Quarantine Center များသို့ ရောက်ရှိသွားပါက သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာနေထိုင်ကြစေရန်နှင့် Quarantine ဝင်ရောက်နေကြသူများအား စားသောက်ဖွယ်ရာများ ပို့ဆောင်ရာတွင် အရက်သေစာနှင့် ဆေးလိပ်တို့ကို ထည့်သွင်းပို့ဆောင်ခြင်းမပြုလုပ်ကြရန် မေတ္တာရပ်ခံလိုပါသည်။

၄။ ရန်ကုန်မြို့သူ မြို့သားများအနေဖြင့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ဝန်ထုပ်ဝန်ပိုးများလည်း များပြားပါသည်။ သို့ဖြစ်၍ Stay Home သတ်မှတ်ကာလ နှစ်ပတ်၊ သုံးပတ်ခန့် အချိန်အတွင်း မိမိတို့နေအိမ်တွင် နေထိုင်ခြင်းဖြင့် စည်းကမ်းများကို တိတိကျကျ လိုက်နာကြရန်၊ မဖြစ်မနေ ပြင်ပသို့သွားရောက်ရပါက Mask များ မဖြစ်မနေတပ်ကြရန်၊ ရန်ကုန်မြို့သည် လူဦးရေများပြားသည့်အတွက် ယခုလို ကူးစက်ပြန့်ပွားမှုမြင့်တက်လာချိန်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများအား အထူးဂရုပြုလိုက်နာကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၂-၉-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၈၀၀ | ၁၀,၀၀၀ | ၁,၃၆၁ | ၁၃,၄၃၈,၉၀၀ |
| MTSH | ၃,၆၅၀ | ၃,၆၅၀ | ၁,၆၅၂ | ၆,၀၀၉,၈၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၁၀ | ၈၁,၀၀၀ |
| FPB | ၂၂,၅၀၀ | ၂၃,၀၀၀ | ၉၄၀ | ၂၁,၂၀၂,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၀၀ | ၁ | ၂,၇၅၀ |
| EFR | ၃,၀၅၀ | ၃,၀၀၀ | ၁၁ | ၃၃,၀၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၂၂

ရန်ကုန်(ရွှေဈေး) ၁၃၁၃၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၃၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၃၅/၅၇၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၂၅/၅၅၅ ကျပ် | ၅၅၅/၅၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၀၀/၆၂၀ ကျပ် | ၆၆၀/၆၇၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၇၅/၅၀၅ ကျပ် | ၅၃၅/၅၅၀ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၃၅/၄၅၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၄၅/၄၆၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၄၅/၄၅၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၁၆.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၄၅.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၃.၉၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁.၉၄၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၈.၂၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၈၉၈ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၄၉.၁၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၅.၂၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၅၈.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃.၁၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ဇင်မေဦး၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်ခိုင်မာဆွေနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

○ ရှေ့ဖုံးမှ

ပါဝင်မိန့်ခွန်းပြောကြားခွင့်ရတဲ့အတွက် ကျွန်တော့်အနေနဲ့ အထူးဂုဏ်ယူဝမ်းမြောက်မိပါတယ်။

ကမ္ဘာတစ်ဝန်း တွေ့ကြုံနေရတဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖြေရှင်းဖို့အတွက် ပိုမိုခိုင်မာအားကောင်းတဲ့ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနဲ့ စုစည်းညီညွတ်မှုတွေ လိုအပ်နေတဲ့ ယခုအချိန်မှာ နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးစနစ် (Multilateralism)ဟာ ပြင်းထန်တဲ့ ဖိအားတွေနဲ့ ရင်ဆိုင်နေရပါတယ်။

ယနေ့ကမ္ဘာကြီးမှာ အင်အားပြိုင်အုပ်စုတွေ ပိုမိုကွဲပြားလာနေပြီး၊ ပထဝီနိုင်ငံရေးနဲ့ စီးပွားရေးတင်းမာမှုတွေလည်း မြင့်တက်လျက်ရှိပါတယ်။ ဒါတွေထက်ပိုပြီး ဆိုးရွားတာကတော့ စီးပွားရေးနဲ့ လူ့အဖွဲ့အစည်းတွေအပေါ် ကြီးမားတဲ့ဖိစီးမှုတွေ ကျရောက်စေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဘေး အကျပ်အတည်းနဲ့ ကျွန်တော်တို့ ရင်ဆိုင်နေကြရတာပဲ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါဟာ အလုပ်အကိုင်နဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆုံးရှုံးမှုတွေ၊ ဆင်းရဲနွမ်းပါးမှုကို ပိုမိုဆိုးရွားစေမှုတွေ၊ ပညာရေးကဏ္ဍမှာ အဟန့်အတားတွေ ဖြစ်ပေါ်စေပြီး၊ အထိအနာဆုံးကတော့ ထိခိုက်အလွယ်ဆုံးသောသူတွေပဲ ဖြစ်ပါတယ်။ ဒီလိုအရေးကြီးတဲ့အချိန်မှာ ကမ္ဘာ့သမိုင်းတစ်လျှောက် ဆိုးကျိုးဂယက်ရိုက်မှုအများဆုံး ဖြစ်နိုင်တဲ့ ဒီကပ်ရောဂါစိန်ခေါ်မှုကြီးကို စုပေါင်းတုံ့ပြန်နိုင်ဖို့အတွက် ပိုမိုခိုင်မာအားကောင်းတဲ့ နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးစနစ်တစ်ရပ်ကို ယခင်ကထက်ပိုပြီး လိုအပ်လျက်ရှိပါတယ်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ကုလသမဂ္ဂ (၇၅)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် အဆင့်မြင့်အစည်းအဝေး၌ ဗီဒီယိုဖြင့် မိန့်ခွန်းပြောကြားစဉ်။

> **"ကုလသမဂ္ဂဟာ မြန်မာနိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံငယ်တွေရဲ့ မျှော်လင့်အားကိုးရာတစ်ခုအဖြစ် ဆက်လက်တည်ရှိနေရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အချုပ်အခြာအာဏာပိုင်အဖွဲ့ဝင်နိုင်ငံတွေရဲ့ လိုအပ်ချက်နဲ့ ဦးစားပေးလုပ်ငန်းတွေကို ပိုမိုအလေးထား တုံ့ပြန်ဆောင်ရွက်ပေးနိုင်တဲ့ ကုလသမဂ္ဂအဖွဲ့ကြီး ဖြစ်လာစေဖို့အတွက် အားသစ်လောင်းပေးကြဖို့ လိုအပ်"**

ယနေ့အချိန်မှာ ကျွန်တော်တို့အနေနဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရလင့်ကစား ကုလသမဂ္ဂအဖွဲ့ကြီးကို ဗဟိုပြုတဲ့ နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးစနစ်ရဲ့ မဆုတ်မနစ် ကြိုးပမ်းမှုတွေဟာ ကမ္ဘာကြီးကို လွန်ခဲ့တဲ့ ၇၅ နှစ်ကထက် ပိုမိုကောင်းမွန်တဲ့ နေရာတစ်ခု ဖြစ်လာစေရေးအတွက် များစွာအထောက်အကူပြုခဲ့တယ်လို့ ပြောရမှာပဲဖြစ်ပါတယ်။ စစ်ပွဲကြီးတွေကို ဟန့်တားနိုင်ခဲ့သလို လူသန်းပေါင်းများစွာကို အလွန်အမင်း ဆင်းရဲနွမ်းပါးမှုနဲ့ ငတ်မွတ်ခေါင်းပါးမှုတို့မှ လွတ်မြောက်စေခဲ့ကာ ယခုအခါ ပျမ်းမျှလူ့သက်တမ်းဟာလည်း ယခင်ကထက် ပိုမိုမြင့်မားလာခဲ့ပါတယ်။ ကုလသမဂ္ဂအဖွဲ့ကြီးကို အစားထိုးနေရာယူနိုင်လောက်တဲ့ အခြားအဖွဲ့အစည်းကို ကျွန်တော်တို့ စဉ်းစားကြည့်လို့ မရနိုင်သေးပါဘူး။

**သဘာပတိကြီး ခင်ဗျား-**

မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီး များမကြာမီမှာ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ (၅၈)နိုင်ငံမြောက် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီး၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းအပေါ် ကျွန်တော်တို့ရဲ့ ယုံကြည်အားထားမှုဟာ ပကတိခိုင်မာခဲ့ပါတယ်။ ကုလသမဂ္ဂအဖွဲ့ကြီးနဲ့ ပူးပေါင်းဆောင်ရွက်မှုဟာလည်း မြန်မာ့နိုင်ငံခြားရေးမူဝါဒရဲ့ အခြေခံအုတ်မြစ်ပဲဖြစ်ပါတယ်။ ကုလသမဂ္ဂ ပဋိညာဉ်ပါ အဖွဲ့ကြီးရဲ့ ရည်မှန်းချက်နဲ့ မူဝါဒတွေကို ဖြည့်ဆည်းဆောင်ရွက်ရာမှာနဲ့ စိတ်ရင်းမှန်စွာ ပူးပေါင်းဆောင်ရွက်ရာမှာ မြန်မာနိုင်ငံဟာ မိမိတို့ရဲ့ တာဝန်ဝတ္တရားတွေကို ဘယ်သောအခါကမျှ ရှောင်လွှဲခြင်းမရှိခဲ့ပါဘူး။ ကုလသမဂ္ဂအဖွဲ့ကြီးကို ကျွန်တော်တို့နိုင်ငံရဲ့ ကြီးမားတဲ့ ဖြည့်ဆည်းပံ့ပိုးမှုတွေထဲက တစ်ခုကတော့ မြန်မာသံတမန်တစ်ဦးဖြစ်တဲ့ ဦးသန့်က ကုလသမဂ္ဂရဲ့ တတိယမြောက် အတွင်းရေးမှူးချုပ်အဖြစ် ဂုဏ်သရေကြီးမြတ်စွာ တာဝန်ထမ်းရွက်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ဦးသန့်ဟာ စစ်အေးကာလအထွတ်အထိပ်မှာ စိုးရိမ်ဖွယ်ရာ ပဋိပက္ခအကျပ်အတည်းတွေကို တားဆီးကျော်လွှားနိုင်ခဲ့ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို ဦးတည်တဲ့ ကုလသမဂ္ဂအဖွဲ့ကြီးဖြစ်စေဖို့ ဦးဆောင်လမ်းပြခဲ့သူပဲ ဖြစ်ပါတယ်။ သူဟာ ငြိမ်းချမ်းရေးကို နှစ်သက်မြတ်နိုးတဲ့ မြန်မာပြည်သူပြည်သားများရဲ့ စစ်မှန်တဲ့ ကိုယ်စားလှယ်တစ်ဦးဖြစ်ခဲ့ပါတယ်။

**သဘာပတိကြီး ခင်ဗျား-**

မြန်မာနိုင်ငံဟာ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်နိုင်ဖို့အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကျွန်တော်တို့ ဦးတည်ကြိုးပမ်းလျက်ရှိရာမှာ မြောက်မြားစွာသော စိန်ခေါ်မှုတွေနဲ့ သိမ်မွေ့ရှုပ်ထွေးတဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုတစ်ရပ်ကို ဖြတ်သန်းနေရတဲ့ နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဒီလိုကြိုးပမ်းအားထုတ်မှုတွေဟာ ပဋိပက္ခနဲ့ ဆက်နွယ်တဲ့ လူ့အခွင့်အရေးပြဿနာရပ်တွေနဲ့ပတ်သက်လို့ များပြားလာတဲ့ ပြင်ပစိန်ခေါ်မှုတွေကြောင့် ပိုမိုခက်ခဲရှုပ်ထွေးလာခဲ့ရပါတယ်။ ဒီလိုသဘောသဘာဝရှိတဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့ တစ်ခုတည်းသော နည်းလမ်းက နိုင်ငံတကာအသိုက်အဝန်းရဲ့ အပြုသဘော ထိတွေ့ချဉ်းကပ်မှုပဲဖြစ်တယ်လို့ ကျွန်တော်တို့အနေနဲ့ အခိုင်အမာ ယုံကြည်ပါတယ်။ ကုလသမဂ္ဂနဲ့ အဖွဲ့ဝင်နိုင်ငံတွေအကြား ပူးပေါင်းဆောင်ရွက်မှုတွေ အောင်မြင်ဖို့အတွက် အဓိကသော့ချက်ဟာ အပြန်အလှန် ယုံကြည်မှုရှိရေးပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP)မှာ ချမှတ်ထားတဲ့ ရည်မှန်းချက်ပန်းတိုင်တွေ အောင်မြင်နိုင်ဖို့ အကူအညီများ ပေးအပ်လျက်ရှိကြတဲ့ ကုလသမဂ္ဂစနစ်အပါအဝင် မိမိတို့ရဲ့ မိတ်ဖက်တွေအားလုံးကို မြန်မာနိုင်ငံအနေနဲ့ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

**သဘာပတိကြီး ခင်ဗျား-**

ကုလသမဂ္ဂဟာ မြန်မာနိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံငယ်တွေရဲ့ မျှော်လင့်အားကိုးရာတစ်ခုအဖြစ် ဆက်လက်တည်ရှိနေရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အချုပ်အခြာအာဏာပိုင်အဖွဲ့ဝင် နိုင်ငံတွေရဲ့ လိုအပ်ချက်နဲ့ ဦးစားပေးလုပ်ငန်းတွေကို ပိုမိုအလေးထား တုံ့ပြန်ဆောင်ရွက်ပေးနိုင်တဲ့ ကုလသမဂ္ဂအဖွဲ့ကြီး ဖြစ်လာစေဖို့အတွက် အားသစ်လောင်းပေးကြဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့ဟာ ကုလသမဂ္ဂအဖွဲ့ကြီးအနေနဲ့ နိုင်ငံငယ်တွေရဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့ ကြိုးပမ်းမှုတွေကို နှောင့်နှေးစေမှု မဖြစ်စေဘဲ ကူညီပံ့ပိုးမှုသာပေးတဲ့ မိတ်ဖက်အဖွဲ့အစည်းအဖြစ်လည်းကောင်း၊ နိုင်ငံငယ်တွေကို အကာအကွယ်ပေးတဲ့ ယုံကြည်အားထားရာ မိတ်ဖက်အဖွဲ့အစည်းအဖြစ်လည်းကောင်း ပေါ်ထွန်းလာတာကို တွေ့မြင်လိုပါတယ်။

> **ကိုဗစ်-၁၉ ရောဂါဟာ အလုပ်အကိုင်နဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆုံးရှုံးမှုတွေ၊ ဆင်းရဲနွမ်းပါးမှုကို ပိုမိုဆိုးရွားစေမှုတွေ၊ ပညာရေးကဏ္ဍမှာ အဟန့်အတားတွေဖြစ်ပေါ်စေပြီး အထိအနာဆုံးကတော့ ထိခိုက်အလွယ်ဆုံးသောသူတွေပဲ ဖြစ်ပါတယ်။ ဒီလိုအရေးကြီးတဲ့အချိန်မှာ ကမ္ဘာ့သမိုင်းတစ်လျှောက် ဆိုးကျိုးဂယက်ရိုက်မှု အများဆုံးဖြစ်နိုင်တဲ့ ဒီကပ်ရောဂါစိန်ခေါ်မှုကြီးကို စုပေါင်းတုံ့ပြန်နိုင်ဖို့အတွက် ပိုမိုခိုင်မာအားကောင်းတဲ့ နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးစနစ်တစ်ရပ်ကို ယခင်ကထက် ပိုပြီးလိုအပ်လျက်ရှိ။**

အဖွဲ့ဝင်နိုင်ငံတွေရဲ့ အရေးကိစ္စပြဿနာတွေကို ၎င်းတို့ကိုယ်တိုင် ဖြေရှင်းနိုင်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ဖို့ ကူညီပံ့ပိုးပေးတဲ့ ကုလသမဂ္ဂအဖွဲ့ကြီး ဖြစ်စေလိုပါတယ်။

ကုလသမဂ္ဂအဖွဲ့ကြီးဟာ နိုင်ငံအားလုံးနဲ့ လူသားတစ်ရပ်လုံးရဲ့ ကောင်းကျိုးအတွက် နိုင်ငံအပေါင်း ထိတွေ့ဆုံစည်းနိုင်တဲ့ နေရာတစ်ခုဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံတွေရဲ့တန်ဖိုးကို ၎င်းတို့ရဲ့ နိုင်ငံရေးအင်အားနဲ့ ရုပ်ဝတ္ထုပစ္စည်းအင်အား အတိုင်းအတာကိုကြည့်ပြီး အဆုံးအဖြတ်ပေးတဲ့ နိုင်ငံစုံဆက်ဆံရေးစနစ်မျိုး မဖြစ်စေဖို့ လိုအပ်တယ်လို့ ကျွန်တော်တို့အနေနဲ့ ယုံကြည်ပါတယ်။

လက်ရှိကြုံတွေ့နေရတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဟာ နောင်လာမယ့် နှစ်တွေမှာ ဆက်လက်တွေ့ကြုံရမယ့် စီးပွားရေးနဲ့ လူမှုရေးဂယက်ရိုက်မှုတွေကို တုံ့ပြန်ဖြေရှင်းနိုင်ဖို့အတွက် ပိုမိုခိုင်မာတဲ့ နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးစနစ် ပေါ်ထွန်းလာရေးနဲ့ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုနဲ့ စုစည်းညီညွတ်မှု ပိုမိုမြှင့်တင်ကြရေးအတွက် နောက်ဆုံးသတိပေး နှိုးဆော်သံပဲဖြစ်ပါတယ်။

ဒါကြောင့် ကုလသမဂ္ဂအဖွဲ့ကြီး တည်ထောင်မှု (၇၅)နှစ်ပြည့်မြောက်တဲ့ ဒီနှစ်ပတ်လည် အခါသမယသမိုင်းဝင် အခွင့်အလမ်းကို အသုံးပြုပြီး ကုလသမဂ္ဂပဋိညာဉ်ရဲ့ အခြေခံမူကြီးတွေကို အဖွဲ့ဝင်နိုင်ငံ အားလုံးက လိုက်နာမှုရှိတဲ့ ပွင့်လင်းမြင်သာမှု၊ စည်းမျဉ်းဥပဒေအပေါ် အခြေခံမှုရှိတဲ့ နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးစနစ်တစ်ရပ်ဖြစ်လာစေရေးအတွက် လည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံအားလုံးရဲ့ သဘောထားတွေကို ညီတူညီမျှ အလေးထားမှု၊ သမာသမတ်ရှိမှုနဲ့ မျှတမှုတွေရှိတဲ့ နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်ရေးစနစ်တစ်ရပ်ဖြစ်လာစေရေးအတွက် လည်းကောင်း၊ ပစ္စုပ္ပန်နဲ့ အနာဂတ်ကာလတွေမှာ ရင်ဆိုင်သွားကြရမယ့် ကြီးမားတဲ့စိန်ခေါ်မှုတွေကို တုံ့ပြန်ကျော်လွှားနိုင်ဖို့အတွက် ထိရောက်တဲ့ နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးစနစ်တစ်ရပ်ဖြစ်လာစေရေးအတွက် လည်းကောင်း အားလုံးအတူတကွ ကြိုးပမ်းသွားကြရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ လိုအပ်တဲ့ ကုလသမဂ္ဂအဖွဲ့ကြီးက ဖော်ဆောင်ပေးတဲ့ သာတူညီမျှမှု ပိုမိုရှိသော နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးစနစ်ကတစ်ဆင့် ကျွန်တော်တို့ လိုလားတဲ့ အနာဂတ်ကို ပုံဖော်ရေးအတွက် အားလုံးအတူတကွ လက်တွဲဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ကျေးဇူးတင်ပါတယ်၊ သဘာပတိကြီးခင်ဗျား။

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဗြိတိန်နိုင်ငံ FCDO ၏ Minister of State for Pacific and the Environment ဖြစ်သူ The Rt. Hon Lord Goldsmith အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၂**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ဗြိတိန်နိုင်ငံ Foreign, Commonwealth and Development Office (FCDO) ၏ Minister of State for Pacific and the Environment ဖြစ်သူ The Rt. Hon Lord Goldsmith နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး Mr. Dan Chugg တို့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက UK aid အစီအစဉ်မှတစ်ဆင့် မြန်မာနိုင်ငံအား အကူအညီများ ပေးအပ်နေခြင်းအတွက် အသိအမှတ်ပြုကြောင်း၊ မြန်မာနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့အကြား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုကဏ္ဍတို့တွင် အောင်မြင်မှုများ ရရှိခဲ့ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးသက်ရောက်မှုများကို ကုစားနိုင်ရေးအတွက် ကိုဗစ်-၁၉ စီးပွားရေး ထိခိုက်မှုသက်သာရေး စီမံချက် (CERP) ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ ကပ်ရောဂါ အလွန်ကာလတွင် ပြည်သူများ၏ လူမှုစီးပွားဘဝ ပြန်လည်ထူထောင်ရာ၌ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိဘဲ ရေရှည်တည်တံ့စေမည့် နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးသည်။

ထို့နောက် The Rt. Hon Lord Goldsmith က နှစ်နိုင်ငံကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်မှုနှင့်အတူ သဘာဝပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ သစ်တောများ ထိန်းသိမ်းရေးနှင့် သစ်တောပြုန်းတီးမှု ကာကွယ်ရေးလုပ်ငန်းများတွင် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍ၌ ဗြိတိန်နိုင်ငံမှ လုပ်ငန်းရှင်များ ပိုမိုရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းကောင်းများနှင့် ကပ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင် ကြုံတွေ့ရလျက်ရှိသည့် အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် ဗြိတိန်နိုင်ငံက ဆက်လက်အကူအညီပေးအပ်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။



ထိုသို့တွေ့ဆုံရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# တရားလွှတ်တော်ရှေ့နေများကောင်စီ၏ ပထမအကြိမ်အစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

တရားလွှတ်တော်ရှေ့နေများကောင်စီ၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**ရွေးကောက်တင်မြှောက်**

အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေ ချုပ် ဦးထွန်းထွန်းဦးက ယနေ့ပြုလုပ်သည့် တရားလွှတ်တော်ရှေ့နေများကောင်စီ၏ ပထမအကြိမ် အစည်းအဝေးသည် ၂၀၁၉ ခုနှစ် ဇွန် ၁၀ ရက်၌ ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ပြဋ္ဌာန်းပေးခဲ့သည့် တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေအရ ပေါ်ပေါက်လာသည့် အစည်းအဝေးဖြစ်ကြောင်း၊ ယင်းအက်ဥပဒေအရ ပြည်ထောင်စုရှေ့နေချုပ်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးနှစ်ဦးနှင့် ဒုတိယရှေ့နေချုပ်တို့က အဖွဲ့ဝင်၊ ရွေးကောက်တင်မြှောက်ခံရသည့် တရားလွှတ်တော်ရှေ့နေ ၁၁ ဦးတို့က ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအဖြစ် ပါဝင်သည့် တရားလွှတ်တော်ရှေ့နေများကောင်စီအသစ်ကို ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းအက်ဥပဒေအရ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂ ရက်တွင် ရွေးကောက်ပွဲပြုလုပ်ပေးနိုင်ခဲ့ကြောင်း၊ တစ်နိုင်ငံလုံးရှိ တရားလွှတ် တော်ရှေ့နေ ၃၃၀၀ ကျော်က ရွေးကောက်ခံ တရားလွှတ်တော်ရှေ့နေ ၁၁၀ ကို ဆန္ဒမဲပေးရွေးချယ်ခဲ့ရာ တရားလွှတ်တော်ရှေ့နေ ၁၁ ဦး ရွေးကောက်တင်မြှောက်ခဲ့ပြီး ဖြစ်ကြောင်း၊ နည်းဥပဒေအရ ရွေးကောက်ပွဲကျင်းပပြီး နှစ်လအတွင်း ပထမအကြိမ် အစည်းအဝေးကျင်းပခြင်း ဖြစ်ပါကြောင်း။



ပထမအကြိမ် အစည်းအဝေးကို မျက်နှာစုံညီ ကျင်းပလိုသော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ရွေးကောက်ခံရသော တရားလွှတ်တော်ရှေ့နေများရှိသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ဗီဒီယိုကွန်ဖရင့် ပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ ရွေးကောက်တင်မြှောက်ခံရသူ တရားလွှတ်တော် ရှေ့နေကောင်စီဝင် ၁၁ ဦးအနက် ဒုတိယဥက္ကဋ္ဌအဖြစ် တရားလွှတ်တော်ရှေ့နေ ဦးမြသိန်းနှင့် အတွင်းရေးမှူးအဖြစ် တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ဇော်တို့ကို ယခုအစည်းအဝေးတွင် ဆန္ဒမဲဖြင့် ရွေးချယ်ခဲ့ကြပြီး ဖြစ်ကြောင်း၊ တရားလွှတ်တော်ရှေ့နေများကောင်စီကို ဥပဒေအရ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားဝင်းအတွင်း အဆောက်အအုံအမှတ်(၆)တွင် ရုံးစိုက်ဖွင့်လှစ်ထားပြီး ရုံးခွဲကို ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်း (အောက်ဘလောက်)တွင် ဖွင့်လှစ်ထားကြောင်း၊ တရားလွှတ်တော် ရှေ့နေများကောင်စီသည် တရားလွှတ်တော်ရှေ့နေဝင်ခွင့် လျှောက်ထားသူများ၏ ကိုယ်ရေးအချက်အလက်များကို စိစစ်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ထောက်ခံအတည်ပြုပေးခြင်းနှင့် တရားလွှတ်တော်ရှေ့နေများ၏ ကျင့်ဝတ်သိက္ခာ ပျက်ပြားမှုများနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်နိုင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သဘောထားတောင်းခံလာသည့်အခါ အစည်းအဝေးတွင် ညှိနှိုင်း၍ သဘောထားပြန်ကြားခြင်းတို့ကို ဆောင်ရွက်ပါကြောင်း။

တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေအရ ဥပဒေပညာသင်ကြားရေး အခွင့်အလမ်းများပေးခြင်း၊ သင်တန်းများ ဖွင့်လှစ်ခြင်းနှင့် စာမေးပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်၍ ယနေ့တိုးတက်ပြောင်းလဲလာသော ဥပဒေနယ်ပယ်သစ်များအတွက် ဘာသာရပ်အလိုက် ကျွမ်းကျင်သည့် တရားလွှတ်တော်ရှေ့နေ (ဥပမာ- လူမွဲခံယူခြင်းဆိုင်ရာ ရှေ့နေ -Bankruptcy Lawyer ၊ အသိဉာဏ်ပစ္စည်းဆိုင်ရာရှေ့နေ - Intellectual Property Lawyer၊ အလုပ်အကိုင်ဆိုင်ရာရှေ့နေ - Employment Lawyer၊ ကုမ္ပဏီနှင့် စီးပွားရေးအဖွဲ့အစည်းများဆိုင်ရာ ရှေ့နေ - Corporate Lawyer ၊ အခွန်ဆိုင်ရာရှေ့နေ - Tax Lawyer၊ အိမ်ထောင်မှုအခွင့်အရေးဆိုင်ရာရှေ့နေ - Family Lawyer)များ ပေါ်ပေါက်လာရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်သင့်ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများတွင် တရားရုံး၊ ဥပဒေရုံး၊ တရားစွဲအဖွဲ့အစည်းများနှင့်အတူ မိမိတို့တာဝန်ရှိသည့်ကဏ္ဍအလိုက် တရားမျှတမှုကို ရှေးရှု၍ ပူးပေါင်းဆောင်ရွက်နိုင်ကြရေးအတွက် လည်းကောင်း၊ တရားလွှတ်တော်ရှေ့နေများ၏ မှန်ကန်သည့် လုပ်ငန်းဆောင်ရွက်မှုများအပေါ် ပိုမိုတာဝန်ခံနိုင်ရန်လည်းကောင်း တရားလွှတ်တော်ရှေ့နေများကောင်စီအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေများ အရည်အသွေး မြင့်မားရေး၊ တရားလွှတ်တော်ရှေ့နေ များ၏ ကျင့်ဝတ်သိက္ခာဆိုင်ရာများ၊ တရားလွှတ်တော်ရှေ့နေ လိုင်စင်ကိစ္စ၊ ရှေ့နေအသင်းမှတ်ပုံတင် စသည်တို့နှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# လွိုင်ကော်ခရိုင်၌ ကျေးရွာသစ်လှုပ်ရှားမှု စံပြကျေးရွာ ရန်ပုံငွေထောက်ပံ့ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၂**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ပူဖားကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာသစ်လှုပ်ရှားမှုစံပြကျေးရွာ ရန်ပုံငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၀ ရက်က ဒီးမော့ဆိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်မှူး ဦးယဉ်ထွန်း၊ ခရိုင်ဦးစီးမှူး ဦးကျော်ကျော်၊ မြို့နယ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာများ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကယားပြည်နယ် စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးယဉ်ထွန်းက ကျေးရွာသစ်လှုပ်ရှားမှုစံပြကျေးရွာ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်း ဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒီးမော့ဆိုမြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က စီမံကိန်း ရန်ပုံငွေကျပ် ၂၆၃ ဒသမ ၄ သိန်းကို လွှဲပြောင်းပေးအပ်ရာ ကျေးရွာကော်မတီဥက္ကဋ္ဌက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလားတူ ယမန်နေ့ နံနက်ပိုင်းတွင် လွိုင်ကော်မြို့နယ် ဒေါတပေါ်ကျေးရွာ ကျေးရွာသစ်လှုပ်ရှားမှုစံပြကျေးရွာအတွက် ရန်ပုံငွေကျပ် ၂၆၃ ဒသမ ၄ သိန်း ကို လွိုင်ကော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသန့်ဇင်ကျော်က ကျေးရွာကော်မတီသို့ လွှဲပြောင်းပေးအပ်ရာ ကျေးရွာကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက လက်ခံရယူခဲ့ကြသည်။

၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ကိုရီးယားသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သော ကျေးရွာသစ် လှုပ်ရှားမှုစီမံကိန်းသည် ကျေးရွာပေါင်း ၁၁၀ ၌ အောင်မြင်စွာ ပြီးမြောက်ခဲ့ပြီးဖြစ်သော်လည်း ကိုယ့်အားကိုယ်ကိုးခြင်း၊ လုံ့လဝီရိယရှိခြင်း၊ စုပေါင်းဆောင်ရွက်ခြင်း စသည့် ကျေးရွာသစ်စိတ်ဓာတ်များကိုအခြေခံသော စိတ်ပိုင်း၊ ရုပ်ပိုင်း ပိုမိုဖွံ့ဖြိုးသည့် ကျေးရွာများတိုးပွားလာစေရေးအတွက် ကျေးရွာသစ်လှုပ်ရှားမှုစံပြ ကျေးရွာများ ထူထောင်ခြင်းလုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယခုစီမံကိန်းအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားရာသီဥတု ပြောင်းလဲမှုဗဟိုဌာန (Korea Climate Change Center-CCC)တို့ ပူးပေါင်းဆောင်ရွက်သည့် စွမ်းအားမြင့် မီးဖိုများဖြန့်ဖြူးခြင်း စီမံကိန်း၏ ရန်ပုံငွေအထောက်အပံ့ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ညီညီသန်း (နေပြည်တော်)**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်ထံ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်က ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၂**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme–UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းခံရသူ Mr. Titon Mitra အား ယနေ့နံနက် ၁၀ နာရီတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် လက်ခံဆွေးနွေးခဲ့သည်။

**ခန့်အပ်လွှာပေးအပ်**

ထိုသို့ တွေ့ဆုံစဉ် Mr. Titon Mitra က ၎င်း၏ ခန့်အပ်လွှာ ပေးအပ်ခြင်းအစီအစဉ်ကို video link မှတစ်ဆင့် ပြုလုပ်ခဲ့သည်။

ယင်းသို့ တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက Mr. Titon Mitra အား UNDP ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ပြီး မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့အကြား ပူးပေါင်းဆောင်ရွက်မှု နောက်ခံဖြစ်စဉ်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ မြန်မာနိုင်ငံဆိုင်ရာ အစီအစဉ် (၂၀၁၈-၂၀၂၂) အရ ငြိမ်းချမ်းရေးနှင့် အုပ်ချုပ်မှုစွမ်းဆောင်ရည်မြှင့်တင်ရေး၊ ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှု၊ တရားဥပဒေစိုးမိုးရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အပါအဝင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်နေမှုနှင့် ရခိုင်ပြည်နယ်၌ ဆောင်ရွက်လျက်ရှိသော စီမံကိန်းများနှင့်စပ်လျဉ်းသည့် တိုးတက်မှုအခြေအနေများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။





**ပူးပေါင်းမြှင့်တင်ရေး ဆွေးနွေး**

ထို့အပြင် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ပြည်သူများ၏ လူမှု-စီးပွားဘဝအပေါ် သက်ရောက်မှုများ လျှော့ချနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြသည့် စေတနာ့ဝန်ထမ်းများ၏ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၂**

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့မွန်းလွဲပိုင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ကူညီကြသည့် စေတနာ့ဝန်ထမ်းများ၏ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးနှင့် အခက်အခဲများ ဖြေရှင်းပေးနိုင်ရေးအတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဗီဒီယိုကွန်ဖရင့်ဖြင့် ညှိနှိုင်းဆွေးနွေးသည်။

**အချိန်မဆိုင်းဘဲ ဆောင်ရွက်ရန်လို**

ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်နိုင်ရန် ဆောင်ရွက်ရာတွင် အဓိကဖြစ်သည့် Quarantine လုပ်ငန်းစဉ်နှင့် Quarantine Center များတွင် ပါဝင်ကူညီဆောင်ရွက်ကြသည့် စေတနာ့ဝန်ထမ်းများကို အသိအမှတ်ပြုခြင်းနှင့် ပံ့ပိုးကူညီခြင်း၊ လက်ရှိကျင့်သုံးဆောင်ရွက်လျက်ရှိသော နည်းဗျူဟာကို စနစ်တကျ အကောင်အထည်ဖော်ရာတွင် ဒေသအလိုက် လိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးပေးခြင်းတို့ကို အချိန်မဆိုင်းဘဲ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ယခု ကိုဗစ်-၁၉ ကပ်ရောဂါသည် ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ကူးစက်မှုများပြားလျက်ရှိပြီး တစ်နိုင်ငံလုံးတွင်လည်း ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ၏ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ဘက်ပေါင်းစုံက အဖြေရှာ၍ မဖြစ်ပွားမီ ကြိုတင်ကာကွယ်ခြင်း၊ ရောဂါကူးစက်ခံရပါက စနစ်တကျ ကုသမှုခံယူနိုင်ရန် သက်ဆိုင်ရာပညာရှင်များ၏ အကြံဉာဏ်များကိုပါ ရယူဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် Quarantine လုပ်ငန်းစဉ်များနှင့် စေတနာ့ဝန်ထမ်း လိုအပ်ချက်များကို ဖော်ထုတ်ပေးရန်ဖြစ်ကြောင်း၊ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့က သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ကြောင်း။



ယမန်နေ့ကလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ စေတနာ့ဝန်ထမ်းများ၊ လူငယ်ရေးရာ ကော်မတီဝင်များ၊ ပရဟိတအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ဒုတိယလှိုင်းသည် ကူးစက်မှု ပိုမိုလျင်မြန်ပြင်းထန်သည့်အတွက် ကျန်းမာရေးအကာအကွယ်ပစ္စည်း တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ လိုအပ်ချက်များ ပိုမိုများပြားလာပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွက် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ အစုံသုံးသောင်း ဝယ်ယူရန် စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း၊ အခြား အသုံးအဆောင်ပစ္စည်းများဖြစ်ကြသည့် ခွဲစိတ်ခန်းသုံးဝတ်စုံ၊ နှာခေါင်းစည်း၊ လက်သန့်ဆေးရည်၊ ခြေအိတ်ရှည်၊ အမှိုက်အိတ် စသည့် လိုအပ်မှုများကိုလည်း သိရှိခဲ့ရပါကြောင်း၊ စေတနာ့ဝန်ထမ်းများအား စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာ အားပေးမှုများကို ဆောင်ရွက်ပေးရန် လိုအပ်နေပြီဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့အတွက်သာမက ကျန်ပြည်နယ်၊ တိုင်းဒေသကြီးအားလုံး၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တာဝန်ရှိသူများနှင့် ဆောင်ရွက်ပေးနိုင်သည့် ကိစ္စများကို ဆွေးနွေးဖော်ထုတ်သွားမည်ဖြစ်ပါကြောင်း၊ လိုအပ်ချက်များ၊ အားနည်းချက်များကို ညှိနှိုင်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များက တက်ရောက်သည့် လူမှုရေးဝန်ကြီးများနှင့် တာဝန်ရှိသူများက မိမိတို့ သက်ဆိုင်ရာဒေသအလိုက် စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်းပြီး Quarantine လုပ်ငန်းစဉ်ဆောင်ရွက်မှု အခြေအနေများ၊ ကျန်းမာရေးအကာအကွယ်ပစ္စည်းနှင့် စက်သုံးဆီလိုအပ်မှုများ၊ စေတနာ့ဝန်ထမ်းများအပါအဝင် Quarantine ဝင်သူများအတွက် စားသောက်စရိတ်လိုအပ်ချက်များ၊ တာဝန်ရှိသူများအနေဖြင့် စေတနာ့ဝန်ထမ်းများအတွက် ကျန်းမာရေးအကာအကွယ်ပစ္စည်းများကို တတ်နိုင်သလောက် ချိတ်ဆက်ထောက်ပံ့ပေးလျက်ရှိသော်လည်း လိုအပ်ချက်များပြားနေသည့်အခြေအနေများနှင့် မြို့နယ်များအလိုက် လိုအပ်ချက်များကို စာရင်းပြုစု၍ တင်ပြတောင်းခံသွားမည့် ကိစ္စများကို ဆွေးနွေးတင်ပြကြသည်။

**စနစ်တကျ ကုသနိုင်ရေး**

ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက လိုအပ်ချက်စာရင်းအချက်လက် စုစည်းပေးပို့ရာတွင် မြို့နယ်များအလိုက် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိသော Community Based Facility Quarantine အရေအတွက်နှင့် စေတနာ့ဝန်ထမ်းဦးရေအလိုက် အသုံးပြုရန်လိုအပ်သော ကျန်းမာရေးအကာအကွယ်ပစ္စည်းများကို အနည်းဆုံးတစ်လစာနှင့် အရန်ထားရှိရန်လိုအပ်မည့် စာရင်းများ ပြုစုပေးရန် ဆွေးနွေးခဲ့ကြပြီး ပြည်တွင်းကူးစက်မှုများပြားခြင်းကို လျှော့ချနိုင်ရန်နှင့် ကူးစက်ခံရသူများကို စနစ်တကျကုသနိုင်ရေးအတွက် လက်တွေ့ဆောင်ရွက်ကြရာတွင် အချိတ်အဆက်မိမိနှင့် အချိန်မဆိုင်းဘဲ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



ကိုဗစ်-၁၉ ရောဂါလူနာများထားရှိရန် ရောဝတီဖောင်ဒေးရှင်းက တည်ဆောက်ထားသည့် ရောဝတီစင်တာ (A) အား တွေ့ရစဉ်။

# ကိုဗစ်-၁၉ လူနာများထားရှိရန် ရောဝတီစင်တာကို ခုတင် ၇၇၀ အထိ ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည်

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဇော်ဝေစိုး၊ ကော်မတီအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမြင့်မြင့်ငြိမ်းနှင့် ရောဝတီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဇော်ဇော်တို့၏ ညှိနှိုင်းမှုဖြင့် ကိုဗစ်-၁၉ လူနာများ ထားရှိရန် ရောဝတီစင်တာကို စုစုပေါင်း ခုတင် ၇၇၀ အထိ ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုးချဲ့ဆောက်လုပ်မည်**

ကိုဗစ်-၁၉ ရောဂါ လူနာများကို လက်ခံ ကုသပေးလျက်ရှိသော ရောဝတီစင်တာကို စင်တာ (A)၊ (B)၊ (C) အဖြစ် တိုးချဲ့ ဆောက်လုပ်သွားမည်ဖြစ်ပြီး ခုတင် ၇၇၀ ဆံ့ ကုသရေးစင်တာအဖြစ် ရောဝတီဖောင်ဒေးရှင်းက ဦးစီးဆောင်ရွက်သွားမည်ဖြစ်သည်။ ကုသရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သော ရောဝတီစင်တာ (A) တွင် ၄၂၅ ခုတင်၊ သုဝဏ္ဏဘောလုံးကွင်းရှိ လက်ရွေးစင် ကစားသမားအဆောင် ရောဝတီစင်တာ (B) တွင် ခုတင် ၂၇၀၊ အရေးပေါ်လူနာများကို အနီးကပ်ကြပ်မတ်ကုသပေးနိုင်မည့် သုဝဏ္ဏအားကစားကွင်းရှိ ရောဝတီစင်တာ (C) (Covid–19 Critical Care Unit) တွင် ၇၅ ခုတင်ပါရှိမည်ဖြစ်ကာ စက်တင်ဘာလကုန်၌ စင်တာ(B) နှင့် (C) တို့တွင် လူနာများလက်ခံနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ရောဝတီစင်တာ (A)၊ (B)၊ (C) တစ်ခုချင်းစီအလိုက် ကျန်းမာရေးနှင့် စေတနာ့ဝန်ထမ်း ၃၅၀ အဆင်ပြေစွာ နေထိုင်နိုင်ရန် အဆောင်နေရာများကို စီမံဆောင်ရွက်ပေးထားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စီမံခန့်ခွဲမှုရုံးကိုလည်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

ထို့ပြင် ရောဝတီဖောင်ဒေးရှင်းသည် တာဝန်ယူဆောင်ရွက်နေသည့် ကျန်းမာရေးနှင့် စေတနာ့ဝန်ထမ်းများအတွက် နေ့စဉ် စားသောက်မှုများကိုလည်း တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။ **သတင်း-ရဲရင့်ရှိုင်း ဓာတ်ပုံ-ကိုမိုး**

# ပထမခေါင်လန်ဖူး၊ ဒုတိယရှိန်းခေါင်နှင့် လန်ဆယ်

ဖုန်ဇီရမ်

**ရှိန်းခေါင်ဒေသဆိုသည်မှာ**

ကျွန်တော်တို့မြို့နယ်အတွင်းမှာ ရှိန်းခေါင်ဆိုတာက သွားရလာရခက်ခဲသော ဒေသထဲမှာပါသည်။ စရိတ်စက တတ်နိုင်သော ပြည်မကလာသူတချို့ကတော့ ကန်ပိုက်တီမှတစ်ဆင့် တရုတ်နိုင်ငံအတွင်းသို့ဝင်ပြီး ကားစီး၍လာကြသည်။ ဈေးတော့ကြီးသည်ပေါ့။ ထို့ကြောင့် ခေါင်လန်ဖူးမြို့လေးမှတစ်ဆင့် သွားမည်ဆိုလျှင် လမ်းနှစ်သွယ် ရှိပါသည်။ ခေါင်လန်ဖူးမှ ဆရမ်ဖာအထိ ၁၅ မိုင်ခန့်ကို တစ်ရက်လမ်းလျှောက်ရမည်။ ဆက်လက်၍ ဆရမ်ဖာမှ ညီဝါးအထိ ၁၂ မိုင်ခန့်ကို တစ်ရက်၊ ညီဝါးမှ လာဂါလော်ကိုလည်း တစ်ရက်ခရီးလမ်းလျှောက်ကြရပြီး လာဂါလော် - ရှိန်းခေါင်ခရီးကိုတော့ ကားဖြင့်သွားနိုင်သည်။ ကားခ ယွမ် ၁၀၀ မြန်မာငွေကျပ် ၂၀၀၀၀ ဖြစ်သည်။ နောက်လမ်းတစ်သွယ်ကမူ ခေါင်လန်ဖူးမှ ဇန်ယော့အထိ ဆိုင်ကယ်လမ်းရှိသည်။ ဈေးကြီး၍ ဆိုင်ကယ်မစီးနိုင်သူများက ဇန်ယော့အထိ နှစ်ညအိပ် သုံးရက်ခန့် လမ်းလျှောက်ကြရပါမည်။ ဇန်ယော့မှ ချီလာဝါဒီသို့ တစ်ရက်၊ ချီလာဝါဒီမှ ရှိန်းခေါင်သို့ နောက်ထပ်တစ်ရက်ခရီး ခြေကျင်လျှောက်လျှင် ရောက်ပါပြီ။ အကုန်အကျနည်းမည် ဖြစ်သော်ငြားလည်း လူပင်ပန်းသော လမ်းခရီးများဖြစ်၏။ ပူတာအိုမှလာသူအချို့ကတော့ ခေါင်လန်ဖူးအထိ သွားမနေတော့ပါ။ ထလားလော်ရွာလေးမှ ဆရမ်ဖာသို့ ဖြတ်ချလိုက်လျှင် ၂၇ မိုင်ခန့် ခရီးတာတိုသွားမည် ဖြစ်သည်။ တောင်အတက်၊ အဆင်း မတ်သောနေရာများ ရှိနေပါသည်။

ရှိန်းခေါင်ကျေးရွာသည် ခေါင်လန်ဖူးမြို့နယ်ထဲက ရွာတစ်ရွာဖြစ်ပြီး တရုတ်နိုင်ငံနယ်စပ်နှင့် နယ်နိမိတ်ချင်းထိစပ်နေပါသည်။ ဆီးနှင်းများဖုံးလွှမ်းပြီး သွားလာရခက်ခဲချိန်မှလွဲ၍ ကျန်အချိန်များတွင် တရုတ်နိုင်ငံဘက်မှ စားကုန်သောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဝင်ရောက်ရာ ဒေသလည်းဖြစ်၏။ နယ်စပ်ရေးရာဝန်ကြီးဌာနက မငွေဇ - ခေါင်လန်ဖူးကားလမ်း ဖောက်လုပ်မပေးမီ အချိန်ကာလများ၌ ခေါင်လန်ဖူးမြို့လေးသည် ပင်လျှင် ရှိန်းခေါင်ဘက်မှလာသော ဆန်နှင့် စားကုန်သောက်ကုန်၊ လူသုံးကုန်များကို အားထားနေရသည်မှာ အမှန်ပင်။ ရှိန်းခေါင်တွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဖွင့်လှစ်ပေးထားသည်။

**ရှိန်းခေါင်နှင့် လန်ဆယ်ဒေသများသို့ ဆန်များ ထောက်ပံ့**

ဆိုခဲ့သည့်အတိုင်း ရှိန်းခေါင်ဒေသနှင့် တရုတ်နယ်စပ်အကြားမှာ ဆီးနှင်းများဖုံးပြီး ဆက်သွယ်ရေးလမ်းကြောင်းပြတ်တောက်သွားချိန်တွင် ဆန်ရှားပါးမှုပြဿနာ အမြဲကြုံနေရသည်။ တရုတ်နိုင်ငံမှာ ကိုဗစ်-၁၉ ကပ်ရောဂါကို ခက်ခက်ခဲခဲထိန်းချုပ်နေရချိန် နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များကို ပိတ်ပစ်လိုက်သောအခါ ရှိန်းခေါင်တွင် ရိက္ခာဆန်မလုံလောက်မှုများ ကြုံတွေ့လာရသည်။ ထိုနည်းတူစွာပင် ခေါင်လန်ဖူးမှ နယ်စပ်မှတ်တိုင် ၃၀ နှင့် ၃၁ တစ်ဝိုက်ရှိ လန်ဆယ်အရှေ့ခြမ်းဒေသများလည်း ရိက္ခာဆန်ပြတ်လပ်မှုများ ဖြစ်ပေါ်လာခဲ့ရသည်။ ထို့ကြောင့် နယ်စပ်ရေးရာဝန်ကြီးဌာနက ကျွန်တော်တို့ ရှိန်းခေါင်ဒေသနှင့် လန်ဆယ်ဒေသအတွက် ဆန်အိတ် ၁၀၀၀ ပေးပို့ထောက်ပံ့ခဲ့ပါသည်။ ဝန်ကြီးဌာနကိုယ်စား ကချင်ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး ဦးကျော်မင်းက ကချင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်ထံ လွှဲပြောင်းပေးခဲ့ပါသည်။ ထို့အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း ဆန်အိတ် ၂၀၁၈ အိတ်ကို ၎င်းဒေသအတွင်း ထောက်ပံ့ဖြန့်ဝေပေးခဲ့သည်။

ရှိန်းခေါင်နှင့် ဇီးထန်ဒေသများအတွင်းရှိ ညီဝမ်ထန်ကျေးရွာအုပ်စု၊ ရနင်ထီကျေးရွာအုပ်စု၊ ဇန်ယော့ကျေးရွာအုပ်စု၊ ချီထုဖန်ကျေးရွာအုပ်စု၊ ရမန်ချီကျေးရွာအုပ်စု၊ ဇီးထန်ကျေးရွာအုပ်စု၊ ဒါလန်ကျေးရွာအုပ်စု၊ လာတားကော်ကျေးရွာအုပ်စုစသည်ဖြင့် ကျေးရွာအုပ်စု ရှစ်အုပ်စုအတွင်းမှ လူဦးရေ ၉၈၈၀ အတွက် ဆန်အိတ် ၈၀၀ ဟူ၍လည်းကောင်း၊ လန်ဆယ်အရှေ့ခြမ်းဒေသများဖြစ်သည့် ထဖုံးကျေးရွာအုပ်စု၊ ရပ်မားကျေးရွာအုပ်စု၊ နမ့်ချိန်ကျေးရွာအုပ်စု၊ ရှီလန်ဒန်းကျေးရွာအုပ်စုအတွင်းမှ လူဦးရေ ၁၈၀၈ ဦးအတွက် ဆန်အိတ် ၂၀၀ ဟူ၍လည်းကောင်း သတ်မှတ်ခွဲဝေပေးပြီးနောက် တပ်မတော်၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရတို့ ပူးပေါင်းစီစဉ်မှုဖြင့် သက်ဆိုင်ရာဒေသများသို့ အရောက်ပို့ဆောင်ထောက်ပံ့ပေးခဲ့သည်။ ပူတာအို-မငွေဇ-ရီဒမ်းကြိုးတံတားထိပ်အထိ ကားများဖြင့်ပို့ပေးသည်။ ထိုနေရာမှ ခေါင်လန်ဖူးသို့လည်းကောင်း၊ ခေါင်လန်ဖူးမှ ရှိန်းခေါင်ဒေသသို့လည်းကောင်း လား၊ မြင်းများဖြင့် ဆက်လက်သယ်ယူကြခြင်းဖြစ်သည်။ လန်ဆယ်ဒေသသို့မူ မြစ်ကြီးနား-ချီဖွေ-ဖီမော်-လန်ဆယ်-တထုံစင်လမ်းကြောင်းအတိုင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရပါသည်။

**ရိက္ခာဆန်ကိစ္စ ကြုံဖူးခဲ့ကြသည်**

ရှေးယခင်ကာလများကတည်းက ကျွန်တော်တို့ ခေါင်လန်ဖူးမြို့နယ်နှင့် နောင်မွန်မြို့နယ်ထဲမှ ပန်နန်းဒင်ဒေသ(မြို့နယ်ခွဲဖြစ်ခဲ့ဖူးပါသည်) တို့တွင် ရာသီဥတုဆိုးရွားသောနှစ်များ၌ စားပင်သီးနှံများ ပျက်စီးခြင်း မျိုး၊ သီးနှံအဖျက်ပိုးများ ကျရောက်လျှင်လည်း ရိတ်သိမ်းချိန်တွင် အထွက်နှုန်း နည်းခြင်းမျိုးများ ဖြစ်ပေါ်လာကာ ရိက္ခာမလုံလောက်မှုများ ဖြစ်ခဲ့ကြုံခဲ့ဖူးပါသည်။ ကျွန်တော်တို့ဒေသ၏ရာသီဥတုကလည်း အခြားဒေသမှ မျိုးပင်မျိုးရင်းများ ယူစိုက်လျှင် အဆင်မပြေပါ။ ကန့်သတ်ချက်များ ရှိနေသည်။ ဒေသမျိုးရင်း မျိုးစေ့များနှင့်သာ ကိုက်ညီသည့် သဘောသဘာဝများ တွေ့ရသည်။ ဘယ်လိုပင်ရှိနေပါစေ ထိုကဲ့သို့ကြုံလာပါလျှင် ရဟတ်ယာဉ်များ ကျွန်တော်တို့ဆီကို ရောက်လာစမြဲဖြစ်သည်။ သူတို့နှင့်အတူ ဆန်များ၊ ဆီများ၊ ပဲများ၊ ခေါက်ဆွဲခြောက်ထုပ်များ ပါလာကြသည်။ မြစ်ကြီးနားမှ ပူတာအိုသို့ လေယာဉ်ဖြင့်လည်းကောင်း၊ သည်ဘက်ခရီးတွေကို ရဟတ်ယာဉ်များဖြင့်လည်းကောင်း သယ်ယူပို့ဆောင်ပေးကြသည်ကို မြင်ဖူးကြုံဖူးခဲ့သည်။

**လမ်းပန်းဆက်သွယ်ရေးအတွက် သတင်းကောင်း**

ကျွန်တော်တို့ ရှိန်းခေါင်နှင့် ဇန်ယော့ဒေသဘက်များတွင် ဆိုင်ကယ်လမ်းနှင့် ကားလမ်းတစ်စိတ်တစ်ပိုင်းရှိနေသည်ဆိုသော်ငြားလည်း အများစုကတော့ ခြေကျင်လျှောက်နေကြရဆဲ ဖြစ်ပါသည်။ ဒေသခံတိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးအပါအဝင် လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေဖို့ဆိုသည်မှာ လမ်းပန်းဆက်သွယ်ရေးက အဓိကကျပါသည်။ နေမကောင်းထိုင်မသာရှိလာပြီဆိုသည်နှင့် ဆေးရုံ၊ ဆေးခန်းများဆီ မြန်မြန်ပြေး၍ပြနိုင်မှ တန်ကာကျသဖြင့် ဒေသတွင်းတွင် လမ်းပန်းဆက်သွယ်ရေးများ ကောင်းဖို့လိုပါသည်။

မကြာသောကာလအတွင်းမှာ ခေါင်လန်ဖူးမြို့လေးရှိရာကို ကားလမ်းမကြီးတစ်သွယ် ရောက်ရှိလို့လာပါတော့မည်။ မငွေဇ - ခေါင်လန်ဖူးကားလမ်းကို နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူ ဖောက်လုပ်နေသည်။ ကျွန်တော်တို့ ဒေသခံတိုင်းရင်းသားများအားလုံးအံ့သြခဲ့ရသည်။ ကျွန်တော်တို့အားလုံး ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့သည့် အိပ်မက်လမ်းကြီး၊ ဆန်းလွတ်ချက် (ပြန်လမ်းမရှိသောတောင်) လို့ ကျွန်တော်တို့ခေါ်နေကြသည့် ကျောက်တောင်ကြီးကို ထိုးခွဲပြီး သည်လမ်းကြီးဆင်းလာသည်။ ရေစီးအလွန်ကြမ်းပါသည်ဆိုသော မေခမြစ်ကိုရအောင် ကျော်ဖြတ်လာသည်။ ကိုင်း... အခု ခေါင်လန်ဖူးမြို့လေးနှင့် လက်တစ်ကမ်းအကွာမှာ သည်ကားလမ်းကြီး ရောက်လာပြီ။ သူဘယ်လို ကြိုးစားရုန်းကန်ပြီး ကျွန်တော်တို့ ဒေသဘက်ကို ခရီးဆက်ခဲ့သလဲ၊ လေ့လာကြည့်ကြရအောင်လား...။

(ဆက်လက်ဖော်ပြပါမည်)



ဆန်းလွတ်ချက်တောင်ထိပ် အမြင့်ပေ ၇၇၀၀ မှ အတက်/အဆင်း နေရာကိုတွေ့ရစဉ်။



ကျောက်ခင်းလမ်း ဆောင်ရွက်ပြီးစီးမှုကိုတွေ့ရစဉ်။

**မကြာသော ကာလအတွင်းမှာ ခေါင်လန်ဖူးမြို့လေး ရှိရာကို ကားလမ်းမကြီး တစ်သွယ် ရောက်ရှိလို့ လာပါတော့မည်။ ကျွန်တော်တို့အားလုံး ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့သည့် အိပ်မက်လမ်းကြီး၊ ဆန်းလွတ်ချက် (ပြန်လမ်းမရှိသော တောင်) လို့ ကျွန်တော်တို့ ခေါ်နေကြသည့် ကျောက်တောင်ကြီးကို ထိုးခွဲပြီး သည်လမ်းကြီး ဆင်းလာသည်။ ရေစီး အလွန်ကြမ်းပါသည် ဆိုသော မေခမြစ်ကိုရအောင် ကျော်ဖြတ်လာသည်။ ကိုင်း... အခု ခေါင်လန်ဖူးမြို့လေးနှင့် လက်တစ်ကမ်း အကွာမှာ သည် ကားလမ်းကြီး ရောက်လာပြီ။**

# ကိုဗစ်-၁၉ ထုတ်ပြန်ချက်နှင့် ကာတွန်း



## ပြည်သူများသို့ အသိပေးခြင်း (၁)
## (၂၀၂၀) ပြည့်နှစ်၊ စက်တင်ဘာလ (၂၂) ရက်

- (၂၀-၉-၂၀၂၀)ရက်နေ့ညတွင် ရန်ကုန်တိုင်းဒေသကြီးအတွက် ထုတ်ပြန်ကြေညာခဲ့သော နေအိမ်တွင်နေထိုင်ရေး (Stay Home) အစီအစဉ်၏ ထိရောက်မှုမှာ အနည်းဆုံး (၂)ပတ်အကြာမှ သိသာထင်ရှားသော အကျိုးရလဒ် ပေါ်ပေါက်လာမည် ဖြစ်ပါသည်။
- ယခုလောလောဆယ်၌ လူနာများသေဆုံးမှု နည်းပါးစေရန် မိမိတို့၏ ဆရာဝန်ကြီးများ၊ သူနာပြုများ၊ နီးနွယ်ဘာသာရပ်အမျိုးမျိုးမှ ကျွမ်းကျင်ဝန်ထမ်းများနှင့် ဆေးရုံအုပ်ကြီးများက ဆေးရုံများ၌ လူနာများအား နေ့မအားညမနား အစွမ်းကုန် ကုသပေးလျက်ရှိပါသည်။
- ထို့အပြင် ကုသရေးပိုင်းဆိုင်ရာ ဝန်ထမ်းများနှင့် ပညာရှင်များ အဆင်ပြေစွာ လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနမှ အထူးပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။
- ဤကပ်ရောဂါသည် မြန်မာနိုင်ငံ၌ မည်သည့်အချိန်၌ ပြီးဆုံးမည်ကို အတိအကျ မပြောနိုင်သော်လည်း ပြည်သူများ ပူးပေါင်းပါဝင်မှုနှင့် စည်းကမ်းလိုက်နာမှုကောင်းလျှင် ကောင်းသလို၊ များလျှင်များသလို ဤကပ်ရောဂါ ကူးစက်ပျံ့နှံ့မှု အရှိန်အဟုန် ကျဆင်းသွားပြီး နိုင်နင်းသောအခြေအနေသို့ အမြန်ဆုံးရောက်ရှိမည်မှာ သေချာပါသည်။
- ယခုအချိန်၌ အထိရောက်ဆုံးနှင့် ငွေကုန်ကြေးကျမရှိဆုံး နည်းဗျူဟာမှာ ပြည်သူများ မိမိအိမ်တွင်သာ နေထိုင်ပြီး မဖြစ်မနေကိစ္စရပ်များအတွက် ပြင်ပသို့ ထွက်ရသည့်အခါ ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်ခြင်းပင် ဖြစ်ပါသည်။
- ဤကပ်ရောဂါ ထပ်မံပျံ့နှံ့ကူးစက်မှုကို အနည်းဆုံးဖြစ်စေရန် မိမိတို့၏ ပြည်သူ့ကျန်းမာရေးပညာရှင်များက လုပ်သင့်လုပ်ထိုက်သည်များအားလုံးကို ဆောင်ရွက်နေသည့်အပြင် ကပ်ရောဂါဗေဒ သဘောသဘာဝအရ ပြောင်းလဲနေသည့်ဖြစ်စဉ်ပေါ်မူတည်၍ မိမိတို့သည် နည်းဗျူဟာများကို လိုအပ်လျှင် လိုအပ်သလို ပြောင်းလဲကျင့်သုံးလျက်ရှိပါသည်။
- ယခုအချိန်၌ မိမိတို့သည် လူအများစုဝေးရာ နေရာများဖြစ်သည့် ဈေးများမှတစ်ဆင့် ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးနှင့် စက်ရုံအလုပ်ရုံများ၌ ကူးစက်ပျံ့နှံ့မှု မဖြစ်ပေါ်စေရေးတို့ကို အားဖြည့် ဆောင်ရွက်လျက်ရှိပါသည်။
- ယခုအချိန်၌ အဓိက ဆောင်ရွက်နေသည့် အချက် (၃)ချက်မှာ –

(က) ဆေးရုံများ၌ ကျန်းမာရေးဝန်ထမ်းများအား ရောဂါကူးစက်မှု မဖြစ်စေရေးနှင့် လူနာများ အသက်သေဆုံးမှု မရှိစေရေး၊

(ခ) အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုသည့်နေရာ၊ အဆောက်အဦ (Quarantine Center) များ ပိုမိုရရှိရေးနှင့် စနစ်တကျ ပီပြင်စွာ စီမံခန့်ခွဲမှု ရရှိနိုင်ရေး၊

(ဂ) ဓာတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့ဆက်စပ်မှုရှိခဲ့သူများကို စုံစမ်း၊ ဖော်ထုတ် ရှာဖွေကာ (Contact Tracing) ဓာတ်ခွဲစစ်ဆေးပြီး လိုအပ်သလို ဆက်လက်ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၅၉၃ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၆၇၄၃ ဦး ရှိသွားပြီ

နေပြည်တော် စက်တင်ဘာ ၂၂

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၅၉၃ ဦးထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၆၇၄၃ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၆၇၄၃ ဦးအနက် သေဆုံးသူ ၁၁၅ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၁၉၅၁ ဦးနှင့် စက်တင်ဘာ ၂၁ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၂၂ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၃၇၂ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၂၂၄၃၈၃ | ၆၇၄၃ |
| **ရောဂါပိုးကင်းစင်သွားသူ** | **သေဆုံးသူ** |
| ၁၉၅၁ | ၁၁၅ |

စောင့်ကြည့်လူနာ စုစုပေါင်း – [illegible]

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၁၉၅၁ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

- ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၂–၉–၂၀၂၀ ရက် ည(၈)နာရီ

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၀၄၆၄၄၄ | ၄၃၀၀၇၃၁ | ၂၀၄၅၁၅ |
| ၂။ | အိန္ဒိယ | ၅၅၆၈၇၄၀ | ၄၄၉၈၅၂၀ | ၈၈၉၈၂ |
| ၃။ | ဘရာဇီး | ၄၅၆၀၀၈၃ | ၃၈၈၇၁၉၉ | ၁၃၇၃၅၀ |
| ၄။ | ရုရှား | ၁၁၁၅၈၁၀ | ၉၁၇၉၄၉ | ၁၉၆၄၉ |
| ၅။ | ပီရူး | ၇၇၂၈၉၆ | ၆၂၂၄၁၈ | ၃၁၄၇၄ |
| ၆။ | ကိုလံဘီယာ | ၇၇၀၄၃၅ | ၆၄၀၉၀၀ | ၂၄၃၉၇ |
| ၇။ | မက္ကဆီကို | ၇၀၀၅၈၀ | ၅၀၂၉၈၂ | ၇၃၆၉၇ |
| ၈။ | စပိန် | ၆၇၁၄၆၈ | စိစစ်ဆဲ | ၃၀၆၆၃ |
| ၉။ | တောင်အာဖရိက | ၆၆၁၉၃၆ | ၅၉၁၂၀၈ | ၁၅၉၈၂ |
| ၁၀။ | အာဂျင်တီးနား | ၆၄၀၁၄၇ | ၅၀၈၅၆၃ | ၁၃၄၈၂ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၂၉၁၇၈၉ | ၂၃၀၆၄၃ | ၅၀၄၉ |
| ၂။ | အင်ဒိုနီးရှား | ၂၅၂၉၂၃ | ၁၈၄၂၉၈ | ၉၈၃၇ |
| ၃။ | စင်ကာပူ | ၅၇၆၂၇ | ၅၇၄၂၀ | ၂၇ |
| ၄။ | မလေးရှား | ၁၀၃၅၈ | ၉၅၆၃ | ၁၃၀ |
| ၅။ | မြန်မာ | ၆၇၄၃ | ၁၉၅၁ | ၁၁၅ |
| ၆။ | ထိုင်း | ၃၅၁၁ | ၃၃၆၃ | ၅၉ |
| ၇။ | ဗီယက်နမ် | ၁၀၆၈ | ၉၄၇ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၇၅ | ၂၇၄ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၅ | ၁၄၂ | ၃ |
| ၁၀။ | လာအို | ၂၃ | ၂၂ | ၀ |



# မိမိနေအိမ်တွင်သာနေထိုင်ရန်စည်းကမ်းချက်မှ ခြွင်းချက်ဖြင့် ခွင့်ပြုသူဝန်ထမ်းများ ဖြည့်စွက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**အမိန့်အမှတ် ၁၀၈ /၂၀၂၀**

၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်

(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၂ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ဓာတ်ခွဲအတည်ပြုလူနာများ ထပ်မံတွေ့ရှိရမှု၊ ခရီးသွားရာဇဝင်မရှိသည့်အပြင် ဓာတ်ခွဲအတည်ပြုလူနာများနှင့်လည်း ထိတွေ့ခြင်းမရှိခဲ့သည့် လူနာများတွေ့ရှိရမှု အချိန်တိုကာလအတွင်း များပြားလာသဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး (ကိုကိုးကျွန်းမြို့နယ်မပါ)တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး(Stay At Home)အစီအစဉ်တွင် အကျုံးဝင်ကြောင်းနှင့် လိုက်နာရမည့်စည်းကမ်းချက်များကို ၂၀-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၀၇/ ၂၀၂၀ ဖြင့် ကြေညာခဲ့ပါသည်။

၂။ အဆိုပါအမိန့်၏ အပိုဒ် ၃ အပိုဒ်ခွဲ (က)ပါ မိမိနေအိမ်တွင်သာနေထိုင်ရန် စည်းကမ်းချက်မှ ခြွင်းချက်ဖြင့် ခွင့်ပြုသူများတွင် အောက်ပါလုပ်ငန်းများမှ ဝန်ထမ်းများကို ဖြည့်စွက်လိုက်သည် –

(က) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်းထုတ်လုပ်သည့် စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့်လုပ်ငန်းများ၌ မဖြစ်မနေတာဝန်ထမ်းဆောင်သူများ၊

(ခ) Relief Flight များ၊ Cargo Flight များနှင့် အထူးစင်းလုံးငှားလေယာဉ်ခရီးစဉ်များအတွက် ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများဖြစ်သော လေကြောင်းလိုင်းများ/အထွေထွေလေကြောင်းပို့ဆောင်ရေး လုပ်ငန်းများ၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ၊ လေယာဉ်ဆီဖြည့်တင်းရေးလုပ်ငန်း၊ လေကြောင်းဖြင့် ကုန်စည်တင်သွင်း/တင်ပို့ခြင်းလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ လေယာဉ်တင် အစားအသောက် ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းမှ ဝန်ထမ်းများ၊

(ဂ) ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတွင် နိုင်ငံတကာမှ ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိကဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း(Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/သွင်းကုန်သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်း ကုန်သေတ္တာစခန်းများ (Inland Container Depot) နှင့် ကုန်းတွင်းဆိပ်များ (Dry Port)မှ ဝန်ထမ်းများ၊

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာပြုပြင်ခြင်းဝန်ဆောင်မှု လုပ်ငန်းမှ ဝန်ထမ်းများ။

(ဒေါက်တာမြင့်ထွေး)
ပြည်ထောင်စုဝန်ကြီး

# ကိုဗစ်ရောဂါ ကာကွယ်ရေးကို တစ်ဦးတစ်ယောက်မှ ဖောက်ဖျက်လို့ မဖြစ်ပါဘူး၊ တစ်ဦးတစ်ယောက် ဖောက်ဖျက်လိုက်တာနဲ့ ဒီရောဂါကူးစက်မှုကွင်းဆက်က ကျိုးပေါက်သွားမှာ ဖြစ်ပါတယ် . . .

**ပါမောက္ခ ဒေါက်တာဇော်ဝေစိုး**

**ထက်လျှံ**

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီး ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးနှင့် မြန်မာ့ရုပ်မြင်သံကြားမှသတင်းအဖွဲ့က စက်တင်ဘာ ၂၁ ရက်တွင် ဆက်သွယ်မေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်–**

**ပါမောက္ခ ဒေါက်တာဇော်ဝေစိုး [ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်)]**

ရန်ကုန်တိုင်းဒေသကြီးမှာ Positive လူနာတွေ့ရှိမှုအနေနဲ့ ၅၀၀ ပတ်ဝန်းကျင်မှာ ရှိနေတုန်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ယခင်က လူနာ ၃၀၀ / ၄၀၀ အတွက် ပြင်ဆင်တာကနေ ယခု လူနာ ၅၀၀/ ၆၀၀ အတွက် ပြင်ဆင်လာရပါတယ်။

ဒါကြောင့် စက်တင်ဘာ ၂၀ ရက်မှာ နိုင်ငံတော်က Stay At Home ကြေညာပြီး လိုက်နာဆောင်ရွက်ရမယ့်အချက်တွေကို ထုတ်ပြန်ခဲ့ပါတယ်။ ဒီလိုထုတ်ပြန်ရခြင်းက ကိုဗစ်ရောဂါကူးစက်မှုကို ထိန်းချုပ်ဖို့ လိုအပ်တဲ့အတွက် ဖြစ်ပါတယ်။ ဒီရောဂါမျိုးက ကူးစက်မှုကို ထိန်းချုပ်နိုင်မှသာ တစ်ဖက်က ကုသမှုနဲ့စောင့်ရှောက်မှုအပိုင်းတွေဟာ ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ဖို့အတွက် အဆင့်နောက်တစ်ဆင့်တက်တဲ့အနေနဲ့ ဒီကြေညာချက်ကို ထုတ်ပြန်ရခြင်းဖြစ်ပါတယ်။

နောက်တစ်ဖက်က ကူးစက်မှုကိုထိန်းချုပ်ဖို့ ကြိုးစားတဲ့အနေနဲ့ ဆေးတက္ကသိုလ်တွေက ဆရာ ၄၀ နဲ့ ဘွဲ့လွန်/ ဘွဲ့ကြို ကျောင်းသား ၂၀၀ ပါဝင်တဲ့ Contact Tracing လုပ်ငန်းတွေမှာ အားဖြည့်ဆောင်ရွက်ဖို့အတွက် လွှဲကျင့်ပေးခဲ့ပါတယ်။ ယခုလုပ်ငန်းတွေ စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒီ Contact Tracing လုပ်ငန်းက အဓိကကျပါတယ်။ Contact Tracing ကနေပြီး ကူးစက်မှုကွင်းဆက်ကို ဖြတ်နိုင်မှသာလျှင် ကျွန်တော်တို့ရဲ့ ကိုဗစ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းက အောင်မြင်မှာ ဖြစ်ပါတယ်။

အလားတူ ယမန်နေ့က ကွန်ပျူတာတက္ကသိုလ်တွေနဲ့ စက်မှုတက္ကသိုလ်တွေက ပါမောက္ခချုပ်များနဲ့ ဒီကပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တို့ ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ကိုဗစ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသတဲ့နေရာမှာ ဒေတာ (Data)နဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ဖို့အတွက် Zoom Meeting နဲ့ ဆွေးနွေးခဲ့ပါတယ်။ ဒီလုပ်ငန်းမှာ တက္ကသိုလ်အသီးသီးကတက်ကြွစွာ ပူးပေါင်းဆောင်ရွက်ဖို့ ဆန္ဒရှိတာကို သိရတဲ့အတွက် အထူးဝမ်းသာပါတယ်။ အားလည်းရပါတယ်။ ကျွန်တော်တို့ရဲ့ ညီအစ်ကိုမောင်နှမတက္ကသိုလ်တွေကိုလည်း ဒီကနေ တစ်ဆင့် ဖိတ်ခေါ်ပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။

ကျွန်တော်တို့ကို ကူညီအားဖြည့်တဲ့အနေနဲ့ ကျန်းမာရေးဝန်ကြီး(ငြိမ်း) ပါမောက္ခဒေါက်တာကျော်မြင့် ဦးဆောင်တဲ့ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြုအဖွဲ့က အဖွဲ့ဝင် ခုနစ်ဦးနဲ့အတူ ဝိုင်းဝန်းပြီး ဆေးဘက်နည်းပညာပိုင်းဆိုင်ရာများကို ကူညီပံ့ပိုးပေးကြမှာ ဖြစ်ပါတယ်။ ဒီလို ဆရာဝန်ကြီးတွေက ဦးဆောင်လမ်းညွှန်မှုတွေ၊ အကြံဉာဏ်တွေပေးမယ်ဆိုတဲ့အတွက် ကျွန်တော်တို့ အထူးဝမ်းသာပါတယ်။ အားလည်းရှိလာပါတယ်။ ဒီလိုမျိုးအတွေ့အကြုံရှိ ဆရာကြီးတွေက သူတို့ရဲ့ အတွေ့အကြုံတွေကို မျှဝေပေးခြင်းနဲ့ အကြံဉာဏ်ပေးမှုတွေ၊ အားပေးမှုတွေက ကျွန်တော်တို့ရဲ့ ကိုဗစ် – ၁၉ ကာကွယ်၊ ကုသရေးအပိုင်းမှာ ပါဝင်လာမှာဖြစ်တဲ့အတွက် အင်အားပိုပြီးကောင်းလာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကိုဗစ်ရောဂါကို အောင်နိုင်မယ့်လမ်းစတွေ ပိုမိုရရှိလာပြီလို့ မြင်ပါတယ်။ ဆရာကြီးတွေအနေနဲ့ မိမိတို့ရဲ့ အသက်အရွယ်ကြီးရင့်မှုကို အလေးမထားဘဲ ယခုလို အချိန်ပေးပြီး ပူးပေါင်းပါဝင် ကူညီဆောင်ရွက်တာကို ကျွန်တော်တို့အနေနဲ့ လေးစားဂုဏ်ယူပါတယ်။ ဂါရဝလည်း ပြုပါတယ်။ အထူးကျေးဇူးတင်ကြောင်းကိုလည်း ကျွန်တော် ဒီကနေတစ်ဆင့် ပြောကြားလိုပါတယ်။

ဒီနေ့ အခြေအနေအရ ကျွန်တော်တို့ လက်ထဲမှာ လူနာတင်နိုင်တဲ့ အနေအထားက ခုတင်ပေါင်း ၂၅၀၀ ရှိနေပြီဖြစ်ပါတယ်။ ဒါပေမယ့် တစ်နေ့ကို လူနာ ၄၀၀ ကျော် / ၅၀၀ ရှိနေတဲ့နှုန်းနဲ့ ကျွန်တော်တို့ ဆက်လက်ပြီး လူနာတွေကို ပြုစုကုသစောင့်ရှောက်ဖို့အတွက် ခုတင်နဲ့ နေရာတွေ လိုအပ်ဦးမှာ ဖြစ်ပါတယ်။ ဒါကို ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ ယခင် ကျွန်တော်တင်ပြထားခဲ့သလို အောင်မြင့်မိုရ်အိမ်ရာနဲ့ ရိုးမအိမ်ရာတွေမှာ ပြင်ဆင်ထားတာတွေကို ယနေ့ သွားကြည့်ပါတယ်။ ရိုးမအိမ်ရာက နောက်ထပ်ရရှိတဲ့ ခုတင် ၅၇၆ ခုတင်အနက် ဒီနေ့မှာ လူနာထားရှိနိုင်မယ့် ခုတင် ၂၈၈ ခုတင်ကို ပြင်ဆင်ပြီးဖြစ်တာကို တွေ့ရှိရပါတယ်။ မနက်ဖြန်မှာ နောက်ထပ် ၂၈၈ ခုတင်ပြီးစီးမှာ ဖြစ်တဲ့အတွက် ရိုးမအနေအထားက ခုတင် ၁၀၈၀ ဆံ့တဲ့ ဆေးရုံအဖြစ်ပြောင်းလဲဖို့ အဆင်သင့်ဖြစ်နေပြီလို့ ပြောလို့ရပါတယ်။

အလားတူ ဒီနေ့ အောင်မြင့်မိုရ်အိမ်ရာကို သွားကြည့်ခဲ့ပါတယ်။ အောင်မြင့်မိုရ်အိမ်ရာမှာ လူနာ ၁၄၄ ဦးဆံ့တဲ့ အဆောင် နှစ်ဆောင် အဆင်သင့်ဖြစ်နေတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ စက်တင်ဘာ ၂၃ ရက်မှာ အောင်မြင့်မိုရ်အိမ်ရာအနေနဲ့ လူနာတွေကို စတင်လက်ခံပြီး ပြုစုစောင့်ရှောက်နိုင်ဖို့ အဆင်သင့်ဖြစ်မှာ ဖြစ်ပါတယ်။ ဒါတွေအားလုံး တစ်ပြိုင်နက်တည်းပြီးစီးသွားရင် အောင်မြင့်မိုရ်အိမ်ရာအနေနဲ့ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်မှာ ခုတင် ၁၅၀၀ ဆံ့ ကိုဗစ်ကုသရေးစင်တာတစ်ခုအနေနဲ့ ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ဒီအတွက် လူအင်အားနဲ့ ပစ္စည်းအင်အားကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဦးဆောင်ပံ့ပိုးပေးသွားဖို့အတွက် စီစဉ်ထားပြီးဖြစ်ပါတယ်။ မနက်ဖြန်ကနေစပြီး ဒီနေရာကို ကြိုတင်ပြီး ကျန်းမာရေးပြုစုစောင့်ရှောက်မှုတွေအတွက် ပြင်ဆင်သွားမယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ဒီနေရာကနေ သတင်းစကားပါးအပ်ပါတယ်။

ဒီလို အစစအရာရာ ပြည့်စုံအောင် ဦးဆောင်ဦးရွက်ပြုပြီး ပြင်ဆင်ပေးတဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကို အထူးကျေးဇူးတင်ပါတယ်။ ယခု ကျွန်တော်တို့ လက်ထဲမှာ ခုတင် ၄၀၀၀ ကျော်/ ၅၀၀၀ ရှိပြီး လူနာတွေကို ပြုစုကုသနိုင်တဲ့ အနေအထားဖြစ်တဲ့အတွက် ရန်ကုန်အနေနဲ့ ကိုဗစ် – ၁၉ ကို ခုခံကာကွယ်တဲ့နေရာမှာ ဒါတွေက ခံတပ်တွေအနေနဲ့ ရှိနေမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ရှေ့တန်းတွေအနေနဲ့ Community Based Facility Quarantine တွေ၊ Contact Tracing တွေ၊ ပြည်သူ့ကျန်းမာရေးဘက်ကနေပြီး ကာကွယ်စောင့်ရှောက်မှုတွေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောက်တန်းအနေနဲ့ ဆေးရုံတွေနဲ့ ခုခံကာကွယ်ကြမှာ ဖြစ်ပါတယ်။ ဒီနည်းနဲ့ ရန်ကုန်ရဲ့ ကိုဗစ်တိုက်ပွဲကို အောင်နိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ကြောင်း ဒီကနေတစ်ဆင့် ပြောကြားလိုပါတယ်။

> **ကျွန်တော်တို့ လက်ထဲမှာ ခုတင် ၄၀၀၀ ကျော်/ ၅၀၀၀ ရှိပြီး လူနာတွေကို ပြုစုကုသနိုင်တဲ့ အနေအထားဖြစ်တဲ့အတွက် ရန်ကုန်အနေနဲ့ ကိုဗစ်-၁၉ ကို ခုခံကာကွယ်တဲ့နေရာမှာ ဒါတွေက ခံတပ်တွေအနေနဲ့ ရှိနေမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ရှေ့တန်းတွေအနေနဲ့ Community Based Facility Quarantine တွေ၊ Contact Tracing တွေ၊ ပြည်သူ့ကျန်းမာရေးဘက်ကနေပြီး ကာကွယ်စောင့်ရှောက်မှုတွေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောက်တန်းအနေနဲ့ ဆေးရုံတွေနဲ့ ခုခံကာကွယ်ကြမှာ ဖြစ်ပါတယ်။ ဒီနည်းနဲ့ ရန်ကုန်ရဲ့ ကိုဗစ်တိုက်ပွဲကို အောင်နိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည် . . .**

ဒီလိုအောင်နိုင်ဖို့အတွက် အဓိကက ပြည်သူလူထုပါ။ ရောဂါကာကွယ်ရေးက အဓိက ဖြစ်ပါတယ်။ ရောဂါကာကွယ်နိုင်ခြင်းရှိမှသာလျှင် ရောဂါဖြစ်တဲ့သူတွေ လျော့ပါးသွားမှာ ဖြစ်ပါတယ်။ ရောဂါကူးစက်ခံရမှုက လျော့ပါးသွားမှာ ဖြစ်ပါတယ်။ ရောဂါကူးစက်ခံရတဲ့သူတွေ လျော့ပါးသွားမှသာလျှင် ကျွန်တော်တို့ ပြုစုစောင့်ရှောက်တဲ့နေရာမှာ ပိုမိုပြီးပြည့်စုံစွာနဲ့ ပြုစုစောင့်ရှောက်နိုင်မှာ ဖြစ်ပါတယ်။ ဒီလို ပြုစုစောင့်ရှောက်နိုင်မှ အောင်အောင်မြင်မြင် ကုသနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ရောဂါကာကွယ်ရေးက အဓိကကျပါတယ်။ ဒီရောဂါကာကွယ်ရေးမှာလည်း ပြည်သူလူထုသာလျှင် အဓိကဖြစ်ပါတယ်။ တစ်ဦး၊ တစ်ယောက်ချင်းစီက ကိုယ့်ကိုယ်ကိုယ်ကာကွယ်စောင့်ရှောက်ဖို့လိုပါတယ်။ သူများကို မကူးအောင်ကာကွယ်ဖို့လိုပါတယ်။ တစ်ဦးတစ်ယောက်ချင်းစီမှ တစ်မိသားစုချင်းစီ၊ တစ်မိသားစုချင်းစီမှ တစ်လမ်းချင်းစီ၊ တစ်ရပ်ကွက်ချင်းစီ၊ တစ်မြို့ချင်းစီနဲ့ ရန်ကုန်တိုင်းဒေသကြီး တစ်ခုလုံးကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

ကိုဗစ်ရောဂါ ကာကွယ်ရေးကို တစ်ဦးတစ်ယောက်မှ ဖောက်ဖျက်လို့ မဖြစ်ပါဘူး။ တစ်ဦးတစ်ယောက် ဖောက်ဖျက်လိုက်တာနဲ့ ဒီရောဂါကူးစက်မှုကွင်းဆက်က ကျိုးပေါက်သွားမှာ ဖြစ်ပါ တယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံး ဒီနေရာမှာ တစ်ဦးတစ်ယောက်မကျန် ရောဂါကာကွယ်ရေးဆိုင်ရာ စည်းကမ်းတွေကို လိုက်နာဆောင်ရွက်ဖို့အတွက် အထူးအရေးကြီးပါတယ်။ ဒီဟာကို နှစ်ပတ်အတွင်းမှာ အသေအချာ သည်းခံခွင့်လွှတ်လိုက်နာဖို့ သိပ်ပြီး အရေးကြီးပါတယ်။ လိုက်နာကြပါလို့လည်း ကျွန်တော့်အနေနဲ့ တိုက်တွန်းပါတယ်။

အလားတူ Positive လူနာတွေအနေနဲ့ ပြုစုကုသပေးနေတဲ့ ဆေးရုံတွေမှာ လာရောက်ကုသမှုခံယူစဉ် မပြည့်စုံမှုတွေရှိနေရင် သည်းခံခွင့်လွှတ်ပြီး လာရောက်ကုသမှုခံယူခြင်းသာလျှင် ရန်ကုန်ကို ကိုဗစ်ရောဂါကူးစက်မှုကနေ ဖြတ်တောက်နိုင်ရေးအတွက် အရေးကြီးကြောင်း ဒီနေရာကနေတစ်ဆင့် ထပ်မံပြောကြားလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# Tik Tok နှင့် Oracle၊ Walmart တို့ ပူးပေါင်းမှုကို တရုတ်အစိုးရအတည်ပြုဖွယ်မရှိ





**ရှန်ဟိုင်း စက်တင်ဘာ ၂၂**
တရုတ်အစိုးရအနေဖြင့် Tik Tok နှင့် Oracle၊ Walmart တို့ပူးပေါင်းမှုကို တရုတ်နိုင်ငံ၏အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံတော်သိက္ခာပိုင်း ထိပါးသည်ဟု ယူဆသောကြောင့် အတည်ပြုဖွယ်မရှိကြောင်း တရုတ်သတင်းစာ ဂလိုဘယ်တိုင်းမ်စ်က ဖော်ပြသည်။ ယခုဖော်ပြချက်သည် တရုတ်အစိုးရ၏ သဘောထားကို တိုက်ရိုက်ဖော်ပြခြင်းမဟုတ်သော်လည်း ဂလိုဘယ်တိုင်းမ်သည် တရုတ်အစိုးရကျောထောက်နောက်ခံပြုထားသည့် မီဒီယာလုပ်ငန်း ဖြစ်သည်။

ပူးပေါင်းမှုအရ Tik Tok Tik Global ဟု အမည်ပြောင်းလဲသွားမည်ဖြစ်ပြီး အဆိုပါရှယ်ယာ၏ ၈၀ ရာခိုင်နှုန်းကို တရုတ်ကုမ္ပဏီ Byte Dance ကသာ ပိုင်ဆိုင်မည်ဖြစ်သော်လည်း အမေရိကန်အခြေစိုက်လုပ်ငန်းများသို့ ပြန်လည်ခွဲဝေရောင်းချရမည်ဖြစ်သလို ဘုတ်အဖွဲ့ဝင် ငါးဦးတွင် လေးဦးမှာ အမေရိကန်လူမျိုးများသာ ခန့်အပ်ရမည်ဖြစ်သည်။ လက်ရှိအမေရိကန်၌ လည်ပတ်နေသည့် Tik Tok ကုမ္ပဏီဘုတ်အဖွဲ့ဝင် ငါးဦးတွင် နှစ်ဦးမှာ တရုတ်လူမျိုးဖြစ်ပြီး ကျန်သုံးဦးမှာ အခြားနိုင်ငံခြားသားများဖြစ်သည်။

ဂလိုဘယ်တိုင်းမ်သတင်းဌာနက Tik Tok ကို အမေရိကန်ထိန်းချုပ်မှုမှာ စံပြမော်ဒယ်တစ်ခုဖြစ်လာသည်ဆိုပါက ကျန်တရုတ်ကုမ္ပဏီများလည်း ယခုလို အလားတူအခြေအနေမျိုး ဆက်လက်ကြုံတွေ့နိုင်မည်ဖြစ်ပြီး ရေရှည်တွင် အမေရိကန်အကျိုးစီးပွားအတွက် လုပ်ဆောင်ပေးခြင်းသက်သက်သာဖြစ်မည်ဟု ဝေဖန်ရေးသားထားသည်။

အမေရိကန်သမ္မတထရမ့်က ဆိုက်ဘာလုံခြုံရေးအကြောင်းပြချက်ဖြင့် အမေရိကန်တွင် လည်ပတ်နေသည့် Tik Tok ကို အမေရိကန်ပိုင် လုပ်ငန်းများသို့ ရောင်းချရန်တွန်းအားပေးခဲ့ပြီး ထိုသို့မလိုက်နာပါက ပိတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ သို့ရာတွင် စက်တင်ဘာ ၂၀ ရက်ကပင် Tik Tok နှင့် Oracle၊ Walmart တို့ ပူးပေါင်းမည်ဖြစ်ပြီး အမေရိကန်တွင် အဆိုပါလုပ်ငန်း ဆက်လက်လည်ပတ်ခွင့်ရရှိပြီဖြစ်ကြောင်း သမ္မတထရမ့်ကိုယ်တိုင် ပြန်လည်ပြင်ဆင်ကြေညာခဲ့သည်။ ယခုလို ပူးပေါင်းမှုအတွက် အမေရိကန်အစိုးရဘက်ကသာမက တရုတ်အစိုးရဘက်ကလည်း သဘောတူညီချက် လိုအပ်မည်ဖြစ်ကြောင်း Byte Dance ကုမ္ပဏီက ပြောကြားထားသည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-မေလွဲ့သင်း**



# တရုတ်နိုင်ငံက သမုဒ္ဒရာစောင့်ကြည့်ရေး ဂြိုဟ်တုသစ်လွှတ်တင်

**ပေကျင်း စက်တင်ဘာ ၂၂**
တရုတ်နိုင်ငံသည် သမုဒ္ဒရာစောင့်ကြည့်ရေး ဂြိုဟ်တုသစ်တစ်စင်းကို ဂြိုဟ်ပတ်လမ်းကြောင်းအတွင်းရောက်ရှိရန် ယမန်နေ့က နိုင်ငံအနောက်မြောက်ပိုင်းရှိ ကျိုချွမ်ဂြိုဟ်တု လွှတ်တင်ရေးစင်တာမှ လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ HAIYANG-2C (HY-2C) ဂြိုဟ်တုကို သယ်ဆောင်သွားသော LONG MARCH-4B ဒုံးပျံကို ပေကျင်းစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ ဂြိုဟ်တုလွှတ်တင်ရေးစင်တာက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ တတိယမြောက် သမုဒ္ဒရာပြောင်းလဲမှုဆိုင်ရာ စောင့်ကြည့်ရေး ဂြိုဟ်တုဖြစ်သော HY-2C သည် ရေလှိုင်းအမြင့်၊ ပင်လယ်မျက်နှာပြင်အမြင့်၊ လေတိုက်နှုန်းနှင့်အပူချိန်၊ ရာသီဥတုအခြေအနေအားလုံးကို အချိန်နှင့်အမျှ လေ့လာစောင့်ကြည့်လေ့လာရန် ထောက်ပံ့ပေးနိုင်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုအသစ်တွင် တပ်ဆင်ထားသော ကိရိယာများသည် ရေယာဉ်အမျိုးအစားခွဲခြားမှု အချက်အလက်ထောက်ပံ့ရန်၊ တရုတ်နိုင်ငံ၏ ကမ်းလွန်နှင့်အခြားသော ပင်လယ်ရေကြောင်း ဧရိယာများရှိ ရေကြောင်းပြဗော်ယာတိုင်းတာမှု အချက်အလက်များလက်ခံရန်၊ ထိန်းသိမ်းရန်နှင့် ထုတ်လွှင့်ရန် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

**ကွန်ရက်တစ်ခုတည်ဆောက်မည်**

တရုတ်နိုင်ငံအာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်းက တည်ဆောက်ထားသော HY-2C သည် ယခင် HY-2B နှင့် နောက်ဆက်တွဲ HY-2D ဖြင့်နှင့် ကွန်ရက်တစ်ခု တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

စီစဉ်ထားသော ဂြိုဟ်တုကွန်ရက်သည် ခြောက်နာရီအတွင်း ကမ္ဘာ့ပင်လယ်မျက်နှာပြင် လေတိုက်နှုန်း ၈၀ ရာခိုင်နှုန်း စောင့်ကြည့်နိုင်စွမ်းရှိကြောင်း တရုတ်နိုင်ငံအမျိုးသား အာကာသစီမံခန့်ခွဲရေးဌာန၏ သတင်းရင်းမြစ်များအရ သိရသည်။

ယခင်ကလွှတ်တင်ခဲ့သည့် HY-2A နှင့် HY-2B ဂြိုဟ်တုများနှင့်မတူညီသည်မှာ HY-2C ဂြိုဟ်တုသည် ၆၆ ဒီဂရီစောင်းလျက် အနေအထားဖြင့် ဂြိုဟ်ပတ်လမ်းကြောင်းတွင် ရှိနေမည်ဖြစ်ပြီး လေဟာနယ်များတွင် လျင်မြန်စွာပြန်လည်နေရာယူနိုင်စွမ်းကို မြှင့်တင်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံအမျိုးသား အာကာသစီမံခန့်ခွဲရေးဌာန၏ အချက်အလက်များအရ သိရသည်။

ယမန်နေ့တွင် လွှတ်တင်ခဲ့သည့် သမုဒ္ဒရာစောင့်ကြည့်ရေးဂြိုဟ်တုလွှတ်တင်မှုသည် LONG MARCH ဒုံးပျံစီးရီး၏ (၃၄၇) ကြိမ်မြောက် လွှတ်တင်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ဘင်္ဂလားဒေ့ရှ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ သုံးသိန်းခွဲကျော် ရှိလာ

**ဒါကာ စက်တင်ဘာ ၂၂**
ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၀၅ ဦး ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း စုစုပေါင်းကူးစက်ခံရသူ ၃၅၂၁၇၈ ဦးရှိခဲ့ပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ၄၀ ထပ်မံသေဆုံးခဲ့သဖြင့် စုစုပေါင်းသေဆုံးသူ ၅၀၀၇ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

**ကျန်းမာလာသူ ၂၆၀၇၉၀ ရှိလာ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်းက ရောဂါကူးစက်မှုမှ ပြန်လည်သက်သာလာသူ ၂၁၅၂ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း ရောဂါကူးစက်ခံရမှုမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၂၆၀၇၉၀ ရှိလာပြီဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ တရားဝင်အချက်အလက်များအရ နိုင်ငံတစ်ဝန်း သေဆုံးမှုရာခိုင်နှုန်းသည် ကူးစက်ခံရသူများ၏ ၁ ဒသမ ၄၂ ရာခိုင်နှုန်းရှိကြောင်းနှင့် ပြန်လည်ကျန်းမာလာသူ ရာခိုင်နှုန်းသည် ၇၃ ဒသမ ၇၉ ရာခိုင်နှုန်းရှိကြောင်းလည်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဇူလိုင် ၂ ရက်သည် တစ်ရက်တာကူးစက်ခံရသူအရေအတွက် အများဆုံးဖြစ်ပြီး ယင်းနေ့တွင် တစ်ရက်တာအတွင်း ကူးစက်ခံရသူ ၄၀၁၉ ဦးရှိခဲ့ကြောင်းနှင့် ဇွန် ၃၀ ရက်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ သေဆုံးမှုအများဆုံးရက်ဖြစ်ပြီး တစ်ရက်တည်း ၆၄ ဦး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# တက္ကဆက်၌ လေယာဉ်ပျက်ကျမှုကြောင့် လေးဦးသေဆုံး

**ဟေးတော့ပ်လိတ် စက်တင်ဘာ ၂၂**
တက္ကဆက်ပြည်နယ်တွင် လေယာဉ်တစ်စင်းမှာ အရေးပေါ်ဆင်းသက်ရန် ကြိုးစားစဉ်မှာပင် ပျက်ကျခဲ့ပြီး လိုက်ပါလာသူ လေးဦးလုံး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ယနေ့တွင် အတည်ပြုချက် ထုတ်ပြန်ခဲ့သည်။



စက်တင်ဘာ ၂၀ ရက်တွင် ဟေးတော့ပ်လိတ် လေဆိပ်အနီး မိုင် ၁၂၀ အကွာ ဟက်စတန်ဒေသအနီး၌ လေယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လိုက်ပါလာသူ လေးဦးလုံး သေဆုံးခဲ့ပြီး လေကြောင်းအုပ်ချုပ်မှုရုံးသို့ အရေးပေါ်ဆင်းသက်နိုင်ရန် ဆက်သွယ်ခဲ့စဉ်မှာပင် လေယာဉ်ပျက်ကျခဲ့ခြင်း ဖြစ်ကြောင်းနှင့် လေယဉ်ပျံသန်းမှုမှတ်တမ်းအရ အော်စတင်အနောက်ဘက် ဟော့စ်ရှူးဘေး အပန်းဖြေစခန်းမှ လူဝီစီယားနားသို့ ပျံသန်းမည့်လေယာဉ်ဖြစ်ကြောင်း တက္ကဆက်ပြည်နယ်ပြည်သူ့လုံခြုံရေးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။ အမျိုးသားသယ်ယူပို့ဆောင်ရေးနှင့် ဘေးကင်းလုံခြုံရေးဘုတ်အဖွဲ့က အဆိုပါပျက်ကျမှုဖြစ်စဉ်ကို စုံစမ်းသွားမည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။ **ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-မေလွဲ့သင်း**

| | |
|---|---|
| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ဆိုင်ရာ နောက်ဆုံး အခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၃၁၅၂၀၉၄၄ ဦး |
| | သေဆုံးသူ ၉၇၀၀၉၇ ဦး |
| | ပြန်လည်ကျန်းမာလာသူ ၂၃၁၄၁၈၆၀ ဦး |

# ကုလသမဂ္ဂအဖွဲ့ ပြုပြင်ပြောင်းလဲရန်လိုအပ်ဟု အိန္ဒိယဝန်ကြီးချုပ် မိုဒီ ပြော

**နယူးဒေလီ စက်တင်ဘာ ၂၂**
အိန္ဒိယဝန်ကြီးချုပ် မိုဒီက ကုလသမဂ္ဂအဖွဲ့ ပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် ယမန်နေ့ကစတင်ခဲ့သည့် ကုလသမဂ္ဂအဖွဲ့တည်ထောင်သည့် (၇၅)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား၌ ပြောကြားလိုက်သည်။

**ချီးကျူးဂုဏ်ပြု**

(၇၅)နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားတွင် အဆင့်မြင့် ခေါင်းဆောင်များ၏ (၇၅)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ သီတင်းပတ်လည်း ဖွင့်လှစ်ခဲ့သည်။ စက်တင်ဘာ ၂၉ ရက်အထိ ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါနှင့်ပတ်သက်သော စိုးရိမ်မှုများကြောင့် ပထမဆုံးအကြိမ် အဖြစ် ခေါင်းဆောင်များ၏ မိန့်ခွန်းများကို ဗီဒီယိုမှတစ်ဆင့် ပြောကြားစေခဲ့ခြင်းဖြစ်သည်။ အိန္ဒိယက ဦးဆောင်နိုင်ငံတစ်ခုအဖြစ် ပါဝင်သည့် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်များ အပါအဝင် ကုလသမဂ္ဂအလံအောက်တွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သူအားလုံးကို ချီးကျူးဂုဏ်ပြုပါကြောင်း မိုဒီက ပြောသည်။

ပဋိပက္ခတားဆီးရန်၊ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်၊ ရာသီဥတု ပြောင်းလဲမှု တိုက်ဖျက်ရန်၊ မညီမျှမှုတိုက်ဖျက်ရန်နှင့် ဒစ်ဂျစ်တယ် နည်းပညာများအသုံးပြုရန် လုပ်ဆောင်စရာများစွာ ရှိသေးကြောင်း ၎င်းက ပြောသည်။ "ကုလသမဂ္ဂအဖွဲ့ ပြုပြင်ပြောင်းလဲမှုပြုလုပ်ဖို့ လိုအပ်တာကို ကြေညာချက်က လက်ခံပါတယ်။ ဒီနေ့ခေတ်စိန်ခေါ်မှုတွေကို ဘက်စုံပါဝင်တဲ့ ပြုပြင်ပြောင်းလဲမှုတွေမပါဘဲ ခေတ်နောက်ကျနေတဲ့ ဖွဲ့စည်းတည်ဆောက်ပုံတွေနဲ့ ကျွန်တော်တို့ မတိုက်ဖျက်နိုင်ပါဘူး"ဟု မိုဒီက ဆိုသည်။

**ပြုပြင်ပြောင်းလဲရေးစနစ်တစ်ရပ် လိုအပ်**

အပြန်အလှန်ဆက်စပ်နေသော ကမ္ဘာကြီးအတွက် ပကတိ အရှိတရားများ ထင်ဟပ်စေပြီး ခေတ်ပြိုင်စိန်ခေါ်မှုများကို ဖြေရှင်းကာ လူသားတို့၏ ကောင်းကျိုးချမ်းသာကို အလေးထားသည့် နိုင်ငံစုံပါဝင်သော ပြုပြင်ပြောင်းလဲရေးစနစ်တစ်ရပ် လိုအပ်နေကြောင်း မိုဒီက ပြောသည်။

**ကိုးကား – စပွတ်ညက်၊ ဘာသာပြန် – ကျော်ထိုက်စိုး**



# ဂျကာတာမြို့တော်၌ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် နှစ်ဦး သေဆုံးပြီး ၂၀ ဒဏ်ရာရ

**ဂျကာတာ စက်တင်ဘာ ၂၂**
အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တော်နှင့် ပတ်ဝန်းကျင်ဒေသများ၌ ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ နှစ်ဦး သေဆုံးပြီး တစ်ဦးပျောက်ဆုံးကာ ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

စက်တင်ဘာ ၂၁ ရက်နောက်ပိုင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သွားလာမှုကန့်သတ်ချက် ပြန်လည်သတ်မှတ်ထားသည့် ဂျကာတာမြို့တော်၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ရာဒစ်ယာဂျာတီက ပြောကြားခဲ့သည်။ အနောက်ဂျာဗားပြည်နယ် ဆူကာဘူမီခရိုင်၌ ရေဘေးကြောင့် နှစ်ဦးသေဆုံးပြီး တစ်ဦး ပျောက်ဆုံးကာ ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း ဂျကာတာ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးရုံးမှ ပြန်ကြားရေးအရာရှိ ရမ်လီပရာစီတီယိုက ပြောသည်။




ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းတွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များအပါအဝင် ကယ်ဆယ်ရေးသမား ရာနှင့်ချီ၍ ပါဝင်ကြောင်း ၎င်းက ပြောသည်။ ရေဘေးကြောင့် လူ ၂၀ ဒဏ်ရာရရှိခဲ့ပြီး နေအိမ်ကိုးလုံးနှင့် တံတား ၁၀ စင်း ပျက်စီးခဲ့ကြောင်း ရာဒစ်ယာဂျာတီက ပြောသည်။ စက်တင်ဘာ ၂၃ ရက်တွင် ရာသီဥတု ဆိုးရွားလာနိုင်မှုနှင့် ပတ်သက်၍ မိုးလေဝသနှင့် ဘူမိရူပဗေဒအေဂျင်စီက သတိပေးချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

နောက်ထပ် ရေကြီးမှုများ၊ မြေပြိုမှုများအပြင် လေပွေတိုက်ခတ်မှုများ ရှိလာနိုင်မှုကြောင့် သတိဝီရိယဖြင့် နေထိုင်ကြရန် ဒေသခံများကို သတိပေးထားကြောင်း အဆိုပါအေဂျင်စီက ဆိုသည်။

**ကိုးကား – ဆင်ဟွာ
ဘာသာပြန် – ကျော်ထိုက်စိုး**

# ရုရှားနိုင်ငံ၌ ပြုလုပ်လျက်ရှိသော စစ်ရေးလေ့ကျင့်မှုများတွင် တရုတ်တပ်မတော် ပါဝင်

**ပေကျင်း စက်တင်ဘာ ၂၂**
တရုတ်နှင့်ရုရှားနိုင်ငံတို့က စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လျက်ရှိရာ တရုတ်တပ်မတော်က ရုရှားနိုင်ငံတောင်ပိုင်း၌ ပြုလုပ်လျက်ရှိသော ပူးတွဲစစ်ရေးလေ့ကျင့်မှုများတွင် ပါဝင်လာခဲ့သည်။

ရုရှားနိုင်ငံက တပ်ဖွဲ့ဝင် ၈၀၀၀၀ နှင့် တင့်ကား၊ မော်တော်ယာဉ် ၂၅၀ ပါဝင်သော ပမာဏကြီးမားသည့် ကော့ကေးဆပ် ၂၀၂၀ ခေါ် စစ်ရေးလေ့ကျင့်မှုကို ယမန်နေ့က စတင်လိုက်ပြီဖြစ်သည်။ ယခုနှစ် အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် တရုတ်၊ ဘီလာရုစ်၊ မြန်မာနှင့် အခြားနိုင်ငံများမှ တပ်ဖွဲ့ဝင် စုစုပေါင်း ၁၀၀၀ ပါဝင်လေ့ကျင့်လျက်ရှိသည်။ စစ်ရေးလေ့ကျင့်မှုကို ရန်သူ့နိုင်ငံတစ်ခုက ပံ့ပိုးပေးထားသည့် အကြမ်းဖက်အဖွဲ့အစည်းတစ်ခုက ခြိမ်းခြောက်မှုတစ်ခု ပြုလုပ်သည့်ပုံစံဖြင့် ပြုလုပ်ခြင်းဖြစ်သည်။

စစ်ရေးလေ့ကျင့်မှု ပထမနေ့ကို တပ်ဖွဲ့များနေရာယူခြင်း၊ ရေဒီယိုဆက်သွယ်ရေး အသုံးပြုခြင်းတို့ဖြင့် စတင်ခဲ့သည်။ တရုတ်နိုင်ငံသည် ယခင်က ဆိုက်ဘေးရီးယားနှင့် ရုရှားနိုင်ငံအရှေ့ဖျားဒေသတွင်ပြုလုပ်သော စစ်ရေးလေ့ကျင့်မှုများတွင် ပါဝင်ခဲ့သည်။ ယခုအကြိမ်မှာ ပေကျင်းမြို့တော်မှ ကီလိုမီတာ ၅၀၀၀ ကျော်ကွာဝေးသော ရုရှားနိုင်ငံတောင်ပိုင်း၌ ပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှုများတွင် ပထမဆုံးအကြိမ် ပါဝင်ခြင်းဖြစ်သည်။

စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တစ်စိတ်တစ်ဒေသအဖြစ် ရုရှားနိုင်ငံက တရုတ်နိုင်ငံ၏ ဒုံးကျည်ဖျက် ကြိုတင်အချက်ပေးစနစ်တစ်ခု ထုတ်လုပ်မှုတွင် အကူအညီပေးခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – ကျော်ထိုက်စိုး**

# ဩစတြေးလျနိုင်ငံ တက်စ်မေးနီးယားကျွန်း၌ ဝေလငါးအကောင်ရေ ၉၀ သေဆုံး

**ဆစ်ဒနီ စက်တင်ဘာ ၂၂**
ဩစတြေးလျနိုင်ငံ တက်စ်မေးနီးယားကျွန်း၌ သောင်တင်နေခဲ့သည့် ဝေလငါးအကောင်ရေ ၂၇၀ အနက်မှ အကောင်ရေ ၉၀ သေဆုံးခဲ့ကြောင်းနှင့် ထပ်မံသေဆုံးမည်ကို စိုးရိမ်လျက်ရှိကြောင်း ဩစတြေးလျနိုင်ငံရှိ ကယ်ဆယ်ရေးလုပ်သားများက ပြောကြားခဲ့သည်။

ကျန်ရှိသည့် ဝေလငါးများအနက်မှ ၂၅ ကောင်ကို စက်တင်ဘာ ၂၂ ရက်တွင် ကယ်တင်နိုင်ခဲ့ကြောင်းနှင့် ပင်လယ်အတွင်းသို့ အများအပြားကယ်တင်စေလွှတ်နိုင်ရန် ရည်ရွယ်လျက်ရှိကြောင်းလည်း သိရသည်။


တက်စ်မေးနီးယားကျွန်း၏ အနောက်ဘက်ကမ်းရိုးတန်းဒေသ ရေတိမ်ပိုင်းတွင် ယမန်နေ့က ဝေလငါး အများအပြား သောင်တင်နေသည်ကို တွေ့ရှိခဲ့ရခြင်းဖြစ်ပြီး အဆိုပါကျွန်းတွင် နောက်ဆုံးအကြိမ် ဝေလငါး အစုလိုက်အပြုံလိုက် စံချိန်တင်တွေ့ရှိခဲ့သည်မှာ ၂၀၀၉ ခုနှစ်က ဖြစ်ကာ ဝေလငါးအကောင်ရေ ၂၀၀ ခန့်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဘီဘီစီ၊ ဘာသာပြန် – အလင်းသစ်**

# အီတလီနိုင်ငံ၏ လွှတ်တော်အမတ်နေရာ သုံးပုံတစ်ပုံကျော် လျှော့ချမည်

**ရောမ စက်တင်ဘာ ၂၂**
အီတလီနိုင်ငံ၏ လွှတ်တော်အမတ်နေရာကို သုံးပုံတစ်ပုံကျော်အထိ လျှော့ချရန်အတွက် လူထုဆန္ဒခံယူပွဲတစ်ရပ်တွင် အီတလီနိုင်ငံသားများက မဲပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ လွှတ်တော်အမတ်နေရာလျှော့ချရေး လူထုဆန္ဒခံယူပွဲတွင် အီတလီပြည်သူ ၇၀ ရာခိုင်နှုန်းနီးပါး မဲပေးခဲ့ကြခြင်းဖြစ်သည်။ အောက်လွှတ်တော်၏ လွှတ်တော်အမတ်အရေအတွက်ကို ၆၃၀ ဦးမှ ၄၀၀ အထိ လျှော့ချသွားမည်ဖြစ်ပြီး အထက်လွှတ်တော်၏ ဖွဲ့စည်းပုံသည်လည်း လူဦးရေပိုမို လျော့နည်းသွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ လွှတ်တော်အမတ်နေရာလျှော့ရေး လှုပ်ရှားမှုကို ညွန့်ပေါင်းအစိုးရတွင်ပါဝင်သည့် ကြယ်ငါးပွင့်ပါတီက တွန်းအားပေးခဲ့ခြင်းဖြစ်ပြီး ယင်းသို့လုပ်ဆောင်ခဲ့ခြင်းကြောင့် ကုန်ကျစရိတ်ကို လျှော့ချနိုင်လိမ့်မည်ဆိုသည်နှင့်စပ်လျဉ်း၍ ငြင်းခုံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

အထက်လွှတ်တော်နှင့် အောက်လွှတ်တော်၏ အမတ်နေရာစုစုပေါင်းအရေအတွက် ၉၄၅ နေရာမှ ၆၀၀ အထိလျှော့ကျသွားမည်ဖြစ်ပြီး ယင်းသို့ ပါလီမန်ကို ကောင်းမွန်အောင်ဆောင်ရွက်ခြင်းသည် ၁၀ နှစ် ကျော်ကာလအတွင်း ယူရို ၁ ဘီလီယံ(ပေါင် ၉၁၈ သန်း) ကုန်ကျစရိတ်သက်သာစေမည်ဖြစ်ကြောင်း ကြယ်ငါးပွင့်ပါတီက ပြောကြားခဲ့သည်။

**ကိုးကား – ဘီဘီစီ
ဘာသာပြန် – အလင်းသစ်**

# ယခုသီတင်းပတ်အတွင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးမည်

**တိုကျို စက်တင်ဘာ ၂၂**

ဂျပန်ဝန်ကြီးချုပ် ဆူဂါနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် ယခုသီတင်းပတ်နှောင်းပိုင်းတွင် ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးရန် ရည်ရွယ်လျက်ရှိကြကြောင်း ဂျပန်အစိုးရ သတင်းရင်းမြစ်တစ်ခုက ယနေ့ဖော်ပြထားသည်။

ယခုသီတင်းပတ် သောကြာနေ့တွင် စီစဉ်ထားသော အဆိုပါ ညှိနှိုင်းဆွေးနွေးမှုသည် နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးမြှင့်ရန်ဖြစ်သလို သမ္မတရှီကျင့်ဖျင်၏ နိုင်ငံတော်အဆင့် ဂျပန်ခရီးစဉ် ရွှေ့ဆိုင်းရသည့်အကြောင်းကိုလည်း ထည့်သွင်းဆွေးနွေးမည်ဟု မျှော်လင့်ရကြောင်း သိရသည်။

ယခုပြုလုပ်မည့် နှစ်နိုင်ငံခေါင်းဆောင်တို့အကြား ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးမှုသည် ၂၀၁၈ ခုနှစ် မေလက ဂျပန်ဝန်ကြီးချုပ်ဟောင်းရှင်ဇိုအာဘေးနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့အကြား ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ် ပြုလုပ်ခဲ့ပြီးနောက် နှစ်နိုင်ငံခေါင်းဆောင်များကြား ပထမအကြိမ်မြောက် ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် နွေဦးကာလတွင် ပြုလုပ်ရန်စီစဉ်ထားသော တရုတ်သမ္မတ၏ နိုင်ငံတော်အဆင့် ဂျပန်ခရီးစဉ် အစီအစဉ်ထဲတွင် ထိပ်သီးဆွေးနွေးပွဲတစ်ရပ်နှင့်အတူ ဂျပန်ဧကရာဇ်နာရူဟီတိုနှင့် အစည်းအဝေးတစ်ရပ်ပြုလုပ်ရန်နှင့် အင်ပါယာနန်းတော်၌ ဂုဏ်ပြုညစာစားပွဲတစ်ခုတို့ ပါဝင်သော်လည်း ကမ္ဘာတစ်ဝန်းသို့ ကူးစက်ပျံ့နှံ့လျက်ရှိသည့် ကိုဗစ်-၁၉ရောဂါကြောင့် ယင်းခရီးစဉ်ကို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

ယခု သီတင်းပတ်နှောင်းပိုင်းတွင် ပြုလုပ်ရန် စီစဉ်ထားသော အဆိုပါ ညှိနှိုင်းဆွေးနွေးမှုသည် ဂျပန်နိုင်ငံ၏ အဓိက မဟာမိတ်ဖြစ်သော အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့အကြား တင်းမာမှုအရှိန်မြင့်မားနေစဉ် ဖြစ်ပေါ်လာမည်ဖြစ်သည်။

ဂျပန်နှင့် တရုတ်ခေါင်းဆောင်တို့သည် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနယ်ပယ်၌ ဆက်လက် ပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်နေကြသော်လည်း အရှေ့တရုတ်ပင်လယ်ရှိ ကျွန်းစုများအပေါ် ပိုင်နက်နယ်မြေ အငြင်းပွားမှုအပါအဝင် နှစ်နိုင်ငံအကြားရှိနေသည့် ပြဿနာရပ်များနှင့် ပတ်သက်၍ ထည့်သွင်းဆွေးနွေးရန် အစီအစဉ် ရှိ၊ မရှိ မသိရသေးကြောင်း သတင်းရင်းမြစ်က ထပ်မံဖော်ပြထားသည်။

**ကိုးကား-ကျိုဒိုနယူးစ်၊ ဘာသာပြန်-ဂျေတီ**





ဂျပန်ဝန်ကြီးချုပ် ဆူဂါနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်။

# နိုင်ငံခြားကျွမ်းကျင်လုပ်သားများအတွက် ဗီဇာရရှိရန် ပိုမိုခက်ခဲနိုင်ဖွယ်ရှိသည့်စည်းမျဉ်း ထရမ့်အစိုးရ အလျင်စလို ချမှတ်ဖွယ်ရှိ

**ဝါရှင်တန် စက်တင်ဘာ ၂၂**

ထရမ့်အစိုးရအဖွဲ့သည် ၂၀၂၀ ပြည့်နှစ် မကုန်မီမှာပင် နိုင်ငံခြားမှ လာရောက်အလုပ်လုပ်ကိုင်မည့် ကျွမ်းကျင်လုပ်သားများအတွက် ပြည်ဝင်ခွင့် ဗီဇာစနစ်ကို ပိုမိုတင်းကျပ်အောင် ဆောင်ရွက် ဖွယ်ရှိပြီး အဆိုပါအစီအမံက အလုပ်လက်မဲ့နှုန်း မြင့်မားနေသည့် အမေရိကန်နိုင်ငံသားများ အကျိုးစီးပွားအတွက် ပြောင်းလဲမှုအချို့ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။




သမ္မတရွေးကောက်ပွဲကျင်းပရန် တစ်လကျော်သာ လိုတော့သည့်အချိန်မှာပင် အမေရိကန် ဘတ်ဂျက်ရုံးက H1-B အစီအစဉ်အောက်ရှိ နိုင်ငံရပ်ခြားမှ ကျွမ်းကျင်လုပ်သားများ ခေါ်ယူရေးစနစ်ကို ပြန်လည်စိစစ်သွားမည်ဖြစ်ကြောင်း ဘတ်ဂျက်ရုံးနှင့် အုပ်ချုပ်ရေး ဝက်ဘ်ဆိုက်နှစ်ခုစလုံးတွင် ဖော်ပြခဲ့သည်။ ထို့ပြင် နေရာတူ လုပ်ငန်းတူများတွင် နိုင်ငံခြားလုပ်သားများကို အမေရိကန်လုပ်သားများ နေရာတွင် အစားထိုးခန့်အပ်ခြင်းတို့ကို တားမြစ်မည်ဖြစ်သည်။

သမ္မတထရမ့်သည် နိုဝင်ဘာ ၃ ရက် ရွေးကောက်ပွဲတွင် ပြိုင်ဘက်ဒီမိုကရက်တစ် သမ္မတလောင်းဂျိုးဘိုင်ဒင်ကို ၎င်း၏ လူဝင်မှုကြီးကြပ်ရေးမူဝါဒကို အသားပေးကာ ယှဉ်ပြိုင်သွားဖွယ်ရှိသည်။ အိမ်ဖြူတော် အကြီးတန်း အကြံပေး စတီဖင်မေလာက ထရမ့်၏ လူဝင်မှုကြီးကြပ်ရေး မူဝါဒသည် ထောက်ခံမှုများစွာ ရရှိထားသည့် မူဝါဒဖြစ်ကြောင်းကို "ဒီလို အမေရိကန်နိုင်ငံသားတွေနေရာမှာ ဘယ်လို နိုင်ငံခြားကျွမ်းကျင်ဝန်ထမ်းမှ အစားထိုးလို့ မရဘူးဆိုတာက အကြီးအကျယ်ပြောင်းလဲမှု တစ်ခုပါ"ဟု မီဒီယာများသို့ ပြောကြားခဲ့သည်။

ထရမ့်သည် ပြီးခဲ့သည့်ဇွန်လအတွင်းက နိုင်ငံခြားမှ အလုပ်သမားများ ကာလတို ဝင်ရောက်လုပ်ကိုင်မှုကို တားမြစ်ခဲ့ပြီးဖြစ်သည်။ အမေရိကန် ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းက ယခုလို ပိတ်ပင်မှုများ ပြုလုပ်ပြီးပြီဆိုပါက လုပ်ငန်းရှင်များအတွက် မလိုအပ်သည့် အတားအဆီးများကို ဖြေလျှော့ပေးရန် စည်းမျဉ်းသစ်ချမှတ်ရန်လည်း လိုအပ်ကြောင်း တုံ့ပြန်ထားသည်။

ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း အမေရိကန်နိုင်ငံသားများ အလုပ်လက်မဲ့နှုန်း မြင့်မားနေချိန်တွင် နိုင်ငံခြားလုပ်သားများ ဝင်ရောက်လုပ်ကိုင်ခွင့်ကို တားမြစ်ခြင်းအပေါ် ထောက်ခံမှုများစွာ ရှိနေသော်လည်း ဘိုင်ဒင်သာ ရွေးကောက်ပွဲတွင် အနိုင်ရပါက အခြေအနေ တစ်မျိုးတစ်ဖုံပြောင်းလဲနိုင်ကြောင်း သုံးသပ်မှုများလည်း ရှိနေသည်။

အစိုးရပိုင်မှ ပုဂ္ဂလိကစနစ်သို့ပြောင်းလဲလုပ်ကိုင်ခဲ့သည့် ကုမ္ပဏီအများစုသည် အိန္ဒိယနိုင်ငံသားများကို ဗီဇာထုတ်ပေးပြီး ဝင်ရောက်လုပ်ကိုင်ခွင့်ပြုနေခြင်းဖြစ်သည်။ လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့် မူဝါဒရေးရာ ညွှန်ကြားရေးမှူး ဒန်နီယယ်ကော်စတာက အဆိုပါ မူဝါဒကို အတည်ပြုရန် လပိုင်းသာ ကြာမြင့်တော့မည်ဖြစ်ပြီး ယခုနှစ် မကုန်မီ ချမှတ်မည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

**ကိုးကား-အေဘီစီ**
**ဘာသာပြန်-မေလှဲ့သင်း**

# အိန္ဒိယ၌ တစ်ရက်အတွင်း ရောဂါကူးစက်ခံရသူ ၇၅၀၈၃ ဦး တွေ့ရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅၅၆၈၇၄၀ ဦး ရှိလာ

**နယူးဒေလီ စက်တင်ဘာ ၂၂**

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၅၀၈၃ ဦး တွေ့ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅၅၆၈၇၄၀ ရှိလာခဲ့ကြောင်း အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

ထို့အတူ အိန္ဒိယ၌ ကိုဗစ်-၁၉ ရောဂါကြောင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ၁၀၅၃ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၈၈၉၃၂ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ထို့အပြင် အိန္ဒိယနိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောလူနာ ၄၄၉၇၈၆၇ သည် ရောဂါမှ ပြန်လည်ကျန်းမာသွားပြီး ဆေးရုံများမှ ထပ်မံဆင်းခဲ့ကြရာ လတ်တလောအချိန်၌ ကိုဗစ်-၁၉ ရောဂါ လူနာ ၉၇၅၈၆၁ ဦးသာ နိုင်ငံတစ်ဝန်းရှိ ဆေးရုံများတွင် ဆေးဘက်ဆိုင်ရာ အနီးကပ် စောင့်ကြည့်မှုခံယူလျက်ရှိကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် စက်တင်ဘာ ၂၁ ရက် တစ်ရက်အတွင်း လူဦးရေ ၉၃၃၁၈၅ ဦးတို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ခြင်းနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ယနေ့အထိ လူဦးရေ ၆၅၃၂၅၇၇၉ ဦးတို့၏ နမူနာကို စမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း အိန္ဒိယ ဆေးသုတေသနကောင်စီက ထုတ်ပြန်သည့် အချက်အလက်အရ သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**

# အင်ဒိုနီးရှား၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၇၁ ဦး တွေ့ရှိပြီး ၁၆၀ ထပ်မံသေဆုံး

**ဂျကာတာ စက်တင်ဘာ ၂၂**

အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၇၁ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၅၂၉၃၃ ဦး ရှိလာကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၁၆၀ ထပ်မံသေဆုံးခဲ့ရာ အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၉၈၃၇ ဦး ရှိလာခဲ့သည်။

သို့သော် အင်ဒိုနီးရှားနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောလူနာ ၃၅၀၁ ဦးသည် တစ်ရက်တာအတွင်း ရောဂါကင်းစင်ပြီး ဆေးရုံများမှ ထပ်မံဆင်းခဲ့ကြရာ အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၈၄၂၉၈ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါသည် အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ်နှင့် ဒေသပေါင်း ၃၄ ခုသို့ ကူးစက်ပျံ့နှံ့သွားခဲ့ရာ အထူးသဖြင့် မြို့တော်ဂျကာတာ၌ ၁၂၃၆ ဦး၊ အနောက်ဂျာဗား၌ ၅၇၅ ဦး၊ အရှေ့ဂျာဗား၌ ၃၄၁ ဦး၊ ရီအော၌ ၂၅၃ ဦးနှင့် အလယ်ဂျာဗား၌ ၂၂၈ ဦး စသည်ဖြင့် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ အသီးသီး ကူးစက်ခံခဲ့ရသည်။

သို့သော် ဂျမ်ဘီနှင့် အလယ်ကာလီမန်တန်ပြည်နယ်တွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်မှုမရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ




**နေပြည်တော် စက်တင်ဘာ ၂၂**
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် ဝိုင်းမော်မြို့နယ် ဝါရှောင်ကျေးရွာအနီး၌ ဂမ်အောင်မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ ကိုလည်းကောင်း၊ အလားတူ စက်တင်ဘာ ၂၀ ရက် ညနေ ၅ နာရီ၌ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာ မြို့ပတ်(၂)လမ်းပေါ်၌ ဝင်းစိုးမောင်းနှင်ပြီး မချိုမာလွင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၉ ပြားကိုလည်းကောင်း၊ ထို့အတူ ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မိုးကုတ်မြို့ ကျောက်ဆောင်ရပ်ကွက်နေ ရဲမင်းထွန်း (ခ) ရှမ်းလေး၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၄၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မိုးကုတ်မြို့ လျှပ်စစ်ဓာတ်အားခွဲ စက်ရုံအနီး၌ ထွန်းမင်းလတ်(ခ) ဝင်းမင်းဦး မောင်းနှင်ပြီး မျိုးသီဟ(ခ)ဖိုးချစ်လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၁ ကီလိုကို လည်းကောင်း၊ မိုးကုတ်မြို့ တောင်ကချင်ရပ်ကွက်ရှိ ထွန်းမင်းလတ်၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၁ ကီလို၊ အိုက်စ် သုည ဒသမ ၀၁၄ ကီလို တို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မိုင်းယောင်းမြို့နယ် မိုင်းယုမြို့ ဝမ်ဒွန်းနွဲ့ကျေးရွာအုပ်စု ဒွန်းနွဲ့-နားမြက်သွား ကားလမ်းဘေးရှိ မောင်လှ(ခ)သောင်းလှ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀၊ ငွေကျပ် ၂၀၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# မြို့နယ်အချို့၌ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၂**
ပြည်သူပူးပေါင်းပါဝင်မှု၊ လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လယ်ဝေးမြို့နယ် လယ်ဝေး-ကံလှ-ကံသာ-ဝင်တဲကူး-သစ်ပုတ်ပင် လမ်းဘေးအနီး၌ ဆိုင်ကယ်ရှစ်စီးနှင့်အတူ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၆၉၀၀ တန်၊ ကျွန်းလှမြို့နယ် မဒေါင်-ဆွဲလှည်းသွားကားလမ်းအနီးမှ တရားမဝင် အင်ခွဲသားခုနစ်တန်နှင့် သုံးဘီး ယာဉ်သုံးစီး၊ မင်းကင်းမြို့နယ် ယုံသာ-ပျဉ်းကိုင်း ကျေးရွာချင်းဆက်ကားလမ်း မိုင်တိုင်အမှတ် (၃၀/၃) လမ်းဘေး၌ တာယာဘီးတပ်လှည်းနှစ်စီးနှင့် တရားမဝင်အင်သစ် ငါးတန်၊ လိမ္မော်ရောင်ချိန်းဆောတစ်လက်၊ မင်းကင်းမြို့နယ်၊ နှင်းကြီး ရွာအရှေ့ချောင်းဘေးမှ တရားမဝင် သစ်စေးသစ် သုံးတန်နှင့် လုံးပတ် သုံးပေအောက် သစ်စေးသစ်သုံးတန်၊ ကသာမြို့နယ် ပျဉ်ထောင်လေး ကျေးရွာအနီး ရွှေလီမြစ်အတွင်းနှင့် ကျောက်တောင်ကြိုးဝိုင်းအကွက် (၁၀)အတွင်းမှ တရားမဝင်ကျွန်း/ သစ်ရာ / ပျဉ်းမ/ ဖန်ခါးသစ် စုစုပေါင်း ၆ ဒသမ ၅၁၂ တန်၊ ပဲခူးမြို့နယ် မဒေါ့မြောင်အတွင်းမှ တရားမဝင် ဆိတ်ချေး/သစ်ဖြူ/နဘဲ/ သစ်ဆိမ့်/ ဖန်ခါး/ ပျဉ်းမ/ ကျွန်း/ မျောက်ငိုသစ် ကိုးတန်၊ ဂန့်ဂေါမြို့နယ်၊ ဂန့်ဂေါ-ပုလဲ ကားလမ်း မိုင်တိုင် အမှတ်(၆၉/၇) အနီး ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင်ကျွန်း/ ပျဉ်းကတိုး/ အင်ကြင်းခွဲသား လေးတန်၊ ဂွမြို့နယ် ကျိန္တလီချောင်းအနီးနှင့် အလယ်ကျွန်းနေရာတို့၌ တရားမဝင် တောင်သရက်/ တောင်ပိန္နဲခွဲသား ၄ ဒသမ ၈၃၉၄ တန်တို့အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။ ထို့ပြင် တောင်ကုတ်မြို့နယ် ကလိန်တောင်မြစ်အတွင်း စက်လှေတစ်စင်းပေါ်မှ တရားမဝင် ကညင်/ စကားခွဲသား ၄၃ ဒသမ ၇၆၄၂ တန်နှင့် ပြစ်မှုကျူးလွန်သူ ခြောက်ဦး၊ ဆိပ်ဖြူမြို့နယ်၊ ဆိပ်ဖြူ- ဆော-ပခုက္ကူ ကားလမ်းဆုံ၊ မိုင်တိုင်အမှတ်(၁၀/၂ ) နေရာ ယာဉ်ပေါ်မှ တရားမဝင်ကျွန်းခွဲသား သုည ဒသမ ၅၃၆၆ တန်နှင့်ပြစ်မှုကျူးလွန်သူတစ်ဦး၊ ပဲခူးမြို့နယ် ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် (၆၁/၇)နှင့် (၆၂/၀)ကြား ရွှေသံလွင် တိုးဂိတ်နေရာ ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား ၁၃ တန်နှင့် ပြစ်မှုကျူးလွန်သူနှစ်ဦး၊ ဘားအံမြို့နယ် ရွှေပြည်တောင်ရွာရှိ သစ်အရောင်းဆိုင်၌ တရားမဝင် သင်္ဂဒူ/ ဘိုင်ခွဲသားငါးတန်နှင့် ပြစ်မှုကျူးလွန်သူတစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူအား သက်ဆိုင်ရာ ရဲစခန်းတွင် အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**ညီညီသန်း (နေပြည်တော်)**

# ရွှေဘိုမြို့၌ ညမထွက်ရအမိန့် လိုက်နာခြင်းမရှိသူ သုံးဦးကို အလုပ်နှင့်ထောင်ဒဏ် သုံးလစီချမှတ်

**ရွှေဘို စက်တင်ဘာ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ယမန်နေ့က ညမထွက်ရအမိန့် လိုက်နာခြင်းမရှိသူ သုံးဦးကို ရွှေဘိုမြို့နယ်တရားရုံးက အလုပ်နှင့်ထောင်ဒဏ် သုံးလစီချမှတ်ခဲ့ကြောင်း ရွှေဘိုမြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းဆန်းဦးထံမှ သိရသည်။

ရွှေဘိုမြို့တွင် ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ရွှေဘိုမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေဘိုမြို့ပေါ်ရပ်ကွက်များအတွင်း လုံခြုံရေးလှည့်ကင်းဆောင်ရွက်စဉ် ရွှေဘိုမြို့ အမှတ်(၃) ရပ်ကွက် ရန်ကြီးအောင်လမ်းအနီး ရထားသံလမ်းဘေး၌ မိုးမင်းဦး၊ အောင်ဟိန်းခန့်နှင့် ဝေလင်းဦးတို့ သုံးဦးအား စစ်ဆေးတွေ့ရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ညမထွက်ရအမိန့် လိုက်နာခြင်းမရှိသူ မိုးမင်းဦးပါ သုံးဦးအား ယမန်နေ့က မြို့နယ်တရားရုံးက အလုပ်နှင့် ထောင်ဒဏ်သုံးလစီ ချမှတ်ခဲ့ကြောင်း သိရသည်။
**မိုးသောက်(ရွှေဘို)**

# ခင်ဦးမြို့၌ နှာခေါင်းစည်းဝတ်ဆင်ခြင်းမရှိသူ ၂၄ ဦးအား ငွေဒဏ်ချမှတ်

**ခင်ဦး စက်တင်ဘာ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့၌ နေအိမ်ပြင်ပသွားလာရာတွင် နှာခေါင်းစည်းဝတ်ဆင်ခြင်းမရှိသူများအား လမ်းဆုံနေရာ၌ ယနေ့ နံနက် ၇ နာရီက ရှောင်တခင်စစ်ဆေးခဲ့သည်။

စစ်ဆေးရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အများပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အပြင်ထွက်လျှင် နှာခေါင်းစည်းဝတ်ဆင်ရန် ညွှန်ကြားချက်အားလိုက်နာခြင်းရှိ၊ မရှိကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးချိုလင်းအောင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာစန်းယုကို၊ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ စည်ပင်သာယာရေးအဖွဲ့၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းတို့ ပါဝင်သော စုပေါင်းအဖွဲ့က ရှောင်တခင်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် နေအိမ်ပြင်ပသွားလာရာ၌ နှာခေါင်းစည်းဝတ်ဆင်ခြင်းမရှိသူ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၂၄ ဦးကို မြို့နယ်တရားရုံးသို့ တရားစွဲဆိုခဲ့ရာ တစ်ဦးလျှင် ဒဏ်ငွေကျပ် ၃၀၀၀ စီ ချမှတ်ခဲ့ကြောင်း သိရသည်။ **စိုးဝေအောင်(ခင်ဦး)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၂၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၂၂ စီး၊ သွင်းကုန် ၉၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်သွင်းကုန် ၁၅၂ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၃၂၀ သန်း) တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းဖြစ်သည့် Children’s Bicycles(8) U အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သာပေါင်းမြို့နယ်၌ EXIM Bank မှ ချေးငွေရယူထားသော သမဝါယမအသင်းသားများအား စုဆောင်းငွေအပေါ် အတိုးထုတ်ပေး

**သာပေါင်း စက်တင်ဘာ ၂၂**
ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်းရှိ EXIM Bank ချေးငွေရယူထားသော သမဝါယမအသင်း ၁၉၈ သင်းမှ အသင်းသား ၉၃၄၈ ဦးသည် (၁၃) ကြိမ်မြောက် EXIM Bank ချေးငွေအား ပြေကျေစွာ ပေးဆပ်ပြီးဖြစ်၍ ၎င်းတို့၏ စုဆောင်းငွေကျပ် ၈၈၆ ဒသမ ၇၄၄ သန်းအတွက် ထုတ်ပေးရန်ရှိသည့် စုဆောင်းငွေအပေါ်အတိုးငွေကျပ် ၆၆ ဒသမ ၅ သန်းကို အသင်းသားများ၏ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

(၅၆)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး ကျော်ဝင်းနှင့် ကျောက်မဲမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ရဲမြင့်အောင် ဦးဆောင်သော နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စက်တင်ဘာ ၂၂ ရက်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ မြို့နယ်အတွင်း ဆောင်ရွက်ကြစဉ်။ စိုင်းသာလှိုင်





# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

## ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်
၄၆
ရက်သာ
လိုတော့သည်။

## ဆန္ဒမဲလက်မှတ်များကို ဘောလ်ပင်ဖြင့် အမှတ်အသား (✔) ခြစ်၍ ဆန္ဒပြုရာတွင် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ ထုတ်ပြန်ကြေညာခြင်း

မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒနယ်ပြင်ပ ကြိုတင်ဆန္ဒမဲပေးရာတွင် ဆန္ဒမဲလက်မှတ်များကို ဘောလ်ပင်ဖြင့် အမှတ်အသား (✔) ခြစ်၍ ဆန္ဒပြုရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဘောလ်ပင်ဖြင့် အမှတ်အသား (✔) ခြစ်၍ ဆန္ဒပြုရမည့် ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများကို ထုတ်ပြန်အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

*(ယမန်နေ့မှအဆက်)*

### ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ပယ်မဲနမူနာပုံစံများ







မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံ အချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# ကချင်အမျိုးသားကွန်ဂရက်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၂

**ကချင်အမျိုးသားကွန်ဂရက်ပါတီဥက္ကဋ္ဌ ဒေါက်တာအမ်ကောန်လက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၂၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ မှီတင်းနေထိုင်ကြသော နိုင်ငံသားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်းနှင့် မင်္ဂလာနေ့ရက်ဖြစ်ပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ကချင်အမျိုးသားကွန်ဂရက်(KNC)ပါတီရဲ့ ဥက္ကဋ္ဌ ဒေါက်တာအမ်ကောန်လ ဖြစ်ပါတယ်။ ပထမဦးစွာ ကျွန်တော်တို့ပါတီ KNC အကြောင်း မိတ်ဆက်ပေးပါရစေ။

KNC ပါတီဟာ ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ(၁၀)ရက်နေ့ ကချင်ပြည်နယ်နေ့မှာပဲ ကချင်ပြည်နယ်နေ့ကို ဂုဏ်ပြုပြီး ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်ကို အကောင်အထည်ဖော်ခဲ့သော ဒူဝါဇော်လွန်၊ ဒူဝါဦးကြီးထိန်နန်၊ ဒူဝါဒိန်ရတန်တို့ ဦးဆောင်ခဲ့ပြီး ဆရာအက်စ်ဂွမ်ဂမ်၊ ဒူဝါရှောင်ဂျုံး၊ ဦးထွန်းတင်တို့မှ ပါဝင်ထူထောင်ခဲ့ပါတယ်။ ၁၉၅၂ မှာ ဒူဝါဇော်လွန်၊ ၁၉၅၇ မှာ ဒူဝါဇန်ထဆင် (KNC) ဥက္ကဋ္ဌများမှ ကချင်ပြည်နယ်အစိုးရကို ဦးဆောင်ခဲ့တဲ့ နိုင်ငံရေးသမိုင်း ရှိခဲ့ပါတယ်။ ၂၀၁၃ မှာ ပြန်လည်ပြီးတော့မှ ပြည်နယ်ပါတီအဖြစ် မှတ်ပုံတင်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်မှာ ပြည်ထောင်စုပါတီအဖြစ် ရပ်တည်လာပြီဖြစ်ပါတယ်။ ကချင်ပြည်နယ်အတွင်းတွင် ၁၇ နေရာ၊ ကချင်ပြည်နယ်ပြင်ပ ပြည်ထောင်စုနေရာ၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ကချင်တိုင်းရင်းသားရေးရာ တစ်နေရာ၊ နမ္မတူ ပြည်သူ့လွှတ်တော်နှင့် နမ္မတူပြည်နယ်လွှတ်တော်အမတ် တစ်နေရာ စုစုပေါင်း နေရာ ၂၀ ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။

ပြည်သူလူထုခင်ဗျား ....။ ဆက်လက်ပြီး KNC ပါတီရဲ့ မူဝါဒ၊ ရပ်တည်ချက်၊ ရည်မှန်းချက်၊ ရွေးကောက်ပွဲကြွေးကြော်သံ၊ ရွေးကောက်ပွဲကတိများ ဆက်လက်ဖော်ပြမှာဖြစ်ပါတယ်။

**KNC ပါတီ၏ မူဝါဒများ**

**၁။ နိုင်ငံရေးမူဝါဒ**

ကချင်တို့နှင့် နိုင်ငံသားများ၏ မူလတန်ဖိုးနှင့် ဆုံးရှုံးသွားသော အမျိုးသားရေးလက္ခဏာများ ပြန်လည်ရယူတည်ဆောက်ရေးအမြင် Neoconservatism political ideology အပေါ် အခြေခံပြီး အမျိုးသားအကျိုးစီးပွားဘက် အားသာချက်ရှိသော အလယ်အလတ်လမ်းစဉ်အား ယနေ့ဖြစ်ပေါ်ပြောင်းလဲတိုးတက်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့အား တည်ဆောက်ရန် Center Right Progressive Liberalism မူဝါဒဖြစ်ပါတယ်။

**၂။ စီးပွားရေးမူဝါဒ**

နိုင်ငံ့သယံဇာတကို မှီခိုသော စီးပွားရေးမှ ထုတ်ကုန်အမှီပြုစီးပွားရေးကို အလျင်အမြန် ပြုပြင်ပြောင်းလဲရေးဖြစ်သည်။

- Macro economic အကြီးစားစီးပွားရေးတွင် တရုတ်နှင့်သာမက အနောက်ဥရောပ၊ အရှေ့အာရှ၊ အမေရိကနှင့်အာဆီယံနိုင်ငံများနှင့် မျှတစွာ ယှဉ်ပြိုင်ရေးမူ Competitive policy ကို ကျင့်သုံးမည်။
- Micro economic အသေးစားစီးပွားရေးအနေနှင့် ပြည်တွင်းစိုက်ပျိုးရေး ထုတ်ကုန်များ၊ ပြည်တွင်းအသေးစားစက်မှုထုတ်ကုန်များ SME များ ထုတ်ကုန်ပထမ မူဝါဒကျင့်သုံးမည်။
- Fiscal policy ဖြစ်တဲ့ ဖြစ်သင့်သော အခွန်ကောက်ခံရေးနဲ့ အစိုးရယန္တရားလည်ပတ်မှု ဆောင်ရွက်မည်။
- Monetary principle အနေနှင့် ငွေကြေးတည်ငြိမ်မှု လုပ်ငန်းစဉ် ဆောင်ရွက်မည်။

**၃။ လူမှုရေးမူဝါဒ**

ပြည်မက လူထုခံစားရရှိနေသော လူတစ်ဦးချင်း နိုင်ငံသားအခွင့်အရေးနှင့် ကျန်းမာရေး၊ ပညာရေးများ ပြည်နယ်လူထုများမှ တန်းတူစွာခံစားရရှိရဖို့ ဆောင်ရွက်မှာဖြစ်ပါတယ်။

**KNC ၏ရပ်တည်ချက်**

တန်းတူရေးအပေါ် အခြေခံသော ၁၉၄၇ ပင်လုံကတိကဝတ်များအပေါ် ရပ်တည်အကောင်အထည်ဖော်ပြီး ကချင်လူမျိုးများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံသားများ ပထမမူဖြစ်ပါတယ်။

**KNC ၏ရည်မှန်းချက်**

၁။ အမျိုးသားတန်းတူမှုရရှိရေး
၂။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး
၃။ ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေး
၄။ သွယ်ဝိုက်ဒီမိုကရေစီသာမက တိုက်ရိုက်ဒီမိုကရေစီဖြစ်သော Right to recall လွှတ်တော်ကိုယ်စားလှယ် ပြန်လည်ရုပ်သိမ်းခွင့်နှင့် Referendum power လို့ခေါ်တဲ့ အများဆန္ဒပြု အကောင်အထည်ဖော်ခွင့် တည်ဆောက်ရေး
၅။ ရွေးကောက်ပွဲနည်းစနစ်များ လိုက်လျောညီထွေစွာ ပြောင်းလဲရေးတို့ပဲ ဖြစ်ပါတယ်။

**KNC ၏ ၂၀၂၀ ရွေးကောက်ပွဲ ကြွေးကြော်သံ**

ဒီတိုင်းပြည်ရဲ့ နိုင်ငံရေးအရ အရေးအကြီးဆုံး လိုအပ်ချက်(၃)ရပ်ဖြစ်တဲ့ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဖက်ဒရယ်ဒီမိုကရေစီထူထောင်ရေးဆိုတဲ့ အချက်များရဲ့ အခြေခံအကျဆုံးဖြစ်သည့်

"တန်းတူရေး"

"Equality"

ကချင်လိုအားဖြင့်ဆိုလျှင်

"Rapra Lam " ပဲဖြစ်ပါတယ်။




**KNC ၏ ၂၀၂၀ ရွေးကောက်ပွဲကတိများ**

၁။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် လက်နက်ကိုင်များကို အဓိကထားသော မူမဟုတ်ဘဲ လူထုကို ပထမအခြေခံသော ဖြစ်စဉ်ကို ဆောင်ရွက်မည်။
၂။ နိုင်ငံတော် အခြေခံမူတွင် သွယ်ဝိုက် ဒီမိုကရေစီအပြင် တိုက်ရိုက်ဒီမိုကရေစီဖြစ်သော Referendum Power ကို ထည့်သွင်းရေးဆွဲ၍ ဥပဒေအဖြစ် ရေးဆွဲပြဋ္ဌာန်းရေး ဆောင်ရွက်မည်။
၃။ ကုန်ဈေးနှုန်းတည်ငြိမ်မျှတရေး အတတ်နိုင်ဆုံးဆောင်ရွက်မည်။
၄။ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် ပို၍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်ထောင်စုအစိုးရဘဏ္ဍာရန်ပုံငွေများမှ ပိုမိုသုံးစွဲလာရန် ကြိုးပမ်းဆောင်ရွက်မည်။
၅။ အကြီးစားနှင့် အလတ်စား ရင်းနှီးမြှုပ်နှံမှုများကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်များမှ ထိရောက်စွာ ထိန်းကျောင်းနိုင်အောင် ဆောင်ရွက်မည်။
၆။ လူထု၏ စိုက်ပျိုးလုပ်ကိုင်နေသော မြေယာအကျိုးစီးပွားကာကွယ်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြေယာများ မှန်ကန်စွာမှတ်ပုံတင်ရေး (Land Registration) အတွက် အမျိုးသားစီမံကိန်းအဖြစ် ဆောင်ရွက်၍ လူထုအတွက် အကျိုးမပြုသော လယ်ယာမြေများနှင့် ဆိုင်သော ဥပဒေများ Land Law များအား ပြင်ဆင်မည်။
၇။ ကျောက်မျက်ဥပဒေအား ပြည်သူလူထုနှင့် ဒေသခံများ အကျိုးစီးပွားပါဝင်လာရေးအတွက် ထပ်မံပြင်ဆင်မည်။

အထက်ပါရွေးကောက်ပွဲကတိများဟာ KNC အမတ်များ လွှတ်တော်အသီးသီးသို့ရောက်ရှိလာလျှင် မဖြစ်မနေ ဆောင်ရွက်သွားမည့် ကတိများဖြစ်ပါတယ်။ ဖြစ်နိုင်တဲ့၊ လုပ်ဆောင်နိုင်တဲ့ အချက်များသာ ပြည်သူသို့ တင်ပြခြင်းဖြစ်ပါတယ်။

**လေးစားအပ်ပါသော ပြည်သူလူထုကြီးခင်ဗျား ..... ။**

ကျွန်တော်တို့ KNC ပါတီဟာ သမိုင်းကြောင်းခိုင်မာတယ်။ နိုင်ငံရေးရည်မှန်းချက် ကောင်းမွန်တည်တံ့တယ်။ လူထုလိုအပ်ချက်သိတယ်။ ဆောင်ရွက်အကောင်အထည်ဖော်နိုင်တဲ့ နိုင်ငံရေးစွမ်းရည် ရှိတယ်။ ပူးပေါင်းဆောင်ရွက်မှုအားကောင်းတဲ့ စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ် (UNA) အဖွဲ့ဝင်ဖြစ်တယ်။ လာမယ့် ၂၀၂၀ ရွေးကောက်ပွဲမှာ ကျွန်တော်တို့ KNC နဲ့အတူ လက်တွဲပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီးကို အကောင်းဆုံးတည်ဆောက်သွားကြပါရန် တိုက်တွန်းလိုက်ရပါတယ်။

ကျေးဇူးတင်ပါတယ်။

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဘားအံမြို့နယ်၌ မဲရုံပေါင်း ၂၃၀ ဖြင့် ကျင်းပသွားမည်

**ဘားအံ စက်တင်ဘာ ၂၂**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း၌ မဲရုံပေါင်း ၂၃၀ ဖြင့် နိုဝင်ဘာ ၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲကျင်းပခြင်းမရှိသော ကျေးရွာတစ်ရွာရှိကြောင်း ဘားအံမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

ဘားအံမြို့နယ်တွင် တစ်သီးပုဂ္ဂလ ခြောက်ဦးအပါအဝင် နိုင်ငံရေးပါတီ ၁၂ ပါတီမှ ကိုယ်စားလှယ်လောင်း စုစုပေါင်း ၇၀ ဝင်ရောက်အရွေးချယ်ခံယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၁၄ ရက်အထိ ပထမအကြိမ် ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းအရ မဲဆန္ဒရှင်ဦးရေ ၃၆၂၀၄၂ ဦးရှိကာ ပုံစံ(၃)၊ (၃-က)၊ (၄)၊ (၄-ဂ)တို့ဖြင့် ပြင်ဆင်ဖြည့်စွက်စိစစ်ပြီး ဒုတိယအကြိမ် ထုတ်ပြန်မည့်မဲစာရင်းတွင် မဲဆန္ဒရှင်ဦးရေ ၃၆၄၁၄၄ ဦးရှိကြောင်းနှင့် ဒုတိယအကြိမ်မဲဆန္ဒရှင်စာရင်းများကို ကပ်ထားကြေညာမည့်ရက်အတိအကျကို မသိရှိရသေးဘဲ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြေညာသည့်နေ့တွင် ကပ်ထားကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဘားအံမြို့နယ်တွင် အသက်အရွယ်ကြီးရင့်၍ မဲရုံသို့ သွားရောက် မဲမပေးနိုင်သော သက်ကြီးရွယ်အို ၃၄ ဦးနှင့် လေဖြတ်ဝေဒနာခံစားနေရသူ ၅၃ ဦးတို့အပါအဝင် မသန်စွမ်းသူ စုစုပေါင်း ၄၀၇ ဦးရှိပြီး ထိုသူများကို ကြိုတင်မဲစနစ်ဖြင့် ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဘားအံမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် ဒုတိယအကြိမ်မဲဆန္ဒရှင်စာရင်းများကို ကပ်ထားကြေညာနိုင်ရေးအတွက် အခြေခံမဲဆန္ဒရှင်စာရင်းများကို ပြင်ဆင်ဖြည့်စွက် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်းနှင့် မဲရုံ ၂၃၀ မှ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူး စုစုပေါင်း ၄၆၀ ကို ၁၄ နေရာခွဲ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ် ၁၉ - ရောဂါ ကာကွယ်ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ရွေးကောက်ပွဲဆိုင်ရာသင်တန်းများ ပို့ချပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဘားအံမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဘုတ်ပြင်းမြို့၌ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

**ဘုတ်ပြင်း စက်တင်ဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီက မြို့နယ်ပုလဲရွှေရည်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအနေဖြင့် နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲတွင် သက်ဆိုင်သူများအကြား အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ ညှိနှိုင်းဆောင်ရွက်နိုင်ရေး၊ မဲဆွယ်စည်းရုံးရေးကာလတွင် ညွှန်ကြားချက်များနှင့်အညီ စည်းကမ်းတကျလိုက်နာဆောင်ရွက်နိုင်ရေးနှင့် ကော်မတီ၏လုပ်ငန်းတာဝန်များကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းထွန်းက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဒေါ်ဇင်မာထွေးက ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်နှင့်ပတ်သက်၍ ကြေညာချက်များ၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ်၊ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန်ချက်များ၊ အချိန်၊ နေရာဒေသအလိုက် ထုတ်ပြန်ထားသည့် ကျန်းမာရေးဆိုင်ရာ အမိန့်လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားသည်။

တက်ရောက်လာကြသည့် ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်လောင်းများက သိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သန်းထွန်းဦး (ပြန်/ဆက်)**

# COVID-19 Fund မှ ချေးငွေလျှောက်ထားသည့်လုပ်ငန်း ၁၀၄၁ ခုသို့ ခွင့်ပြုငွေကျပ် ၂၀ ဒသမ ၇၇၇၅ ဘီလီယံ ချေးငွေထုတ်ယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေးလုပ်ငန်းကော်မတီ**
သတင်းထုတ်ပြန်ချက် (၉/၂၀၂၀)
၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၂ ရက်

၁။ Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေး (၉/၂၀၂၀) ဆုံးဖြတ်ချက်အရ ချေးငွေလျှောက်ထားသည့် လုပ်ငန်းများအနက် ပူးတွဲပါ လုပ်ငန်း (၁၀၄၁) ခုသို့ ခွင့်ပြုငွေ ပမာဏကျပ် (၂၀ ဒသမ ၇၇၇၅) ဘီလီယံကို ဒုတိယအကြိမ် COVID-19 Fund မှ ချေးငွေထုတ်ယူခွင့်ပြုလိုက်ပါသည်။

၂။ အဆိုပါ ချေးငွေထုတ်ယူခွင့် ရရှိသူများအား ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ ချေးငွေထုတ်ပေးရာတွင် ဘဏ်တစ်ခုခု၌ တရားစွဲဆိုခံထားရသည့် လုပ်ငန်းဖြစ်ပါက ချေးငွေများ ထုတ်ပေးမည်မဟုတ်ပါကြောင်းနှင့် ကျန်ရှိသည့် လျှောက်လွှာများအား ချေးငွေများ ဆက်လက်ထုတ်ပေးနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ဒုတိယအကြိမ် COVID-19 Fund မှ ပထမအသုတ်**
**ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/လုပ်ငန်းများ စာရင်း**

| [illegible] | [illegible] | [illegible] |
|---|---|---|
| [illegible] | [illegible] | [illegible] |

စာမျက်နှာ ၁၈ သို့ ❖

# ကိုဗစ်-၁၉ သတင်းထုတ်ပြန်ချက်

ကြေးမုံ
စက်တင်ဘာ ၂၃၊ ၂၀၂၀

❖ စာမျက်နှာ ၁၇ မှ

| | | |
|---|---|---|
| [illegible] | [illegible] | [illegible] |

| | | |
|---|---|---|
| [illegible] | [illegible] | [illegible] |

| | | |
|---|---|---|
| [illegible] | [illegible] | [illegible] |

(ဆက်လက်ဖော်ပြပါမည်)

# ငါးမျိုးများစိုက်ထည့်

**မန္တလေး**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ စက်တင်ဘာ ၂၂ ရက်တွင် ကျောက်ဆည်ခရိုင်နှင့် ပြင်ဦးလွင်ခရိုင်ကြားရှိ ရဲရွှာရေလှောင်တမံအတွင်းသို့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သရက်ကုန်း၊ နတ်ရေကန်၊ မတ္တရာနှင့် ရေနံ့သာ ငါးလုပ်ငန်းစခန်း လေးခုတို့မှ ငါးမြစ်ချင်းနှင့် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၄၀၀၀၀၀ အား တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ညီတိုး၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ထွန်းနှင့်အတူ ရဲရွှာရေလှောင်တမံမှ တာဝန်ရှိသူများ၊ ငါးလုပ်ငန်းစခန်းတာဝန်ခံများနှင့် စခန်းဝန်ထမ်းများက အခမဲ့ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**စစ်ကိုင်း**

စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှကြီးမှူးပြီး ရွှေဘိုခရိုင်ငါးလုပ်ငန်းဦးစီးဌာနကဦးဆောင်၍ ဒေသတွင်းငါးသယံဇာတများ တိုးပွားစေရေးအတွက် ရွှေဘိုမြို့ ရွှေဘိုမြောင်းမတော်အတွင်းသို့ စက်တင်ဘာ ၂၁ ရက်က ရွှေဘိုငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်း ငါးမွှံကြီးကောင်ရေ ခြောက်သိန်း၊ ငါးခုံးမကြီး ငါးသန်သားပေါက်ကောင်ရေ ငါးသောင်း စုစုပေါင်း ကောင်ရေ ၆၅၀၀၀၀ စိုက်ထည့်ခဲ့ပြီး ရေဦးငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်း ငါးမွှံကြီးကောင်ရေ ငါးသိန်း၊ ရွှေဝါငါးကြင်း ငါးသန်သားပေါက်ကောင်ရေ တစ်သိန်း စုစုပေါင်း ခြောက်သိန်း စိုက်ထည့်ရာ ရွှေဘိုခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်သန်းဦး၊ ရေဦးငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးပေါလွင်၊ ရွှေဘိုငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးဇော်ဝင်းအောင်နှင့်ဝန်ထမ်းများက စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**ကချင်**

ကချင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှကြီးကြပ်၍ မိုးညှင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ ငါးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးအတွက် ငါးမွေးတောင်သူများအား ငါးသားပေါက်များထောက်ပံ့ပေးအပ်ခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ စက်တင်ဘာ ၂၂ ရက်တွင် မိုးကောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဖားကန့်မြို့နယ် ကာမိုင်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင်ပြုလုပ်ခဲ့ပြီး မိုးကောင်းမြို့နယ်အတွင်းရှိ ငါးမွေးတောင်သူ ၂၂ ဦး(ငါးမွေးကန် ၁၃၄ ဒသမ ၇၀၂ ဧက)အတွက် ဝိုင်းမော်ငါးလုပ်ငန်းစခန်းမှ ငါးသားပေါက်ကောင်ရေ ၂၆၉၄၀၄ ကောင်နှင့် ဖားကန့်မြို့နယ်အတွင်းရှိ ငါးမွေးတောင်သူခြောက်ဦး(ငါးမွေးကန် ၅၈ ဒသမ ၇၅ ဧက)အတွက် ငါးသားပေါက်ကောင်ရေ ၁၁၇၅၀၀ ကို ထောက်ပံ့ပေးအပ်ရာ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလေးနိုင်၊ မိုးကောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်း၊ ကာမိုင်းမြို့အုပ်ချုပ်ရေးမှူး ဦးသန်းထိုက်နှင့် ဝိုင်းမော်ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးအောင်နိုင်ဦးတို့က ငါးမွေးတောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် စက်တင်ဘာ ၂၂**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဆိုးလ်မြို့ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ဘရာဇီးမှ တစ်ဦး၊ ချက်သမ္မတနိုင်ငံမှ တစ်ဦး၊ ကနေဒါမှ သုံးဦး၊ ပြင်သစ်မှ တစ်ဦး၊ ဂျာမနီမှ သုံးဦး၊ အိန္ဒိယမှ တစ်ဦး၊ အင်ဒိုနီးရှားမှ လေးဦး၊ အီတလီမှ တစ်ဦး၊ ကိုရီးယားသမ္မတနိုင်ငံမှ ၇၂ ဦး၊ နော်ဝေမှ သုံးဦး၊ သီရိလင်္ကာမှ တစ်ဦး၊ အင်္ဂလန်မှ နှစ်ဦး၊ အမေရိကန်မှ ၁၀ ဦး၊ ဗီယက်နမ်မှ ငါးဦး စုစုပေါင်း မြန်မာနိုင်ငံသား ၁၀၈ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ၇ ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးခဲ့ကြသည်။



ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိမြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိရာ ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အပတ်စဉ် အင်္ဂါနေ့တိုင်း ကယ်ဆယ်ရေးလေယာဉ် (၂၃)ကြိမ် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်လေးပင်မြို့နယ်၌ ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**ညောင်လေးပင် စက်တင်ဘာ ၂၂**

ကိုဗစ်-၁၉ ကာလ ကျေးလက်နေပြည်သူများ စီးပွားရေးထိခိုက်မှု လျော့နည်းသက်သာစေရန်အတွက် စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် (Cash For Work)စီမံကိန်းနှင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းများ ရာနှုန်းပြည့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း ကျေးရွာ ရှစ်ရွာတွင်(Cash For Work) စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ စီဖြင့် ကျေးရွာ ရှစ်ရွာတွင် ဂဝံလမ်း ရှစ်လမ်း၊ (၂/၇.၄)မိုင်၊ မြေသားလမ်း ရှစ်လမ်း၊ (၂/၅.၁၇၆)မိုင်၊ တံတားတစ်စင်း၊ ရေပြွန်လေးစင်း၊ မြေသားမြောင်းတူးဖော်ခြင်း ပေ ၁၇၄၄၀ နှင့် အခြားလုပ်ငန်းအပါအဝင် စုစုပေါင်း လုပ်ငန်း ၂၁ ခုအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အတူ ကျေးရွာမတည်ရန်ပုံငွေ ကျပ်သိန်း ၂၀၀၀ ဖြင့် ကိုဗစ်-၁၉ ကာလ ကျေးလက်နေပြည်သူများအား စီမံကိန်းချေးငွေများ ထုတ်ချေးနိုင်ခဲ့ရာ ကျေးရွာပေါင်း ၁၆ ရွာတွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်မှုကာလတွင် နောင်ချိုမြို့၌ ဆန်နှင့် စားသုံးကုန်များ လှူဒါန်းထောက်ပံ့

**နောင်ချို စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့မှ နောင်ချိုဟိုတယ်ပိုင်ရှင် ဒေါ်နန်းလော်ဝ်ခမ်းမိသားစုက နောင်ချိုမြို့ပေါ်ရှိ ဈေးရပ်၊ ဘူတာရပ်၊ တောင်ရပ်ကွက်၊ သပြေရေရပ်ကွက်၊ ပန်ဟတ်ရပ်ကွက်တို့မှ အခြေခံလူတန်းစား အိမ်ထောင်စု ၈၀၀ အား တစ်အိမ်ထောင်လျှင် ဆန် ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား၊ ကြက်သွန်နီ၊ ဟင်းချိုမှုန့် စသည့် အခြေခံစားသောက်ကုန်ငါးမျိုးနှင့်အတူ နှာခေါင်းစည်း၊ ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်တို့ကို နောင်ချိုဟိုတယ်၌ ယနေ့လှူဒါန်းထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အလားတူ ယမန်နေ့နံနက်ကလည်း နောင်ချိုမြို့ ဈေးရပ်ကွက် အုပ်ချုပ်ရေးမှူး၏ နှီးဆော်စီစဉ်မှုဖြင့် ဈေးရပ်ကွက်မှ လုပ်ငန်းရှင် ဦးကျော်ဇောလင်းက ဈေးရပ်၊ ဘူတာရပ်၊ တောင်ရပ်၊ ပန်ဟတ်ရပ်တို့မှ အခြေခံလူတန်းစားများနှင့် ကြက်ခြေနီပြည်သူ့စစ်၊ ဓမ္မစကူးလ်ဆရာ ဆရာမများအား ဆန်အိတ် ၅၀ နှင့် ဆီတို့ကို လှူဒါန်းထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သီပေါကိုလတ်**

❖ **ကျောဖုံးမှ**

ဖျားနာကုအခမဲ့ဆေးခန်းကို ရွှေပြည်သာမြို့နယ် ခန်းမ၌ အပတ်စဉ် အင်္ဂါ၊ ကြာသပတေး၊ စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၈ နာရီမှ ၁၁ နာရီအထိ ဖွင့်လှစ်ကုသပေးလျက်ရှိရာ လာရောက်ပြသသူများပြားလာသည့်အတွက် နေ့စဉ်ပိတ်ရက်မရှိ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရွှေပြည်သာမြို့နယ် ဖျားနာကုဆေးခန်းတာဝန်ခံ ဒေါက်တာသစ်လွင်က ပြောသည်။

"လူနာကလည်း တဖြည်းဖြည်းများလာတော့ တစ်ပတ်လုံး အပြည့်ဖွင့်လိုက်တာပါ။ ဆေးခန်းစဖွင့်ကတည်းက ရက်အပြည့် ဖွင့်တာပါ။ ကြားထဲမှာ လူနာနည်းသွားတဲ့အတွက် သုံးရက်လျှော့လိုက်တာ။ အခုက လူနာတွေ ပြန်များလာတဲ့အတွက် ရက်အပြည့် ပြန်ဖွင့်လိုက်တာပါ"ဟု ၎င်းကပြောသည်။

ရွှေပြည်သာမြို့နယ် ဖျားနာကုအခမဲ့ဆေးခန်းသို့ လာရောက်ပြသသည့် လူနာဦးရေမှာ တစ်ရက်လျှင် အနည်းဆုံး ၂၀ နှင့် အများဆုံး ၃၀ အထိရှိကြောင်း၊ လာရောက်ပြသသည့် လူနာအများစုမှာ အနံ့ကောင်းကောင်းမရခြင်း၊ အနံ့ပျောက်ခြင်း စသည့် လက္ခဏာများကို ခံစားရပြီး အချို့လူနာများမှာ နှာစေး၊ ချောင်းဆိုး၊ ဖျားနာလက္ခဏာများကို ခံစားရကြောင်း သိရသည်။

**အကြံဉာဏ်ရယူနိုင်**

အများပြည်သူအနေဖြင့် ကိုဗစ်သံသယလက္ခဏာ တစ်စုံတစ်ရာခံစားရပါက ရန်ကုန်မြို့ရှိ နီးစပ်ရာ ဖျားနာကုအခမဲ့ဆေးခန်းများသို့ လာရောက်ပြသနိုင်ပြီး ဆေးခန်းပိတ်ရက်ဖြစ်ပါက မြို့နယ်တာဝန်ခံဆရာဝန်ထံ ဖုန်းဆက်၍ တိုင်ပင်ဆွေးနွေးကာ အကြံဉာဏ်ရယူနိုင်ကြောင်း သိရသည်။

ဖျားနာကုအခမဲ့ဆေးခန်းများ၏ မြို့နယ်တာဝန်ခံဆရာဝန် ဖုန်းနံပါတ်များကို Community Fever Clinic-Yangon Network လူမှုကွန်ရက်စာမျက်နှာ၌ ဝင်ရောက်ကြည့်ရှုကာ ဆက်သွယ်နိုင်ပြီး ဖျားနာကုအခမဲ့ဆေးခန်းများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဗိုလ်တထောင်၊ လှိုင်သာယာ၊ အင်းစိန်၊ အရှေ့ဒဂုံ၊ ရွှေပြည်သာ၊ တောင်ဒဂုံ၊ တောင်ဥက္ကလာ၊ ကြည့်မြင်တိုင်၊ မှော်ဘီ၊ အလုံ၊ ရန်ကင်း၊ လှိုင်၊ သာကေတ၊ မြောက်ဥက္ကလာ၊ မရမ်းကုန်း၊ တွံတေး၊ ဒေါပုံ၊ သန်လျင်၊ ကော့မှူး စသည့် မြို့နယ်များ၌ ဖွင့်လှစ်ထားသည်။

**အေးမင်းသူ**



# ပြောင်းလဲလာတဲ့ အွန်လိုင်းမီဒီယာရေစီးကြောင်းထဲက Myanmar Digital News

ပြောင်းလဲလာတဲ့ မီဒီယာရေစီးကြောင်းအသစ်မှာ အွန်လိုင်းသတင်းဌာနတွေ အများကြီးပေါ်ထွက်လာခဲ့တာကို အားလုံးသိကြပြီးဖြစ်မှာပါ။ အဲဒီအထဲမှာ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ နိုင်ငံပိုင်မီဒီယာတွေဟာလည်း ခေတ်ရေစီးကြောင်းနဲ့အတူ ပြောင်းလဲပြင်ဆင်ရွေ့ဆက်နေကြပြီဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရဲ့ မီဒီယာ ပလက်ဖောင်းအသစ်တစ်ခုဖြစ်တဲ့ Myanmar Digital News နဲ့ စတင်မိတ်ဆက်ပေးချင်ပါတယ်။

**Myanmar Digital News ဝက်ဘ်ဆိုက်ဆိုတာ**

Myanmar Digital News ဟာ သတင်းစာတွေပါ ဖတ်ရှုနိုင်မယ့် အက်ပလီကေးရှင်းတစ်ခု ဖြစ်ပါတယ်။ သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာ ဖေ့စ်ဘွတ်ကနေတစ်ဆင့် သတင်းတွေဖတ်နိုင်သလို ဗဟုသုတတွေလည်း များစွာရှာမှီးနိုင်တဲ့ မီဒီယာအခင်းအကျင်းတစ်ခုပဲ ဖြစ်ပါတယ်။ Myanmar Digital News ရဲ့ ဝက်ဘ်ဆိုက်လိပ်စာက www.mdn.gov.mm ဖြစ်ပြီး လူမှုကွန်ရက် ဖေ့စ်ဘွတ်မှာတော့ Myanmar Digital News မှာ ဝင်ရောက်လေ့လာနိုင်ပါတယ်။ ၂၃ မဂ္ဂါဘိုက်သာရှိတဲ့ Myanmar Digital News ရဲ့ အက်ပလီကေးရှင်းကို ဖုန်း၊ တက်ဘလက်နဲ့ ကွန်ပျူတာတို့မှာ အွန်လိုင်းသတင်းစာတစ်စောင်အဖြစ်နဲ့လည်း ဖတ်ရှုနိုင်ပါတယ်။

**ဝက်ဘ်ဆိုက်ရဲ့အသွင်အပြင်**

နောက်ဆုံးရရှိတဲ့ ပြည်တွင်း၊ ပြည်ပ သတင်းထူး၊ သတင်းဦးတွေကို ဝက်ဘ်ဆိုက်ရဲ့ ထိပ်ဆုံးမှာ အရင်ဆုံး







မြင်တွေ့ရမှာပါ။ လှုပ်ရှားသက်ဝင်နေတဲ့ ရုပ်သံသတင်းတွေ၊ ဓာတ်ပုံတွေ ဝေဝေဆာဆာနဲ့ဖော်ပြထားတဲ့ တစ်နေ့တာအတွက် နိုင်ငံတော်အစိုးရရဲ့ ဆောင်ရွက်ချက်တွေနဲ့ ဝန်ကြီးဌာန အသီးသီးက ဆောင်ရွက်ချက်တွေ၊ တစ်နိုင်ငံလုံးက သတင်းအချက်အလက်တွေကိုလည်း ဝက်ဘ်ဆိုက်ရဲ့ မူလစာမျက်နှာမှာ လွှင့်တင်ထားရှိပါတယ်။

မိုးလေဝသသတင်း၊ ကျန်းမာရေးသတင်း၊ စတော့အိတ်ချိန်းဈေးကွက် အပြောင်းအလဲတွေနဲ့ ရွှေ၊ ငွေ၊ စက်သုံးဆီဈေးကွက်၊ အိမ်ရှင်မတွေအတွက် အခြေခံစားကုန်ဈေးကွက်စတာတို့ကိုလည်း အချိန်နဲ့တစ်ပြေးညီ အလွယ်တကူကြည့်ရှုနိုင်ဖို့ စီစဉ်ထားတဲ့အတွက် နေ့စဉ်ပြောင်းလဲနေတဲ့ စီးပွားရေးအခြေအနေကို တစ်နေရာတည်းမှာ လေ့လာစေ့ငုနိုင်မှာဖြစ်ပါတယ်။ သတင်းတွေကို သက်ဆိုင်ရာ သတင်းကဏ္ဍအလိုက် ခွဲခြားထားတာကြောင့်လည်း ကိုယ်ဖတ်ရှုလိုတဲ့အကြောင်းအရာကို လွယ်လင့်တကူ ဖတ်ရှုနိုင်မှာပါ။

**သတင်းအဖြာဖြာစုံလင်စွာတင်ဆက်**

အနယ်နယ်အရပ်ရပ်က သတင်းတွေအပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ရုပ်သံသတင်းတွေနဲ့ အနုပညာသတင်းတွေ၊ အားကစားသတင်းတွေကို ကဏ္ဍအလိုက် ခွဲခြားပြီး ဖတ်ရှုနိုင်အောင် Myanmar Digital News မှာ စီစဉ်ထားပါတယ်။ တိုင်းရင်းသားရေးရာကဏ္ဍမှာ တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့တွေ၊ ယဉ်ကျေးမှုတွေနဲ့ အလှတရားတွေကို ဓာတ်ပုံဝေဝေဆာဆာနဲ့ ဖတ်ရှုနိုင်သလို ရုပ်သံတွေ့ဆုံမေးမြန်းမှုအချို့ကြောင့်လည်း ဒေသခံ တိုင်းရင်းသားတွေနဲ့ တိုက်ရိုက်ချိတ်ဆက်မှုရရှိသည့်အလား ဆွဲဆောင်မှု ပေးနိုင်ပါလိမ့်မယ်။ တိုင်းရင်းသားတွေရဲ့ ရိုးရာပုံပြင်တွေကိုလည်း ဒီကဏ္ဍလေးမှာ ဝင်ရောက်ဖတ်ရှုနိုင်တာကလည်း ဘဝင်ကျစရာပါပဲ။

နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ရဲ့ မိန့်ခွန်းတွေကို တစ်နေရာတည်းမှာပဲ ဖတ်ရှုနိုင်ဖို့ မိန့်ခွန်းများဆိုတဲ့ကဏ္ဍက ကူညီပေးနိုင်ပါတယ်။ နိုင်ငံတော်ရဲ့အခမ်းအနားကြီးတွေမှာ သက်ဆိုင်ရာပုဂ္ဂိုလ်တွေ ပြောကြားထားတဲ့ မိန့်ခွန်းတွေအားလုံးကို တစ်နေရာတည်း စုစည်းပေးထားတာကြောင့် သမိုင်းလေ့လာသူတွေ၊ နိုင်ငံရေးအခြေအနေသုံးသပ်သူတွေနဲ့ အကိုးအကားရှာဖွေလိုသူတွေအတွက်တော့ အတော်လေးအသုံးဝင်စေမှာပါ။

**တိုက်ရိုက်တင်ဆက်မှုမှသည်**

နိုင်ငံတော်အခမ်းအနားတွေရဲ့ မြင်ကွင်းတွေကို နေရာဒေသမရွေး အချိန်နဲ့တစ်ပြေးညီ ကြည့်ရှုနိုင်ဖို့အတွက် တိုက်ရိုက်တင်ဆက်ပေးနေတဲ့ အစီအစဉ်တွေကိုလည်း Myanmar Digital News ဝက်ဘ်ဆိုက်နဲ့ ဖေ့စ်ဘွတ်မှာ မြင်တွေ့နိုင်ပါတယ်။ ဒါ့အပြင် ကဏ္ဍအသီးသီးရဲ့ ဖြစ်ပေါ်ပြောင်းလဲမှုဖြစ်စဉ်တွေကို နားလည်တတ်ကျွမ်းတဲ့ ပညာရှင်တွေ စုစည်းပြောကြားကြတဲ့ စကားဝိုင်းတွေ့ဆုံဆွေးနွေးမှုတွေဟာလည်း သုတရသ များစွာခံစားရရှိစေပါတယ်။ ဆွေးနွေးကြတဲ့ ပညာရှင်တွေ၊ ကျွမ်းကျင်သူတွေနဲ့ လူငယ်တွေရဲ့ ပြောစကားတွေဟာ မှတ်သားစရာ၊ ငြင်းခုံအဖြေရှာစရာ၊ အသိပညာတိုးပွားစရာ ကျန်ရစ်စေမယ်ဆိုတာ အသေအချာပါပဲ။

နေ့စဉ်တင်ဆက်နေတဲ့သတင်းတွေထဲမှာ ပြန်ကြား

**ခင်ရတနာ**

ရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရဲ့ သတင်းထောက်တွေ၊ အနယ်နယ်အရပ်ရပ်က မြို့နယ်သတင်းထောက်တွေ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအောက်မှာရှိတဲ့ မြို့နယ်အသီးသီးက သတင်းထောက်တွေနဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကနေ တင်ဆက်ပေးနေတဲ့ သတင်းတွေထဲကမှ ကောင်းနိုးရာရာ သတင်းတွေ အားလုံးကို Myanmar Digital News အွန်လိုင်းစာမျက်နှာတွေမှာ အချိန်မဆိုင်း ဝင်ရောက်ဖတ်ရှုနိုင်တာပဲဖြစ်ပါတယ်။

**ဖုန်းအက်ပလီကေးရှင်းသတင်းစာဖတ်စေချင်**

Google Play store နဲ့ App Store ကနေ လွယ်လွယ်ကူကူ ဒေါင်းလုတ်ရယူနိုင်တဲ့ Myanmar Digital News Application က သုံးစွဲသူတွေအတွက် အကျိုးရှိစေမယ့် အက်ပလီကေးရှင်းတစ်ခုဖြစ်ပါတယ်။ အပိုင်းအားဖြင့် သတင်း၊ ဗီဒီယိုသတင်းတွေ၊ တိုက်ရိုက်တင်ဆက်ထုတ်လွှင့်မှုတွေနဲ့ နိုင်ငံပိုင်သတင်းစာဆိုပြီး အကြမ်းဖျင်းခွဲခြားဖတ်ရှုနိုင်ပါတယ်။ မြန်မာ့အလင်း၊ ကြေးမုံနဲ့ ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာ သတင်းစာသုံးစောင်ကိုတော့ အက်ပလီကေးရှင်းကို ဖွင့်လိုက်တာနဲ့ အရင်ဆုံးမြင်ရမှာဖြစ်ပြီး ဒေါင်းလုတ်သိမ်းချင်တာ၊ ဖတ်ရှုချင်တာဆိုရင် အလွယ်တကူ အသုံးပြုနိုင်ပါတယ်။

စာမျက်နှာ ၂၁ သို့ ■

> **အနယ်နယ်အရပ်ရပ်က သတင်းတွေအပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ရုပ်သံသတင်းတွေနဲ့ အနုပညာသတင်းတွေ၊ အားကစားသတင်းတွေကို ကဏ္ဍအလိုက်ခွဲခြားပြီး ဖတ်ရှုနိုင်အောင် Myanmar Digital News မှာ စီစဉ်ထားပါတယ်။ တိုင်းရင်းသားရေးရာကဏ္ဍမှာ တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့တွေ၊ ယဉ်ကျေးမှုတွေနဲ့ အလှတရားတွေကို ဓာတ်ပုံဝေဝေဆာဆာနဲ့ ဖတ်ရှုနိုင်သလို ရုပ်သံတွေ့ဆုံမေးမြန်းမှုအချို့ကြောင့်လည်း ဒေသခံတိုင်းရင်းသားတွေနဲ့ တိုက်ရိုက်ချိတ်ဆက်မှုရရှိသည့်အလား ဆွဲဆောင်မှု ပေးနိုင်ပါလိမ့်မယ်။**






■ စာမျက်နှာ ၂၀ မှ
အက်ပလီကေးရှင်းရဲ့ အထူးခြားဆုံးနဲ့ အားအသာဆုံး အချက်ကတော့ တစ်နှစ်အတွင်းက ထုတ်ဝေဖြန့်ချိခဲ့တဲ့ နိုင်ငံပိုင်သတင်းစာ သုံးစောင်စလုံးကို ပြန်လည်ဖတ်ရှုလိုတဲ့ရက်စွဲအလိုက် ရွေးချယ်ပြီး အလွယ်ကူဆုံး ဖတ်ရှုနိုင်တာပဲ ဖြစ်ပါတယ်။

သတင်းစာတွေရဲ့အောက်မှာတော့ တစ်နေ့တာ ပြည်တွင်းနဲ့ နိုင်ငံတကာ သတင်းဦး၊ သတင်းထူးတွေ၊ ထုတ်ပြန်ချက်တွေနဲ့ သတိပေးချက်တွေကို ဖော်ပြထားပါတယ်။ ၂၄နာရီ သတင်းထူးတွေကို အချိန်မဆိုင်း တင်ဆက်နိုင်ဖို့အတွက် Myanmar Digital News အဖွဲ့သားတွေက နေ့/ညတာဝန်တွေခွဲဝေကာ သတင်းတင်ဆက်ပေးနေတာကို မြင်တွေ့ရပါတယ်။







### သတင်းထူးတွေဘယ်လိုဖတ်

ရွေးကောက်ပွဲနီးကပ်လာမှုသတိပေးချက်၊ မဲစာရင်းစစ်ဆေးဖို့ အသိပညာပေးနဲ့ ကိုဗစ်-၁၉ ရောဂါရဲ့ နောက်ဆုံးအခြေအနေတွေအပါအဝင် သိကောင်းစရာသတင်းဦး၊ သတင်းထူးတွေကိုတော့ Breaking News အနေနဲ့ တင်ဆက်ပေးနေတာကို မြင်တွေ့ရပါတယ်။ အဲဒီမှာ နေ့စဉ်နဲ့အမျှ ထူးခြားတဲ့သတင်းအချက်အလက်တွေကို ရယူနိုင်ပါတယ်။

အက်ပလီကေးရှင်းရဲ့ မူလစာမျက်နှာအောက်ဆုံးမှာတော့ စာဖတ်သူ ကြိုးငယ်မရွေး အားပေးနှစ်ခြိုက်တဲ့ Flip Board ကဏ္ဍကို ကြည့်ရှုနိုင်ပါတယ်။ မြန်မာတို့ရဲ့ ယဉ်ကျေးမှုအနုသုခုမတွေ၊ အညာဝေလှေဟန်တွေနဲ့ ရှေးဟောင်းလက်ရာတွေ၊ ဘာသာရေးနဲ့ဆိုင်တဲ့ အခမ်းအနားတွေ၊ ရိုးရာအစားအစာနဲ့ ခရီးသွားလာမှုအတွက် လေ့လာစရာတွေကို စုံစုံလင်လင်တင်ဆက်ထားတာ တွေ့ရပါတယ်။

### အင်္ဂလိပ်ဘာသာဖြင့်ဖတ်ရှုနိုင်

သတင်းတွေကို နေ့စဉ်ဘာသာပြန်ဆိုဖော်ပြပေးနေတဲ့ကဏ္ဍကတော့ News in English ကဏ္ဍပဲဖြစ်ပြီး အင်္ဂလိပ်စာလေ့လာသူတွေနဲ့ ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာသတင်းစာကို လက်လှမ်းမမီသူ စာဖတ်ပရိသတ်အတွက် ရည်ရွယ်ထားပုံ ရပါတယ်။




ပြည်တွင်း၊ ပြည်ပအနုပညာရှင်တွေရဲ့ သတင်းစကားတွေကိုတော့ရုပ်ရှင်အနုပညာရပ်ဝန်းကဏ္ဍကနေ ဝင်ရောက်ဖတ်ရှုနိုင်ပါတယ်။ ရုပ်သံသတင်းတွေအပြင် အနုပညာရှင်တွေရဲ့ လတ်တလောအခြေအနေတွေကိုလည်း သိရှိနိုင်ပြီဖြစ်ပါတယ်။

### နိုင်ငံရေးကဏ္ဍအကြောင်း တစေ့တစောင်း

သက်တမ်း နှစ်နှစ်ကျော်သာရှိသေးပေမယ့် ဗဟုသုတရှာမှီးရာ၊ သတင်းအချက်အလက်တွေရယူရာ Myanmar Digital News Application မှာ နိုင်ငံရေးကဏ္ဍ၊ လွှတ်တော်ကဏ္ဍတို့နဲ့ ပတ်သက်ရင် အတော်လေး ပြည့်ပြည့်စုံစုံ တင်ဆက်ထားနိုင်တာကိုလည်း တွေ့ရပါတယ်။ ဥပမာပြောရရင် ရွေးကောက်ပွဲကျင်းပရန်အတွက် Count Down လိုဂိုက ပရိသတ်အတွက် အသိပညာပေးရာ ရောက်သလို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတွေအတွက် အခွင့်အရေးတွေ၊ ပညာပေးအစီအစဉ်တွေအားလုံးကိုလည်း တစိုက်မတ်မတ် တင်ဆက်နေတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် လွှတ်တော်အသီးသီးမှာ ဆွေးနွေးခဲ့တဲ့ ဆွေးနွေးမှု၊ ရလဒ်တွေနဲ့ နိုင်ငံတော်ရဲ့ ငြိမ်းချမ်းရေး အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်တွေ၊ နိုင်ငံခြားရေးဆက်ဆံမှုတွေအားလုံးကို တစ်နေရာတည်းမှာ စုစည်းဖတ်ရှုနိုင်ဖို့ ရည်ရွယ်တင်ဆက်ပေးတာပဲ ဖြစ်ပါတယ်။


### အတွေးအမြင်တွေနဲ့ လွတ်လပ်တဲ့သဘောထားတွေ

နိုင်ငံပိုင်အွန်လိုင်းသတင်းစာဖြစ်ပေမယ့် ကဏ္ဍအသီးသီးက ကျွမ်းကျင်ပညာရှင်တွေရဲ့ သဘောထားတွေ၊ အတွေးအမြင်တွေကို ပွင့်လင်းစွာ ဖော်ထုတ်ပေးနေတာကတော့ အတွေးအမြင်ကဏ္ဍပဲဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာ့အလင်း၊ ကြေးမုံနဲ့ ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတွေရဲ့ ခေါင်းကြီးလို့ခေါ်တဲ့ အယ်ဒီတာ့ အာဘော်ကဏ္ဍကိုလည်း အွန်လိုင်းသတင်းစာမှာ သီးသန့်ဖတ်ရှုနိုင်တာကို တွေ့ရပါတယ်။

ဒါ့အပြင် နိုင်ငံအတွက် ကျင့်သုံးရမယ့် ထွက်ရှိသမျှသော ဥပဒေများ၊ နည်းဥပဒေများနဲ့ အမိန့်၊ ညွှန်ကြားချက်များ၊ ကြေညာချက်များကို ဖော်ပြပေးထားတဲ့အတွက် အချိန်မရွေး အလွယ်တကူ ရှာဖွေနိုင်တာကလည်း အက်ပလီကေးရှင်းရဲ့ထူးခြားချက်တစ်ချက်လို့ ပြောရမှာ ဖြစ်ပါတယ်။

ယခင်က ပုံနှိပ်မီဒီယာတွေနဲ့ တီဗွီရုပ်သံသတင်းတွေ၊ ရေဒီယိုသတင်းတွေကို အားပေးကြသူပရိသတ်ရဲ့ သတင်းမီဒီယာသုံးစွဲမှုက အွန်လိုင်းအခြေပြုသတင်းမီဒီယာ ပလက်ဖောင်းတွေဆီကို ပြောင်းလဲလာနေကြပါပြီ။ နိုင်ငံပိုင်မီဒီယာတွေဟာ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ မူဝါဒနဲ့အညီ အစိုးရနှင့် ပြည်သူအကြားပေါင်းကူးပေးနေတဲ့ မီဒီယာတွေဖြစ်တဲ့နည်းတူ ပြောင်းလဲမှုကိုလည်း အမီလိုက်ပါနိုင်ဖို့ ကြိုးစားနေကြတာပဲ ဖြစ်ပါတယ်။ Myanmar Digital News ဟာ အွန်လိုင်းပေါ်ကနေ နိုင်ငံပိုင်ပုံနှိပ်သတင်းစာတွေဖြစ်တဲ့ မြန်မာ့အလင်း၊ ကြေးမုံနဲ့ ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာတို့ကို ကိုယ်စားပြုတင်ဆက်လျက်ရှိတာကြောင့် အွန်လိုင်းပေါ်က နိုင်ငံပိုင်သတင်းစာဖြစ်တဲ့ Myanmar Digital News ကို အားပေးဖတ်ရှုနိုင်ကြဖို့ ဖိတ်ခေါ်လိုက်ပါရစေ။ ။



## မြန်မာ့ရုပ်ရှင်နှစ်တစ်ရာပြည့်အထိမ်းအမှတ်

# မင်းသားကြီးမြင့်စိုးနှင့် ရုပ်ရှင်စကားဝိုင်း(ဒုတိယပိုင်း)

## တွေ့ဆုံမေးမြန်း ဒါရိုက်တာ ကြည်စိုးထွန်း

ဒီတစ်ပတ်စကားဝိုင်းမှာ ပြောမယ့်မင်းသားကတော့ လူချောမင်းသားလို့ ပြောရပါလိမ့်မယ်။ ဘာလို့လဲဆိုတော့ လူချောလူလှမင်းသားတွေထဲက ကံအားလျော်စွာကျန်နေတဲ့ မင်းသားတစ်ဦးနဲ့ ရုပ်ရှင်စကားဝိုင်းကို ပြောကြားမှာဖြစ်ပါတယ်။ ကျွန်တော်ကတော့ သူ့ကိုမင်းသားကြီးလို့ပဲ ခေါ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့နာမည်က အင်မတန် နာမည်တူများပါတယ်။ ကျွန်တော်နဲ့ ပထမဆုံးရုပ်ရှင်စကားဝိုင်းမှာ စပြီးတော့ဆွေးနွေးတဲ့ပုဂ္ဂိုလ်ကလည်း ရုပ်ရှင်မှာဘီအေဘွဲ့ရတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်။ သူ့နာမည်က ဦးမြင့်စိုး ဖြစ်ပါတယ်။

ထို့အတူပဲ ကျွန်တော့်ရဲ့မိတ်ဆွေပေါ့လေ၊ သူငယ်ချင်း လောလောဆယ်ဒါရိုက်တာလုပ်နေတဲ့ မြင့်စိုး(ဝ/သ) ဆိုတာလည်း တစ်ယောက်ရှိပါတယ်။ မြင့်စိုးဆိုတဲ့နာမည်တွေက ပေါများတဲ့အတွက် ကျွန်တော်နဲ့ အခုစကားပြောမယ့် လူချောလူလှ မင်းသားကြီးမြင့်စိုးကို မင်းသားကြီးလို့ပဲ ကျွန်တော်က ခေါ်ဝေါ်လေ့ရှိပါတယ်။ အခုကျွန်တော်နဲ့ မင်းသားကြီးမြင့်စိုးနဲ့ ရုပ်ရှင်စကားဝိုင်းကို စတင်မှာဖြစ်ပါတယ်။

(၁၈-၉-၂၀၁၀ ရက်နေ့မှ အဆက်)

**မင်းသားကြီးမြင့်စိုး။** ။ ဦးမြင့်စိုးတဲ့ မင်းသားကြီးတဲ့ အဲဒီ "မင်းကတော်" ဇာတ်က တစ်နေ့တာဇာတ်လမ်းဆိုတဲ့။
**ကြည်စိုးထွန်း။** ။ ဟုတ်တယ်။
**မင်းသားကြီးမြင့်စိုး။** ။ ဇာတ်လမ်းက တစ်နေ့တာဇာတ်လမ်း ကျွန်တော်က ဟိုတုန်းက ဆရာတို့မီလာမသိဘူး၊ Roman Holiday
**ကြည်စိုးထွန်း။** ။ Roman Holiday ကောင်းတယ်။
**မင်းသားကြီးမြင့်စိုး။** ။ Gregory Peck နဲ့ Audrey Hupbern ဟုတ်တယ် အဲဒီကားကို ကျွန်တော် သိပ်သဘောကျတယ်။
**ကြည်စိုးထွန်း။** ။ သိပ်ကောင်းတာပဲ။
**မင်းသားကြီးမြင့်စိုး။** ။ အဲဒီကားကို သဘောကျပြီးတော့မှ ဂျပန်ကနေပြီးတော့ princess and photographer ဆိုတာ။
**ကြည်စိုးထွန်း။** ။ ဟုတ်တယ် seven nights in Japan တို့ ဘာတို့ ဒီသဘောပါပဲ။
**မင်းသားကြီးမြင့်စိုး။** ။ အဲဒီသဘောလိုက်တာ ကျွန်တော်က အဲဒီ Roman Holiday ကို သဘောကျတာ။
**ကြည်စိုးထွန်း။** ။ သိပ်ကောင်းတာပဲ။
**မင်းသားကြီးမြင့်စိုး။** ။ သဘောကျတော့ ကျွန်တော်ကျောင်းသားဘဝပဲ ရှိသေးတယ်။
**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။
**မင်းသားကြီးမြင့်စိုး။** ။ နောက်တစ်ခုက အိန္ဒိယကနေပြီးတော့ ဇာတ်ကား တစ်ကား ရက်ရှိကပူးရိုက်တယ်။
**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။
**မင်းသားကြီးမြင့်စိုး။** ။ ဂျက်ဆီလာဟိုးတဲ့။
**ကြည်စိုးထွန်း။** ။ ဩော် ဂျက်ဆီလာဟိုး။
**မင်းသားကြီးမြင့်စိုး။** ။ တစ်ညတည်း အဖြစ်အပျက်။
**ကြည်စိုးထွန်း။** ။ ဩော်။
**မင်းသားကြီးမြင့်စိုး။** ။ ဟာမြန်မာပြည်မှာ တစ်ညတည်းအဖြစ်အပျက်၊ တစ်နေ့တည်းအဖြစ်အပျက် ဘယ်သူမှ မရိုက်သေးဘူး။
**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။
**မင်းသားကြီးမြင့်စိုး။** ။ ကျွန်တော်က ဘာသွားသတိရလဲဆိုတော့ ဆရာဦးသာခုက 'ကကြီးရေက' မှာ တစ်နေရာတည်းမှာ ခြံထဲမှာ အဖြစ်အပျက်ကလေး ပြတယ်။ ကျွန်တော်ကလည်း ပန်းခြံထဲမှာ တစ်နေ့တည်း အဖြစ်အပျက်ပြလိုက်တယ်။
**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။
**မင်းသားကြီးမြင့်စိုး။** ။ ကျွန်တော်က စွန့်စားချင်တယ်ပေါ့။



**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။
**မင်းသားကြီးမြင့်စိုး။** ။ တစ်နေ့တည်းအဖြစ်အပျက်ကို။
**ကြည်စိုးထွန်း။** ။ စိတ်ဝင်စားအောင်။
**မင်းသားကြီးမြင့်စိုး။** ။ ကျွန်တော်ကအဲဒီမှာ 'မင်းကတော်' ရိုက်တယ်။
**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။
**မင်းသားကြီးမြင့်စိုး။** ။ ဇာတ်ညွှန်းက ဟိုတုန်းကနာမည်ကြီး တက္ကသိုလ်မောင်လှသူ။
**ကြည်စိုးထွန်း။** ။ ဩော် ကိုလှသူ။
**မင်းသားကြီးမြင့်စိုး။** ။ ကိုလှသူ။
**ကြည်စိုးထွန်း။** ။ သိတယ်။
**မင်းသားကြီးမြင့်စိုး။** ။ နောက်ပြီးတော့ စာရေးဆရာမြတ်ထွဋ်။
**ကြည်စိုးထွန်း။** ။ ဩော် မြတ်ထွဋ် ဆုံးသွားပြီ။
**မင်းသားကြီးမြင့်စိုး။** ။ သူတို့နှစ်ယောက်ရေးတဲ့ ဇာတ်ညွှန်း။
**ကြည်စိုးထွန်း။** ။ နှစ်ယောက်စလုံး ဆုံးသွားပြီ။
**မင်းသားကြီးမြင့်စိုး။** ။ ဟုတ်တယ်ဆရာ။ အဲဒီမှာ ဆရာ့ကို ပြောပြဦးမယ် ကြုံလို့။ ကျွန်တော်က ဇာတ်ကား ပရီရှိုးပေါ့ ပရက်ရှိုးမှာပြတော့ စာနယ်ဇင်းဌာနကို ကျွန်တော်ကဝေဖန်ခိုင်းတယ်။ ဝေဖန်ကြပါဆိုတော့ ကျွန်တော့်ရိုက်ကွက်နဲ့ ပတ်သက်လို့ ဘယ်သူမှ မဝေဖန်ဘူး။ ဇာတ်လမ်းနဲ့ပတ်သက်လို့ အင်္ဂလိပ်ကား အတုခိုးထားတယ် ဘာတယ်ပြောတာပေါ့။
**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။
**မင်းသားကြီးမြင့်စိုး။** ။ ဒါပေမဲ့ ဟိုတုန်းက အဒက်ပ် လုပ်ရတာပေါ့ဆရာရယ်။ ဒါအနုပညာဆက်နွှယ်ဆိုတော့ ကျွန်တော်က ဘာဖြစ်လဲဆိုတော့ တစ်ရက်တည်း အဖြစ်အပျက်ဇာတ်လမ်း ရိုက်တဲ့အတွက် နယ်မှာပြတော့ ကြည့်တဲ့ပုဂ္ဂိုလ်တွေက ဒီဇာတ်ကားက လွယ်လွယ်ကူကူ တစ်ရက်တည်း ရိုက်ထားပါလား ထင်တယ်။
**ကြည်စိုးထွန်း။** ။ ဟားဟား။
**မင်းသားကြီးမြင့်စိုး။** ။ ဆရာရယ် one scene တောင်မှ တစ်နေ့ပြတ်ဖို့က လွယ်တာမှမဟုတ်ဘဲ။
**ကြည်စိုးထွန်း။** ။ မှန်တာပေါ့ မှန်တာပေါ့။
**မင်းသားကြီးမြင့်စိုး။** ။ ဆရာဒါရိုက်တာပဲ သိတာပေါ့။
**ကြည်စိုးထွန်း။** ။ မှန်တာပေါ့။
**မင်းသားကြီးမြင့်စိုး။** ။ အဲဒီတော့ တစ်ရက်တည်း ရိုက်လို့ ဘယ်ပြီးပါ့မလဲ။ အဲဒါနဲ့ ပြောပြဦးမယ် ခင်ယုမေက ပြောတယ် ခင်ယုမေက အသက်ထင်ရှားရှိပါသေးတယ်။
**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။
**မင်းသားကြီးမြင့်စိုး။** ။ အစ်ကိုတဲ့ အစ်ကို့ဇာတ်ထုပ်က တစ်ရက်တည်း ဖြစ်တယ်။ ခုထက်ထိဆယ်ရက်၊ ဆယ့်ငါးရက် မပြီးသေးဘူးလားတဲ့။ ကျွန်တော်ကပြောရတယ် မေရေလို့ ပေတစ်သောင်းငါးထောင်လောက်ရိုက် ဟိုတုန်းက။
**ကြည်စိုးထွန်း။** ။ ဟုတ်ပ။
**မင်းသားကြီးမြင့်စိုး။** ။ ပေတစ်သောင်းငါးထောင်ထဲမှာ ဆယ်နှစ်ဇာတ်ထုပ်လည်းပဲ။
**ကြည်စိုးထွန်း။** ။ ဒါပေါ့။
**မင်းသားကြီးမြင့်စိုး။** ။ ဒီလိုပဲ အကြာကြီးရိုက်ရတာပဲ။
**ကြည်စိုးထွန်း။** ။ မှန်တာပေါ့။
**မင်းသားကြီးမြင့်စိုး။** ။ တစ်ရက်တည်းဇာတ်ထုပ်လည်း ပေတစ်သောင်းငါးထောင်ပြည့်အောင် ရိုက်ရမှာပဲ။
**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။
**မင်းသားကြီးမြင့်စိုး။** ။ ဆိုတော့ အဲဒါပြောပြတယ်ပေါ့။
**ကြည်စိုးထွန်း။** ။ ဟိုတုန်းက အမေရိကန်ကားတစ်ကားရှိတယ်လေ Hight Noon ဆိုတာလေ။ Hight Noon က တစ်နာရီအတွင်း အဖြစ်အပျက်။
**မင်းသားကြီးမြင့်စိုး။** ။ ကိုင်းဘယ်လောက်အထိပြည့်စုံလဲ။






စာမျက်နှာ ၂၃ သို့

○ စာမျက်နှာ ၂၂ မှ

**ကြည်စိုးထွန်း။** ။ တစ်နာရီအတွင်း အဖြစ်အပျက်။
**မင်းသားကြီးမြင့်စိုး။** ။ ဟုတ်တယ်။
**ကြည်စိုးထွန်း။** ။ အဲဒါမျိုးတွေလည်း ရိုက်ခဲ့တာပေါ့။
**မင်းသားကြီးမြင့်စိုး။** ။ ဟုတ်တယ်။
**ကြည်စိုးထွန်း။** ။ Roman Holiday ဆိုရင်လည်းတစ်ရက်တော့မဟုတ်ဘူးဗျ။ တစ်ညတော့ အိပ်သေးတယ်ထင်တယ် တစ်ည တစ်နေ့ပေါ့လေ။
**မင်းသားကြီးမြင့်စိုး။** ။ Roman Holiday က တစ်ညဆရာ။
**ကြည်စိုးထွန်း။** ။ မဟုတ်ဘူးဗျ။ ရောက်တဲ့ည သူက မင်းသမီးက တစ်ညအိပ်သေးတယ်၊ နောက်တစ်နေ့ည ပြန်ပို့ရတာကိုး တစ်ရက်ပေါ့လေ တစ်ရက်ပေါ့နော်။
**မင်းသားကြီးမြင့်စိုး။** ။ တစ်ရက်တစ်ရက်။
**ကြည်စိုးထွန်း။** ။ အင်မတန်ကောင်းတဲ့ကား။ ကျွန်တော်သိပ်သဘောကျတယ်။ Roman Holiday Gregory Peck ကလည်းကောင်းတယ်။ နောက်တစ်ခါ Audrey Hepburn ကလည်းကောင်းတယ်။
**မင်းသားကြီးမြင့်စိုး။** ။ နောက်ဆုံး ဇာတ်သိမ်းမှာ Gregory Peck က Hall ထဲမှာ လျှောက်သွားတာ ဘယ်လောက်ကောင်းလဲ။
**ကြည်စိုးထွန်း။** ။ အကျယ်ကြီး ဒီဇာတ်လမ်း ဦးတည်ချက်ကို ကျွန်တော်သဘောကျလို့ နည်းနည်းလေးပြောပါရစေ။ ဘာလို့လဲဆိုတော့ မင်းသားကြီးကြိုက်တာနဲ့ ကျွန်တော်ကြိုက်တာနဲ့လည်း တူတယ်။ နောက်ပြီးတော့ ဒီဟာကို ပရိသတ်ကိုလည်း ဒါလေးကိုပေါ့လေ၊ ကျွန်တော်ဘာကြောင့်ကြိုက်တယ်ဆိုတာ လက်ဆောင်လေးပေါ့။ ကျွန်တော်တို့ရဲ့ ဘာကြောင့်ကြိုက်တာလဲဆိုတဲ့ လက်ဆောင်လေးပေါ့။ ကျွန်တော်က ဒီနေရာမှာ တင်ပြချင်တာပေါ့။
**မင်းသားကြီးမြင့်စိုး။** ။ ဟုတ်ကဲ့။
**ကြည်စိုးထွန်း။** ။ ဘာလို့လဲဆိုတော့ Roman Holiday မှာ ဘာကို သူက ဆိုလိုလဲဆိုတော့ ကိုယ့်အတွက်မဟုတ်ဘူး အချစ်ဆိုတာ။
**မင်းသားကြီးမြင့်စိုး။** ။ ဩော်။
**ကြည်စိုးထွန်း။** ။ အများအတွက်။
**မင်းသားကြီးမြင့်စိုး။** ။ ဟုတ်ကဲ့။


သန်းနွဲ့


ထွန်းဝေ


“ဖာတစ်လုံးခေါင်းကျား” ခင်မောင်


ခင်မောင်ဇင်

ကြီးနဲ့ ကျွန်တော်နဲ့ ကြုံကြိုက်လို့ Roman Holiday လေးရဲ့ကောင်းတာလေးကို ကျွန်တော်တို့က မေတ္တာလက်ဆောင်၊ ကိုယ်ကစားကောင်းတဲ့ ဟာလေးတွေ့ရင် ပရိသတ်လည်း စားစေချင်တဲ့ သဘောမျိုးနဲ့။
**မင်းသားကြီးမြင့်စိုး။** ။ မှန်တာပေါ့။
**ကြည်စိုးထွန်း။** ။ ဒါလေးကို လက်ဆောင်ပါးတာပါ။
**မင်းသားကြီးမြင့်စိုး။** ။ ကောင်းတယ်။
**ကြည်စိုးထွန်း။** ။ Roman Holiday ပါ။
**မင်းသားကြီးမြင့်စိုး။** ။ ကောင်းလိုက်တာမှ ဆရာရယ်။
**ကြည်စိုးထွန်း။** ။ Gregory Peck နဲ့ Audrey Hepburn ဩော် မင်းသားကြီးက အဲဒါကိုသဘောကျပြီးတော့။
**မင်းသားကြီးမြင့်စိုး။** ။ သဘောကျပြီးတော့ ‘မင်းကတော်’ ကိုရိုက်တယ်။
**ကြည်စိုးထွန်း။** ။ ကျွန်တော်မှတ်မိတာ ‘မင်းကတော်’ ထဲမှာ မင်းသားကြီးရဲ့သူငွေးက ဦးကြယ်နီထင်တယ်။ ဦးကြယ်နီက သူက ဗမာလိုဝတ်တယ်။ ဒါပေမဲ့ သူ့ရဲ့ကားဒရိုင်ဘာကို သူကအနောက်တိုင်းလို ဝတ်စေတယ် ဟုတ်လား။ ဘာလို့ဆို ဟိုဘိုတွေကနေပြီးတော့ ဝတ်တယ်ဆိုရင် ကျွန်တော်တို့ ဟိုအင်္ဂလိပ်ခေတ်ကဆိုရင် ဗမာတွေက ကားမောင်းနေတယ်။ ဒရိုင်ဘာတွေက ကားမောင်းရင် ခေါင်းပေါင်းနဲ့ တိုက်ပုံနဲ့ မောင်းရတယ်။
**မင်းသားကြီးမြင့်စိုး။** ။ ဟုတ်တယ်။
**ကြည်စိုးထွန်း။** ။ ဒီ ဘိုတွေကို ငါလက်စားချေမယ်ဆိုပြီးတော့ တစ်ခါတည်း သူ့ရဲ့ဒရိုင်ဘာကို ဘိုလိုဆင်ထားတယ်။
**မင်းသားကြီးမြင့်စိုး။** ။ နက်ကတိုင် (Necktie) နဲ့။

**မင်းသားကြီးမြင့်စိုး။** ။ ရောက်သွားတော့ တရုတ်ဧည့်သည်တော်တွေ ရောက်နေတယ် ဟိုတုန်းက တရုတ်ယဉ်ကျေးမှုတွေပေါ့။ တရုတ်ဧည့်သည်တော်တွေ တရုတ်ထိပ်တန်းပုဂ္ဂိုလ်တွေပေါ့ ရောက်နေတယ်။ သူတို့ကို ပြစရာမရှိဘူး။ ကျွန်တော်က ဟိုတုန်းက တပ်မတော်အတွက် ဗထူးမြို့ကို ဒီဇာတ်ကားပြဖို့လို့ လှူထားတယ်ပေါ့။
**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။
**မင်းသားကြီးမြင့်စိုး။** ။ ဘယ်နှရက် တစ်လပေါ့ဗျာ။
**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။
**မင်းသားကြီးမြင့်စိုး။** ။ ဗထူးမြို့တပ်မတော်သားတွေစစ်သင်တန်းတက်တဲ့ သူတွေပြဖို့ပေါ့။ ပြတော့ဟိုက ဒီပြင်ဗမာဇာတ်ကား ပြစရာမရှိတော့ အဲဒီ ‘မင်းကတော်’ ကို တရုတ်ယဉ်ကျေးမှု တရုတ်ကိုယ်စားလှယ်အဖွဲ့ကို ပြလိုက်တာ၊ ပြလိုက်တော့ တရုတ်တွေက ဘာပြောလဲဆိုတော့ ဟာဗမာဇာတ်ကား ဒီလောက်ကောင်းတာ ဗမာဇာတ်ကားကြည့်တယ်။ ဒီပြင်ကားတွေ ဒီလောက်မကောင်းဘူးတဲ့ ဒီဟာတော်တော် သဘာဝကျတယ်။ ကောင်းတယ်။ ကျွန်တော့်ကို ဗထူးတပ်ကနေပြီးတော့ တပ်မှူးက ပြန်ဖုန်းဆက်တယ်။
**ကြည်စိုးထွန်း။** ။ ဩော်။
**မင်းသားကြီးမြင့်စိုး။** ။ ကိုမြင့်စိုးတဲ့ ခင်ဗျားကားကို တရုတ်တွေ သဘောကျတယ်တဲ့ ကျွန်တော်ဝမ်းသာသွားတယ်။
**ကြည်စိုးထွန်း။** ။ ဒါပေါ့ ဒါပီတိပဲလေ။
**မင်းသားကြီးမြင့်စိုး။** ။ နိုင်ငံခြားက ပုဂ္ဂိုလ်တွေက အဆင့်အတန်းမြင့်တဲ့ ပုဂ္ဂိုလ်တွေက ဆရာ့လိုပေါ့ဆရာရယ်။ ပိုက်ဆံ





**ကြည်စိုးထွန်း။** ။ မင်းသမီးလေးအနေနဲ့ကလည်း သူတကယ်ချစ်ရင် ဒီလူ့ကို ယူလိုက်ရင်ပြီးတယ်။ ဒါပေမဲ့ သူဟာ သာမန်မိန်းကလေးတစ်ယောက် မဟုတ်ဘူး။ သူ့နောက်မှာ သူ့ကို လေးစားကြည်ညိုနေတဲ့၊ သူ့ကို ဂုဏ်ဒြပ်တစ်ခုအနေနဲ့ ကြည့်နေတဲ့ သူ့ရဲ့ ပြည်သူပြည်သားတွေရှိတယ်။
**မင်းသားကြီးမြင့်စိုး။** ။ ဘုရင့်အမျိုး ဘုရင့်အနွယ်ဟာကို။
**ကြည်စိုးထွန်း။** ။ မင်းသမီးကို သူက ဟိုလူကျတော့လည်း ဒီကောင်မလေးကို သူသိမ်းပိုက်လိုက်လို့ ရတယ်။
**မင်းသားကြီးမြင့်စိုး။** ။ ဟုတ်တယ်။
**ကြည်စိုးထွန်း။** ။ သူ့အိပ်ရာပေါ်ရောက်နေတဲ့ မိန်းကလေး။
**မင်းသားကြီးမြင့်စိုး။** ။ ဟုတ်တယ်။
**ကြည်စိုးထွန်း။** ။ ဒါပေမဲ့ သူဒီလိုမလုပ်ဘူး။
**မင်းသားကြီးမြင့်စိုး။** ။ ဟုတ်တယ်။
**ကြည်စိုးထွန်း။** ။ လူကြီးလူကောင်းလိုသူ့ရဲ့ဘဝက ပိုက်ဆံလည်းမရှိဘူး။ နေရတဲ့အခန်းလေးကလည်းဟိုကောင်မလေးမေးသလို မင်းသမီးလေးကမေးတယ်။ ဒါဘာလဲတဲ့ ဒါဓာတ်လှေကားခန်းလားတဲ့။ ဓာတ်လှေကားလောက်လေးပဲ ရှိတဲ့အခန်းလေးထဲမှာနေရတဲ့ သတင်းထောက်လေးရဲ့ လူဆန်တဲ့စိတ်ဓာတ်။
**မင်းသားကြီးမြင့်စိုး။** ။ ကောင်းတယ်ဆရာ။
**ကြည်စိုးထွန်း။** ။ နောက် စွန့်လွှတ်တတ်တဲ့ မေတ္တာတရား။
**မင်းသားကြီးမြင့်စိုး။** ။ ဟုတ်တယ်ဆရာ။
**ကြည်စိုးထွန်း။** ။ ကျွန်တော် အဲဒါတွေကိုလေ သဘောကျတာပါ။
**မင်းသားကြီးမြင့်စိုး။** ။ ဟာသိပ်ကောင်းတယ်။
**ကြည်စိုးထွန်း။** ။ သူ့ရဲ့ ဦးတည်ချက်လေးလည်း သဘောကျတယ်။ အမူအရာတွေလည်း ကောင်းတဲ့အတွက် မင်းသား

**ကြည်စိုးထွန်း။** ။ သိပ်ကောင်းတာပဲ အဲဒါ သဘောကျတယ်။ မှတ်မိတယ် ကျွန်တော် အဲဒီကားကြည့်ဖူးတယ် သိပ်ကောင်းတာပဲ အဲဒီကား။
**မင်းသားကြီးမြင့်စိုး။** ။ ရည်ရွယ်ချက်ကောင်းတယ်။
**ကြည်စိုးထွန်း။** ။ ကောင်းတယ်။
**မင်းသားကြီးမြင့်စိုး။** ။ အဲဒီမှာ ဧည့်သည်တော်တွေ အများကြီးပါတယ်။ မောင်မောင်တာတို့၊ ကောလိပ်ဂျင်နေဝင်း၊ ခင်မောင်ဇင်၊ မြင့်မြင့်ငွေး၊ ပြုံးပြုံးကြည် ဟာ တော်တော်များများပါတယ်။
**ကြည်စိုးထွန်း။** ။ ပျော်စရာကောင်းတယ်နော်။
**မင်းသားကြီးမြင့်စိုး။** ။ ကျွန်တော် စိတ်ကူးထားတာက အဲဒီဇာတ်ကား သာအောင်မြင်ရင်။
**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။
**မင်းသားကြီးမြင့်စိုး။** ။ သူတို့တွေကို ဂုဏ်ပြုဖို့ စိတ်ကူးထားတာ။
**မင်းသားကြီးမြင့်စိုး။** ။ အခုဟာက မအောင်မြင်တဲ့အပြင် ကိုယ့်ရှိတာလေး အရင်းပြုတ်သွားတာပေါ့ ဆရာ။ ဒါပေမဲ့ ဆရာရယ်။ ကျွန်တော်တို့ အနုပညာသည် ဆရာလည်းသိပါတယ်။ တစ်ဦးတစ်ယောက်က ဂုဏ်ပြုလိုက်ရင်၊ ချီးကျူးလိုက်ရင်၊ ပီတိလေးတွေက၊ အရှုံးထဲက အမြတ်ပေါ့ဆရာရယ်။
**ကြည်စိုးထွန်း။** ။ မှန်ပါတယ်။
**မင်းသားကြီးမြင့်စိုး။** ။ အဲဒါလေးပြောပြမယ်။ မြန်မာပြည်မှာ နယ်မှာ မအောင်မြင်ပေမယ့် ရန်ကုန်၊ မန္တလေး၊ ပုသိမ်၊ ဟင်္သာတမြို့ကြီးတွေမှာ အတော်အောင်မြင်တယ်။ အဲဒီအောင်မြင်တဲ့အပြင်ကို ကျွန်တော်အရင်းမရပေမယ့် ကုန်သွားပေမယ့် ဗထူးမြို့မှာ ကျွန်တော့်ဇာတ်ကား ရောက်သွားတယ်။
**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

ရှုံးပေမယ့် ပညာမရှုံးဘူးပေါ့။ အဲဒါလေး ဝမ်းသာသွားတယ်ဆရာ။
**ကြည်စိုးထွန်း။** ။ အဲဒီတော့ရုပ်ရှင်ကတော့ကျွန်တော်စုဆောင်းထားတာ ကျွန်တော် လေ့လာထားတာကတော့ မင်းသားကြီးကားတွေ ဒါပဲထင်တယ်။
**မင်းသားကြီးမြင့်စိုး။** ။ ဟုတ်ကဲ့။
**ကြည်စိုးထွန်း။** ။ နောက်ထပ်များရှိသေးလားမသိဘူး။
**မင်းသားကြီးမြင့်စိုး။** ။ ရှိတယ်ဆရာရဲ့။
**ကြည်စိုးထွန်း။** ။ ဟုတ်လား ပြောပါဦး။
**မင်းသားကြီးမြင့်စိုး။** ။ ‘မာယာကြာခြည်’ ကုမ္ပဏီ ပဒေသာဖလင်း။ ‘ရာဇဒဏ်’၊ နောက်ပြီးတော့ စိုးဘရားသား ‘တစ်ပွင့်မာလာ’။ သုခုမရုပ်ရှင်က ‘နှောင်ကြိုး ငင်ပါ့မယ်လေ’၊ ဆောင်းဖလင်းက ‘ချစ်ပန်းတစ်ပွင့်’။ နောက်ပြီးတော့ ဆွေဗမာဖလင်းက ‘ဘဝကြင်ဖော်’။ နောက်ပြီးတော့ ဗန္ဓုလချစ်မောင်က ‘ကြိုက်ပြီ’ ဆိုတဲ့ သန်းနွဲ့နဲ့ ရိုက်တာ။
**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။ အခုက ကျွန်တော်ကြည့်တဲ့အထဲမှာ ‘ကြိုက်ပြီ’ နဲ့ ‘မိမိကြီး’နဲ့ ကျွန်တော်မတွေ့တာပေါ့နော်။
**မင်းသားကြီးမြင့်စိုး။** ။ ဟုတ်တယ်။ နောက် ‘ဣရူပ’ နောက်စတားလိုက်ဖလင်းက ဒါရိုက်တာရွှေနှင်းမောင်က ‘ငွေပေစာ’။ ‘ငွေပေစာ’ ကျွန်တော်ရိုက်တယ်ဆရာ။ နောက်ပြီးတော့ စာဆိုတော်ရုပ်ရှင်က ဒါရိုက်တာဆရာကြီး ဒဂုန်ခတ်ရှင်ရဲ့သား ဒါရိုက်တာကိုသန်းထွန်းဆိုတာ။ သူက ခုနက ‘ဖာတစ်လုံးခေါင်းကျား’ ခင်မောင်လည်း ပါတယ်။ ‘ချစ်ဝေစု’ ‘ချစ်ဝေစု’။ နောက်တော့ ဒါရိုက်တာဦးချင်းစိန်ရဲ့ ‘အိမ်ထောင်စု’။ ‘အိမ်ထောင်စု’ က မင်းသား မင်းသမီး အကုန်ပါတယ်။
**ကြည်စိုးထွန်း။** ။ ဟုတ်ပါတယ်။ ကောလိပ်ဂျင်နေဝင်းတို့၊ ထွန်းဝေတို့ရော။ **(ဆက်လက်ဖော်ပြပါမည်)**

## ကိုဗစ်-၁၉ ရောဂါကာလ ရန်ကုန်မြို့၌ အဓိကဆန်ကုန်စည်ဒိုင်များ တစ်ပတ်သုံးရက်ဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင်များသည် စားသုံးသူပြည်သူများ၏ နေ့စဉ်စားသုံးနေသည့် စားနပ်ရိက္ခာဆန်များ ဖြန့်ဖြူးပေးနေခြင်းဖြစ်သောကြောင့် ဝါးတန်းနှင့် ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်များကို တစ်ပတ်လျှင် သုံးရက်ဖွင့်ထားမည်ဖြစ်ကြောင်း ယမန်နေ့က ထုတ်ပြန်ကြေညာထားသည်။

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင်များသည် ရန်ကုန်မြို့နှင့် နိုင်ငံတစ်ဝန်း စားသုံးသူပြည်သူများ၏ နေ့စဉ်စားသုံးနေသော စားနပ်ရိက္ခာဆန်များ ဖြန့်ဖြူးပေးရာ အဓိကကျသောနေရာများဖြစ်သည့်အပြင် စားနပ်ရိက္ခာအတွက် မရှိမဖြစ်လိုအပ်သောနေရာများဖြစ်သည်။

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင်များကို တနင်္ဂနွေနေ့တစ်ရက်မှလွဲ၍ နေ့စဉ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ယခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ထုတ်ပြန်ထားသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အမိန့်အမှတ် (၁၀၇/၂၀၂၀) ဖြင့် ရန်ကုန်မြို့အတွင်း Stay at Home နေထိုင်ရန် ထုတ်ပြန်ချက်အရ



မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) လမ်းမတော်မြို့နယ်နှင့် ဆန်စပါးကုန်စည်ဒိုင် (ဘုရင့်နောင်) မရမ်းကုန်းမြို့နယ်တို့ကို တစ်ပတ်လျှင် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင်) ဖွင့်လှစ်ရောင်းချရန်နှင့် ရောင်းချမည့်အချိန်ကို နံနက် ၆ နာရီခွဲမှ ၁၀ နာရီအတွင်းသာ အရောင်းအဝယ်ပြုလုပ်မည်ဖြစ်သဖြင့် အသင်းသူ အသင်းသားများနှင့် ဝယ်ယူသူအားလုံးတို့ကို အသိပေးကြေညာထားကြောင်း၊ ပြန်လည်ပြင်ဆင်ပါကလည်း ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

အသင်းသူ အသင်းသားများ၊ ရောင်းသူ/ဝယ်သူများအနေဖြင့် ဆန်စပါးကုန်စည်ဒိုင်များအတွင်းသို့ လာရောက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ကြရန်ဖြစ်သည်ဟု မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းမှ ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

**မြင့်မောင်**

## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နေရပ်ပြန်သူများအား ကျန်းမာရေးအသိပညာပေး



**ညောင်တုန်း စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစင်တာ ၂၁ ခုတွင် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ညောင်တုန်းမြို့တွင် Stay at Home နေထိုင်ရေး သတ်မှတ်ထားသော မြို့နယ်များမှ နေရပ်ပြန်လာသူများအား အသွားအလာကန့်သတ်ရေးစောင့်ကြည့်စင်တာများတွင်ထားရှိပြီး ကျန်းမာရေးဝန်ထမ်း၊ သူနာပြုများနှင့် လူမှုရေးအသင်းအဖွဲ့များက ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဖျားနာခြင်း၊ ချောင်းဆိုးခြင်းများ ရှိမရှိ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ညောင်တုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအသီးသီးတွင်လည်း Stay at home သတ်မှတ်ထားခြင်းမရှိသည့် မြို့နယ်များမှ ပြန်လာသူ ၁၆၀ အား နေအိမ်များတွင် သီးသန့်နေထိုင်လျက်ရှိပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ လိုက်နာရေး၊ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် မြို့နယ် ကိုဗစ်-၁၉ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့အစည်းများက နှာခေါင်းစည်းများ အခမဲ့ဝေငှခြင်း၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

## မန္တလေးမြို့၌ အခမဲ့လာရောက်ပြသနိုင်ရန် ဖျားနာကုဆေးခန်းများ ပြန်လည်ဖွင့်လှစ်

**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေးမြို့ရှိ အခမဲ့ ဖျားနာရောဂါကုသရေးဆေးခန်း (Fever Clinic)များတွင် ဖျားနာသူများအခမဲ့လာရောက်ပြသနိုင်ရန် ပြန်လည်ဖွင့်လှစ်ထားကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)မှ သိရသည်။

"အခမဲ့ ဖျားနာဆေးခန်းတွေကို ပြီးခဲ့တဲ့ ဧပြီလက စတင်ဖွင့်လှစ်ခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာ ကိုဗစ်ရောဂါ တော်တော်လေးထိန်းချုပ်သွားနိုင်တော့ ဇူလိုင်လမှာ ပြန်ပိတ်လိုက်တယ်။ ဒီလထဲမှာ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ပြန်လည်မြင့်တက်လာတဲ့အတွက် မန္တလေးတိုင်းဒေသကြီး အထွေထွေရောဂါကု ဆေးရုံကြီးမှာ ဖျားနာသူတွေစုပြုံသွားတာမျိုးမဖြစ်အောင်၊ ဆေးရုံကိုလည်း မသွားချင်သူတွေ ကိုယ့်မြို့နယ်ထဲမှာပဲပြသနိုင်အောင် ပြန်လည်ဖွင့်လှစ်တာပါ" ဟု မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖျားနာကုအခမဲ့ဆေးခန်းများကို ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရေးအတွက် မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) တို့ ပူးပေါင်းဖွင့်လှစ်ထားခြင်းဖြစ်ပြီး စေတနာ့ဝန်ထမ်း ဆရာဝန်များ အလှည့်ကျဆောင်ရွက်ပေးလျက်ရှိကာ နေ့စဉ် နံနက် ၉ နာရီ မှ ၁၁ နာရီအထိပိတ်ရက်မရှိ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။



မန္တလေးမြို့တွင် အခမဲ့ဖျားနာရောဂါကုသရေးဆေးခန်းများကို ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်နှင့် အောင်မြေသာစံမြို့နယ် ၁၂ လမ်းရှိ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်တို့တွင် အသီးသီးဖွင့်လှစ်ထားကြောင်း သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါကာလအတွင်း ကူညီပေးသူများအား အခြေခံစားကုန်များ ထောက်ပံ့

**နောင်ချို စက်တင်ဘာ ၂၂**

ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဈေးရပ်ကွက်ဓမ္မာရုံ၌ ကိုဗစ် -၁၉ ရောဂါကာလအတွင်း ကူညီဆောင်ရွက်ပေးသူများအား အခြေခံစားကုန်ဖြစ်သည့် ဆန်နှင့် ဆီတို့ကို ယမန်နေ့ ညနေပိုင်းတွင် အလှူရှင်များက ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ထိုသို့ထောက်ပံ့ရာတွင် မြို့နယ်ကြက်ခြေနီအဖွဲ့ဝင် ၃၁ ဦး၊ မီးသတ်တပ်ဖွဲ့ဝင် ၄၂ ဦး၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင် ၂၀၊ ဓမ္မစကူးဆရာ ဆရာမ ၁၃ ဦး၊ ဈေးရပ်ကွက်ဆန်ထောက်ပံ့မှုကော်မတီလေးဦးတို့အား တစ်ဦးလျှင် ဆန်(၆)ပြည်နှင့် ဆီ(၁)ပိဿာနှုန်းစီကို ဦးကျော်ဇောလင်း-ဒေါ်နှင်းရီ (ရွှေပန်းထိမ်) မိသားစုက ထောက်ပံ့လှူဒါန်းခဲ့သည်။

နောင်ချိုမြို့နယ် ဈေးရပ်ကွက်အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း အလှူရှင်များ၏ လှူဒါန်းမှု၊ ဈေးရပ်ကွက်အုပ်ချုပ်ရေးမှူး၏ စီစဉ်မှုတို့ဖြင့် ရပ်ကွက်အတွင်းရှိ ပြည်သူများအား တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ရစေရန် အခြေခံစားကုန်များကို စဉ်ဆက်မပြတ်ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**ထွေးငယ်(ပြန်/ဆက်)**

## မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရေး ဆောင်ရွက်

**ကျိုက်မရော**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့ မြို့မဈေးကြီးအတွင်း ဈေးရောင်းဈေးဝယ်များနှင့် ဆိုင်ကယ်ကယ်ရီဂိတ်များ၊ အနေးယာဉ်ဂိတ်များ၊ သွားလာနေသူများ၊ ဈေးသူဈေးသားများ၊ ဈေးဝယ်သူပြည်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို စနစ်တကျလိုက်နာစေရေးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက စက်တင်ဘာ ၂၂ ရက် နံနက် ၈ နာရီတွင် ကျိုက်မရောမြို့ မြို့မဈေးကြီး၌ နှာခေါင်းစည်းများ စနစ်တကျဝတ်ဆင်ကြရန်နှင့် အသုံးပြုပြီးသောနှာခေါင်းစည်းများကို နောက်ထပ်အသုံးမပြုမိကြစေရန် အသိပညာပေး၍ လူတစ်ဦးလျှင် နှာခေါင်းစည်း နှစ်ခုစီ အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။ **ချိုချို(ပြန်/ ဆက်)**

**ပလောက်**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများအား နှာခေါင်းစည်းများကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေရာတွင် ပလောက်မြို့ ဟိတကာရီလူမှုကူညီရေးအသင်းမှ စည်ပင်သာယာဈေးအတွင်းနှင့် လမ်းသွားလမ်းလာပြည်သူများအား ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နေအိမ်မှ အပြင်သို့ထွက်ခွာတိုင်း နှာခေါင်းစည်းဝတ်ဆင်ကြရန်၊ ဝတ်ဆင်ရာတွင်လည်း နည်းစနစ်တကျအသုံးပြုတတ်စေရန်နှင့် အသုံးပြုပြီးသည့် နှာခေါင်းစည်းများကို စနစ်တကျစွန့်ပစ်တတ်စေရန် အသိပညာပေးနှိုးဆော်ကာ နှာခေါင်းစည်း ၁၅၀၀ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **နှင်းမြူလွင်(ပြန်/ဆက်)**

**ကော့ကရိတ်**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရေးအတွက် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို နေ့စဉ် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ ညနေပိုင်းက မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကြီးကြပ်ရေးကော်မတီကဦးဆောင်၍ ရောဂါမကူးစက်စေရန် ရှောင်ရန်၊ ဆောင်ရန်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သဟဇာတလူငယ်အဖွဲ့များ၊ စေတနာ့ဝန်ထမ်းလူငယ်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန် ကော့ကရိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်စောင့်ကြည့်ရေးကော်မတီ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်လူငယ်များပူးပေါင်း၍ မြို့နယ်အတွင်းရှိ လူစည်ကားသည့် ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက်ရှိ မီးပွိုင့်လမ်းဆုံ၊ မြို့မဈေးကြီးရှေ့၊ ဇိနသုခဘုရားကြီးရှေ့တို့တွင် နှာခေါင်းစည်းများ အခမဲ့ပေးခြင်း၊ နှာခေါင်းစည်းများကို စနစ်တကျအသုံးပြုရေးနှင့် အိမ်အပြင်ထွက်ပါက နှာခေါင်းစည်းများဝတ်ဆင်ပြီးမှ သွားလာကြရန် အသိပညာပေးပြီး စေတနာအလှူရှင်များမှ လှူဒါန်းသော နှာခေါင်းစည်းများအား ဝေငှခဲ့သည်။

**ကျော်စိုးလွင်(ပြန်/ဆက်)**

မြန်မာနိုင်ငံကြက်ခြေနီအသင်း

(၈၃)ကြိမ်မြောက်
ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေး

၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ(၂၅)ရက်မှ(၂၆)ရက်အထိ
နေပြည်တော်
(Online Video Conferencing ဖြင့်ကျင်းပပြုလုပ်မည်)

## အစုရှယ်ယာလျှော့ချကြောင်းကြော်ငြာခြင်း

Summit Apex Co.,Ltd၏ အထူးအစည်းအဝေးဆုံးဖြတ်ချက် အရ လက်ရှိအစုရှယ်ယာအရေအတွက် ၅၀၀၀(တန်ဖိုး ကျပ်သိန်း ၅၀၀၀)မှ အစုရှယ်ယာ အရေအတွက်၅၀ (တန်ဖိုး ကျပ်သိန်း ၅၀) သို့ အစုရှယ်ယာလျှော့ချရန် အတည်ပြု ဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့




မိမိက ဖြန့်ဖြူးသူ မဖြစ်ပါစေနှင့်၊ နှာချေ၊ ချောင်းဆိုးတိုင်း တစ်ရှူး(သို့မဟုတ်) တံတောင်ကွေးဖြင့် ပါးစပ်နှင့်နှာခေါင်းကို လုံခြုံအောင်ဖုံးအုပ်ပါ။ အခြားအတူနေသူများနှင့် (၆)ပေအကွာတွင်သာ နေထိုင် ပြောဆိုပါ။ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အားအင်ကုန်ခမ်းခြင်းနှင့် အသက်ရှူရ ခက်ခဲခြင်းများရှိနေပါက အနီးဆုံး ဆေးရုံဆေးခန်းသို့ သွားရောက်ပြသပါ။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ပြည်မြို့နယ်တရားရုံးတော်၌

၂၀၂၀ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၈

ဒေါ်အေးမွန်သင်း (တရားလို) နှင့် ဦးကြာပြန့် (ခ) ဦးပြန့် (တရားပြိုင်)

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ နဝင်းရပ်ကွက်၊ နဝင်းကွက်သစ်ရပ်၊ (၁၂)လမ်း၊ အမှတ်(၂၃/၂၉၂)တွင် နေထိုင်သူ တရားပြိုင် ဦးကြာပြန့် (ခ) ဦးပြန့်(ယခုနေရပ် လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အေးမွန်သင်းက မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ (၂၂)ရက်၊ (၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်)၊ နံနက် (၁၀:၀၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ (၂၂)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နန်းဇင်မင်းထက်)
တွဲဖက်မြို့နယ်တရားသူကြီး
ပြည်မြို့နယ်တရားရုံး

## "အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်းကြေညာခြင်း"

နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၃-၁၀-၂၀၁၆)ရက်စွဲဖြင့် ဒု-အရာခံဗိုလ် ထန်းကေ[၉/ပမန(နိုင်)၀၆၀၆၂၃]မှ ကျွန်တော် ဦးကျော်စွာ [၁၂/မဂဒ(နိုင်)၀၉၃၇၈၀]သို့ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာ(၁၁၉၂)အား (၂၃-၉-၂၀၂၀)ရက်နေ့မှစ အပြီးအပိုင်ရုပ်သိမ်းကြောင်း ကြေညာလိုက်သည်။

ဦးကျော်စွာ
[၁၂/မဂဒ(နိုင်)၀၉၃၇၈၀]
Ph:09-682266603

## သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

## (၂၁-၉-၂၀၂၀)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ဦးကော်န်ခါးဆိုင်းကော်န်[၁/မကန(နိုင်)၀၀၂၄၆၀]၊ အမှတ်(H-၁၃၁)၊ ရွှေသရဖီ(၄)လမ်း၊ (FMI City) လှိုင်သာယာမြို့နယ်၏ အများသိစေရန်အသိပေးကြေညာအား ပြန်လည်ရှင်းလင်းခြင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် (၁၇/A-B) နေ ဒေါ်ခင်သန္တာဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးကော်န်ခါးဆိုင်းကော်န်၏ရှေ့နေများ ကြေညာချက်တွင်ပါရှိသော (၁) ဒေါ်ကော်န်ခါးနူးကော်န်၊ (၂) ဦးကော်န်ခါးဆိုင်းကော်န်၊ (၃) ဦးကော်န်ခါးဂျော်မွန်းကော်န်တို့(၃)ဦးမှာ ခရစ်ယာန်ဘာသာကိုးကွယ်သော ဦးမရန်ဂေါ်ဒါးနှင့် ဒေါ်နန်း(ခ)ဒေါ်စန်းစန်းသိန်းမှ မွေးဖွားသောသားသမီးများဖြစ်ကြပါသည်။ ထို(၃)ဦးနှင့် ဦးတင်မောင်ဆွေတို့သည် ဒေါ်နန်း(ခ)ဒေါ်စန်းစန်းသိန်းကွယ်လွန်ပြီးနောက် (၂၃-၇-၂၀၀၄)ရက်နေ့တွင် ချုပ်ဆိုခဲ့သော စာချုပ်အရလည်း ၎င်းတို့အားလုံးသည် ခရစ်ယာန်ဘာသာဝင်များဖြစ်ကြောင်း ထင်ရှားသည့်အပြင် ၎င်းတို့အားလုံးသည် ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်ခင်သန္တာဆွေ၏ဖခင် ဦးတင်မောင်ဆွေနှင့်လည်း သားရင်းသမီးရင်းနှင့် ကိတ္တိမသားသမီးများ မတော်စပ်ကြောင်း ထင်ရှားသိစေအပ်ပါသည်။ ထိုနောက်ပိုင်းတွင် ၎င်းတို့အားလုံးကိုလည်း မဟူရာတည်းခိုခန်းသို့ ဝင်/ထွက်ခွင့်မပြုခဲ့ပါ။

ဦးတင်မောင်ဆွေသည် ကမာရွတ်မြို့နယ်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၁၇/A-B)နေအိမ်နှင့်မြေအား သမီးရင်း ဒေါ်ခင်သန္တာဆွေအတွက်လည်းကောင်း၊ စမ်းချောင်းမြို့နယ်၊ မြင့်မိုရ်လမ်းနေအိမ်နှင့်မြေအား သားအရင်း ဦးကျော်ဇေယျာမောင်အတွက်လည်းကောင်း အသီးသီးလွှဲပြောင်းပေးအပ်ခဲ့ပြီး ဒေါ်ခင်သန္တာဆွေနှင့် ဦးကျော်ဇေယျာမောင်တို့ အမည်ပေါက်လျက်ရှိပါသည်။

ဦးတင်မောင်ဆွေအနေဖြင့် ၎င်း၏လက်ကျန်ဘဝခရီးအတွက် အသုံးပြုရန် မင်္ဂလာဒုံမြို့နယ်ရှိ မဟူရာတည်းခိုခန်းနှင့် တည်းခိုခန်းဆောက်လုပ်ထားသော မြေကွက်များသာချန်ထားပြီး ဗုဒ္ဓတရားတော်နှင့်အညီ နေထိုင်လျက်ရှိရာ (၁၂-၉-၂၀၂၀)ရက်နေ့တွင် ကွယ်လွန်ခဲ့ရာ စိန်/ရွှေ/ငွေအစရှိသော ရွှေ့ပြောင်းနိုင်သောပစ္စည်းများ တစ်စုံတစ်ရာမကျန်ရှိခဲ့ပါ။ စိန်၊ ရွှေ၊ လက်ဝတ်ရတနာနှင့် ရွှေချောင်းပိဿာ (၃၀)လည်းမကျန်ခဲ့ကြောင်း သိစေအပ်ပါသည်။

မဟူရာတည်းခိုခန်းသည် စီးပွားရှာသောနေရာဖြစ်သည့်အတွက် မည်သူတစ်ဦးတစ်ယောက်ကိုမျှ နေထိုင်ခွင့်ပြုခဲ့ခြင်းနှင့် နုတ်ဖြင့်လွှဲအပ်ခဲ့ခြင်းမရှိခဲ့ပါ။ ခွင့်ပြုချက်မရှိ ဘဲ နေထိုင်ခြင်းကြောင့် ကျူးကျော်သူများသာဖြစ်ကြောင်း သိစေအပ်ပါသည်။

ဒေါ်ကော်န်ခါးနူးကော်န်၊ ဦးကော်န်ခါးဆိုင်းကော်န်နှင့် ဦးကော်န်ခါးဂျော်မွန်းကော်န်တို့သည် ခရစ်ယာန်ဘာသာဝင် ဦးမရန်ဂေါ်ဒါး၏ သားရင်းသမီးရင်းများသာဖြစ်ကြသည့်အပြင် ၎င်းတို့နှင့် ဦးတင်မောင်ဆွေသည် သွေးသားတော်စပ်ခြင်းမရှိသောကြောင့်လည်း ဗုဒ္ဓဘာသာဝင် ဦးတင်မောင်ဆွေထံမှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေတောင်းခံပိုင်ခွင့်သည်လည်း ၎င်းတို့၏မိခင် ဒေါ်နန်း(ခ)ဒေါ်စန်းစန်းသိန်း ကွယ်လွန်ပြီးချိန်မှအစပြုပြီး ဆိတ်သုဉ်းပျောက်ကွယ်သွားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးလိမ္မော်(LL.B) | ဦးဝေယံဦး(LL.B) | ဦးမျိုးသူရအောင်(LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၄၃၁၄) | (စဉ်-၁၄၁၃၆) | (စဉ်-၄၂၂၁၀) |

အမှတ်(၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၆၉၂၂၉၉၅၆၃၊ ၀၉-၄၂၈၆၃၀၇၀၄

## လှစောခိုင်(ခ)လှမြင့်ခိုင်[၉/မနမ(နိုင်)၁၁၁၈၇၃]၊ Face book account name KoKo KoKo၊ မန္တလေးတိုင်းဒေသကြီးနေသူနှင့် အများသိစေရန်

၁။ ကျွန်ုပ်၏မိတ်ဆွေ"Htet Htet Agriculture and Landscaping Co.,Ltd"၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ မထက်ထက်[၁၂/သဃက(နိုင်)၁၇၄၄၀၀] သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁။ ကျွန်ုပ်၏မိတ်ဆွေသည် Facebook တွင် "Htet Htet Agriculture Landscaping "ဟူသောအမည်ဖြင့် Account ဖွင့်လှစ်၍ စိုက်ပျိုးရေးသုံးပစ္စည်းများကို ရောင်းချလျက်ရှိရာ ယင်း Account name သည် Follower ၂သောင်းကျော်ရှိသော ကောင်းသတင်းဖြင့် လူသိများသော Facebook account name ဖြစ်ပါသည်။

၂။ သို့ရာတွင် အထက်ခေါင်းစီးတွင်ဖော်ပြထားသူ လူကြီးမင်းသည် Covid-19 ကပ်ရောဂါဆိုက်ကပ်နေသည့်ကာလကို အခွင့်ကောင်းယူ၍ အထက်အပိုဒ်(၁)ပါ ကျွန်ုပ်မိတ်ဆွေ၏ Facebook account၏ Cover Photo, Profile Picture, (၁၇/၁၈-၉-၂၀၂၀)ရက်စွဲနှင့်တင်ထားသော Post(၂)ခု Comment နှင့် Messenger တို့တွင် ကျွန်ုပ်မိတ်ဆွေဂုဏ်သိက္ခာကျဆင်းစေသော ရှန့်ရင်းကြမ်းတမ်းရိုင်းစိုင်းသော စာသားများအား ရည်ရွယ်ချက်ရှိရှိ မသမာသောစိတ်ထားဖြင့် ရေးသားခြိမ်းခြောက်၊ နှောင့်ယှက်ခဲ့ကြောင်း၊ ထို့အပြင် လူကြီးမင်းသည် ကျွန်ုပ်မိတ်ဆွေကိုင်ဆောင်သော လုပ်ငန်းသုံးဖုန်းကိုလည်း ခေါ်ဆို၍လည်းကောင်း၊ SMS ပို့၍လည်းကောင်း၊ နမသားချင်းမစာနာစွာ ဆဲဆို၊ စော်ကားခြိမ်းခြောက်ခဲ့ကြောင်း၊ အထောက်အထားများရှိကြောင်း လွှဲအပ်ချက်အရသိရှိရပါသည်။

၃။ လူကြီးမင်း၏အထက်ပါလုပ်ရပ်များသည် ကျွန်ုပ်မိတ်ဆွေမထက်ထက်၏ ဂုဏ်သိက္ခာနှင့်ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းကို များစွာထိခိုက်နစ်နာစေလျက်ရှိနေပါသဖြင့် ဤအပြုအမူလုပ်ရပ်မျိုးကို နောက်နောင်လုံးဝမပြုလုပ်ပါရန် သတိပေးတားမြစ်လိုက်ပါသည်။

သို့ဖြစ်ပါ၍ နောက်နောင် လူကြီးမင်းအပါအဝင် **မည်သူမဆို** ကျွန်ုပ်၏မိတ်ဆွေ မထက်ထက်နှင့် "Htet Htet Agriculture and Landscaping Co.,Ltd"၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားပျက်စီးစေသော စကား၊ စာသားများကို Internet,Onlineပေါ်တွင် Post တင်ခြင်း၊ Live လွှင့်ခြင်း၊ Comment ပေးခြင်း၊ Share ခြင်းများ ပြုလုပ်ပါက ဆက်သွယ်ရေးဥပဒေအပြင် အခြားတည်ဆဲဥပဒေများအရပါ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းနှင့်တကွ အများသိစေ ရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ချက်ပေးသူ | လွှဲအပ်ချက်အရ |
| မထက်ထက် | ဒေါ်လှမိုးသူ |
| [၁၂/သဃက(နိုင်)၁၇၄၄၀၀] | B.Sc(Phy)Credit(Q1), |
| 09-955518746 | PGDL,LL.B,LL.M(Part-I) |
| | အထက်တန်းရှေ့နေ(စဉ်-၄၉၄၂၁) |
| | 09-972727396 |

## အစုရှယ်ယာလျှော့ချကြောင်းကြော်ငြာခြင်း

Shwe Aye Yeik Co.,Ltd ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက် အရ လက်ရှိအစုရှယ်ယာအရေအတွက် ၅၀၀(တန်ဖိုး ကျပ်သိန်း ၅၀၀)မှ အစုရှယ်ယာအရေအတွက် ၅၀ (တန်ဖိုးကျပ်သိန်း ၅၀)သို့ အစုရှယ်ယာလျှော့ချရန် အတည်ပြု ဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်-ရွှေပင်လုံအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇/၆၊ မြေကွက်အမှတ်-၃၇ ဖြစ်သည့် အမှတ် (၁၃၂-ဘီ/၃)၊ ပုလဲနှင်းဆီလမ်း၊ ရွှေပင်လုံအိမ်ရာအပိုင်း(၃)၊ (၂၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ဟုခေါ်တွင်သော ဧရိယာ (၀.၁၆၄)ဧက အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာချက်

အထက်ဖော်ပြပါမြေကွက်မှာ ဦးယဉ်ထွေး [၁၂/ကတန(နိုင်)၀၀၁၂၇၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်နှင့် အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေများ ပေးအပ်ထားပြီးဖြစ်ရာ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ မူရင်းစာရွက်စာတမ်းနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်ကြည်မွန်(LL,B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၂)
09 43114141, 09 400101414

တော
တောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း၏

## သစ်တောကြိုးဝိုင်းအတွင်း ပုဂ္ဂလိက(သစ်မာ၊ ရော်ဘာ) တည်ထောင်စိုက်ပျိုးသူများအား အသိပေးအကြောင်းကြားခြင်း

သစ်တောဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်ရှိ သစ်တောကြိုးဝိုင်းများအတွင်း ပုဂ္ဂလိကစိုက်ခင်းများ(သစ်မာ၊ ရော်ဘာ)တည်ထောင်စိုက်ပျိုးပြီး မြေငှားရမ်းခများပေးသွင်းရန်ကျန်ရှိသော လုပ်ငန်းရှင်များအနေဖြင့် ပဲခူးခရိုင်၊ သစ်တောဦးစီးဌာနသို့ (၃၀-၉-၂၀၂၀)ရက်နေ့နောက်ဆုံးထားပေးသွင်းကြပါရန်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ ဘဏ္ဍာနှစ်ကျော်လွန်ပါက (၁)ရက်လျှင် ဒဏ်ကြေးငွေကျပ် (၅၀၀၀ိ/-)ပေးဆောင်ရမည်ဖြစ်ပြီး ရက်(၃၀)အတွင်း ပေးသွင်းခြင်းမရှိပါက စာချုပ် ရုပ်စဲပြီး တရားစွဲဆိုခြင်းခံရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်သူများအနေဖြင့် မြေငှားရမ်းခများအား သတ်မှတ်ရက်အတွင်း အမြန်ဆုံးပေးသွင်းနိုင်ပါရန် အသိပေးနှိုးဆော်အကြောင်းကြားပါသည်။

- လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ပဲခူးခရိုင်၊ ပဲခူးမြို့
  ဖုန်း-၀၅၂-၂၂၁၇၆
- ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ ပဲခူးမြို့
  ဖုန်း-၀၅၂-၂၂၀၀၇၀၊ ၀၉-၄၂၆၁၀၂၅၆၀

သစ်တောဦးစီးဌာန၊ ပဲခူးမြို့နယ်

## အများသိစေရန်ကြော်ငြာခြင်း

ဖြူးမြို့နယ်၊ ဇေယျာဝတီမြို့၊ မြို့မ(၂)ရပ်ကွက်၊ အနောက်ပိုင်းလမ်းနေ ဦးပါရတ်(ရှ်)နတ်(သ်)သည် ၎င်း၏သားသမီးများဖြစ်ကြသည့် (၁)ဒေါ်ဆူဆီလာကူမာရီ၊ (၂)ဒေါ်ဆာဘီသရီး၊ (၃)ဦးဆမ်းဆွမ်ဒါ၊ (၄)ဦးမနို့ချ်ကူမာတို့အား လွန်ခဲ့သည့်(၁၆-၉-၂၀၂၀)ရက်နေ့တွင် အမွေအပြီးအပြတ်ခွဲဝေပေးခဲ့ပြီးဖြစ်သဖြင့် ၎င်းတို့အချင်းချင်း ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ မည်သို့မျှပတ်သက်မှုမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးပါရတ်(ရှ်)နတ်(သ်)၏ညွှန်ကြားချက်အရ-
ဦးရှိဆန်းကူမာ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၀၇)(၁၃-၇-၂၀၁၇)
အနောက်ပိုင်းလမ်း၊ ဇေယျာဝတီမြို့။
ဖုန်း-၀၉-၅၀၈၆၆၇၃၊ ၀၉-၉၅၅၀၈၆၆၇၃

## တင်ဒါပွဲရွှေ့ဆိုင်းခြင်းနှင့်ပတ်သက်၍ အသိပေးခြင်း

၁။ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်း၊ တံတား ဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့ ကြီးကြပ်မှုအောက်ရှိ တင်ဒါစနစ်ဖြင့် အငှားချဆောင်ရွက်မည့် အောက်ဖော်ပြပါ အမှတ်စဉ် (က မှ ဍ အထိ) လုပ်ငန်း(၁၃)ခုအား ၁၇–၉–၂၀၂၀ ရက် နံနက်(၁၀:၀၀) နာရီတွင် တင်ဒါပွဲဆောင်ရွက်မည်ဖြစ်ကြောင်း ၁၅–၈–၂၀၂၀ ရက် မြန်မာ့အလင်းသတင်းစာနှင့် ၁၇–၈–၂၀၂၀ ရက်နေ့ ကြေးမုံသတင်းစာတွင်လည်းကောင်း၊ အမှတ်စဉ်(ဎ၊ ဏ) လုပ်ငန်း(၂)ခုအား ၂၉–၉–၂၀၂၀ ရက်၊ နံနက် (၁၀:၀၀) နာရီတွင် တင်ဒါပွဲဆောင်ရွက်မည်ဖြစ်ကြောင်း ၂၉–၈–၂၀၂၀ ရက်နေ့ ကြေးမုံသတင်းစာနှင့် ၁–၉–၂၀၂၀ ရက် မြန်မာ့အလင်းသတင်းစာတို့တွင်လည်းကောင်း ထည့်သွင်းကြော်ငြာခဲ့ပါသည်–

- (က) သံသုမာယာဉ်ရောင်းဝယ်ရေးစခန်း ယာဉ်ဝင်ခကောက်ခံခြင်းလုပ်ငန်း၊
- (ခ) လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်း ယာဉ်ဝင်ခကောက်ခံခြင်းလုပ်ငန်း၊
- (ဂ) အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း ယာဉ်ဝင်ခကောက်ခံခြင်းလုပ်ငန်း၊
- (ဃ) ဒဂုံ–ဧရာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်း ယာဉ်ဝင်ခ၊ ယာဉ်ရပ်နားခ ကောက်ခံခြင်း လုပ်ငန်း၊
- (င) ဒဂုံမြောက်ယာဉ်မောင်းသင်လေ့ကျင့်ရေးစခန်း ယာဉ်ဝင်ခ၊ လေ့ကျင့်ကြေး ကောက်ခံခြင်း လုပ်ငန်း၊
- (စ) ဒဂုံ–ဧရာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းရှိ နားနေဆောင်၊ နားနေခ ကောက်ခံခြင်း လုပ်ငန်း၊
- (ဆ) သံသုမာယာဉ်ရောင်းဝယ်ရေးစခန်းရှိ ရေချိုး/သန့်စင်ခန်း၊
- (ဇ) လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းရှိ သန့်စင်ခန်းအမှတ်(၁)၊
- (ဈ) အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းရှိ ရေချိုး/သန့်စင်ခန်းအမှတ်(၃)၊
- (ည) အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းရှိ ရေချိုး/သန့်စင်ခန်းအမှတ်(၄)၊
- (ဋ) ဒဂုံ–ဧရာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းရှိ ရေချိုး/သန့်စင်ခန်းအမှတ်(၁–က၊ ခ)
- (ဌ) ဒဂုံ–ဧရာပွဲရုံနှင့်အဝေးပြေးယာဉ်ရပ်နားစခန်းရှိ ရေချိုး/သန့်စင်ခန်းအမှတ်(၂)၊
- (ဍ) ဒဂုံ–ဧရာပွဲရုံနှင့်အဝေးပြေးယာဉ်ရပ်နားစခန်းရှိ သန့်စင်ခန်းအမှတ်(၃)၊
- (ဎ) အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း၊ ဒနင်းရိုးချောင်းပတ်လမ်းဆုံ သာစည်လမ်းထိပ်၊ အက်ဆစ်နှင့် ဓာတုဗေဒပစ္စည်းအရောင်းဆိုင်ခန်းအမှတ် (ဖ–၁၊ ၂) နောက်ကျော(၀.၅) ဧကခန့် မြေနေရာ (ယာဉ်ရပ်နားခကောက်ခံရန် ယာဉ်ရပ်နားကွင်းကားပါကင်)၊
- (ဏ) အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း၊ ဂိတ်(၄) အဝင် ဒနင်းရိုးချောင်းပတ်လမ်းဘေးရှိ (၁) ဧကခန့်မြေနေရာ (ယာဉ်ရပ်နားခကောက်ခံရန် ယာဉ်ရပ်နားကွင်းကားပါကင်)၊

၂။ သို့ရာတွင် COVID–19 ကူးစက်ရောဂါများ ဖြစ်ပွားနေခြင်းကြောင့် တင်ဒါပွဲပြုလုပ်မည့်ရက်အား ရွှေ့ဆိုင်းမည်ဖြစ်ပြီး တင်ဒါပွဲကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပါကြောင်း၊ အထက်ဖော်ပြပါ လုပ်ငန်းများအတွက် တင်ဒါအာမခံကြေး (PO) ပေးသွင်းထားသူများသည် ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(၁၂)ထပ်ခွဲရုံး၊ (၇)လွှာရှိ လမ်း၊ တံတား ဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ယာဉ်ရပ်နားစခန်းများ စီမံခန့်ခွဲရေးရုံး(အခွန်ဌာန)တွင် ရုံးချိန်အတွင်း ပြန်လည်ထုတ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၉–၅၀၅၄၂၉၁ သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**မတည်ရင်းနှီးငွေလျှော့ချကြောင်း အများသိစေရန်ကြေညာခြင်း**

Golden Villey International Development Co., Ltd. ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ အစုရှယ်ယာအရေအတွက် ၅၀၀ (တန်ဖိုးကျပ်သိန်း၅၀၀)မှ အစုရှယ်ယာအရေအတွက် ၅၀ (တန်ဖိုး ကျပ်သိန်း ၅၀) သို့ အစုရှယ်ယာ လျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

# သင့် သွေးဖြင့် အသက် ကယ်ပါ

## “ ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက် ”

ရန်ကုန်တိုင်းဒေသကြီး ၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း ၊အမှတ်(၁၈၄/ဘီ)တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသော Shwe Ayer Nadi Limited သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို ရန်ကုန်တိုင်းဒေသကြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုမ္ပဏီ၏မူပိုင်အမှတ်တံဆိပ်များအဖြစ် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

Euro Cake

(၄/၆၁၅၆/၂၀၀၂)

€URO ယူရို

(၄/ ၁၀၁၇၃/၂၀၀၉)



(၄/၅၀၅၁/၂၀၀၃)




(၄/၈၇၉၁/၂၀၁၃)

အထက်တွင် ဖော်ပြထားသော ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ “ နို့ဆီ ၊ နို့စိမ်း၊ နို့မှုန့်၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး၊Coffeemix ၊Teamix,Cereal(ကွေကာ) အစရှိသော 4 in 1 စားသောက်ကုန်အမျိုးမျိုး၊ သောက်ရေသန့် ၊ အားဖြည့်အချိုရည်၊ အ ချိုရည်အမျိုးမျိုး၊ ကိတ်မုန့် ၊ ပေါင်မုန့်၊ ကွတ်ကီး ၊ ဝေဖာအစရှိသည့် စားသောက်ကုန် အမျိုးမျိုး”တို့ကိုထုတ်လုပ်ပြီး၊ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ဖြန့်ချိ ရောင်းချလျက်ရှိပါသည်။

သို့ပါ၍အဆိုပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားများ၏ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ ဆင်တူယိုးမှား ပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင် ထင်မှားတုပပြုလုပ်၍သော်လည်းကောင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူ တင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရား ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းသတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးမောင်မောင်မြင့် (L.L.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်–၅၉၇၂/၉၃)၊ ဖုန်း–၀၉ ၉၇၆၄၄၂၉၉၉၊ ၀၉ ၂၅၂၅၃၈၀၅၇**

## အစုရှယ်ယာလျှော့ချကြောင်း ကြော်ငြာခြင်း

Southern Coastline Group Co.,Ltd ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ လက်ရှိအစုရှယ်ယာအရေအတွက် ၅၀၀ (တန်ဖိုး ကျပ်သိန်း ၅၀၀)မှ အစုရှယ်ယာ အရေအတွက် ၅၀ (တန်ဖိုး ကျပ် သိန်း ၅၀)သို့ အစုရှယ်ယာလျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

## BRAC Myanmar Microfinance Co.,Ltd
## ဒါရိုက်တာဘုတ်အဖွဲ့ဝင် ပြောင်းလဲမှုကို အသိပေးအကြောင်းကြားခြင်း

BRAC Myanmar Microfinance Co.,Ltd (ကုမ္ပဏီမှတ်ပုံတင် အမှတ်–၁၀၈၀၉၀၂၇၈)၏ (၁၁–၈–၂၀၂၀)ရက်နေ့မှစတင်၍ ကုမ္ပဏီ ဒါရိုက်တာဘုတ် အဖွဲ့ဝင်များ ပြောင်းလဲမှုများကို တင်ပြအပ်ပါသည်။

အကြောင်းအရာ။ **Mr.Md.Sazaduzzaman(BR 0851046)သည် ဒါရိုက်တာ အဖွဲ့ဝင်သစ်အဖြစ် ဝင်ရောက်ကာ Managing Director အဖြစ် တာဝန်ထမ်းဆောင်ခြင်း။**

သို့ဖြစ်ရာ ကုမ္ပဏီ၏လက်ရှိ BOB အဖွဲ့ဝင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) Mr.Md.Sazaduzzaman(BR 0851046)–Managing Director
(၂) Mr.Shameran Bahar Abed(BK 0595395)–Director
(၃) Mr.Johannes Maria Antonius(NWFJ 3DPD1)–Director
(၄) Mr.Muhammad Musa(BR 0699753)–Director
(၅) Mr.Syed Abdul Muntakim(099197202)–Director
(၆) Mr.M.Anowar Hossain(BX 0243574)–Director
(၇)Mr.ATM Tariqul Islam(BH 0595317)–Director

**BRAC Myanmar Microfinance Co.,Ltd**
**အမှတ်(၁၇)၊ ပြည်သာယာအိမ်ရာ၊ လမ်း(၁)၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

## အိတ်ဖွင့်တင်ဒါဖျက်သိမ်းခြင်း

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ရောဂါကူးစက်ပျံ့နှံ့မှုသည် ဒုတိယလှိုင်းထပ်မံဖြစ်ပွားနေပါသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ရောဂါကူးစက်ပျံ့ပွားမှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရန် အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီး(ကိုကိုးကျွန်းမြို့နယ်မပါ) မှ ပြည်သူများအား မိမိနေအိမ်တွင်သာနေထိုင်ရန် (Stay at Home) အမိန့်ထုတ်ပြန်ခဲ့ သဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ နေ့စဉ်ထုတ် သတင်းစာများတွင် ခေါ်ယူထားသော ၂၉–၉–၂၀၂၀ ရက်နေ့နှင့် ၆–၁၀–၂၀၂၀ ရက်နေ့တွင် ဖွင့်မည့် အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံ(မြောင်းတကာ)မှ ယူရီးယားတင်ဒါကို လည်းကောင်း၊ ၂၂–၉–၂၀၂၀ ရက်မှ ၃–၁၁–၂၀၂၀ ရက်ထိ ဖွင့်မည့် အမှတ်(၅) ဓာတ်မြေဩဇာ စက်ရုံ(ကန်ကြီးထောင့်)မှ ယူရီးယားတင်ဒါများကို လည်းကောင်း၊ ၁၅–၁၀–၂၀၂၀ ရက်တွင်ဖွင့်မည့် အမှတ်(၂)ရေနံချက်စက်ရုံ(ချောက်)မှ ရေနံချေးတင်ဒါကို လည်းကောင်း ဖျက်သိမ်းကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## အစည်းအဝေးဖိတ်ကြားခြင်း

Myanmar Telemedia Holdings Co., Ltd မှ မတည်ငွေရင်းလျှော့ချခြင်းအား အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရယူရန် အစည်းအဝေးတစ်ရပ်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်–

ကျင်းပပြုလုပ်မည့်ရက် ။ ။ (၂၄–၉–၂၀၂၀)ရက်နေ့
ကျင်းပပြုလုပ်မည့်အချိန် ။ ။ နံနက်(၁၀:၀၀)နာရီ
ကျင်းပပြုလုပ်မည့်နေရာ ။ ။ ကုမ္ပဏီအစည်းအဝေးခန်းမ

**ဒါရိုက်တာအဖွဲ့**
**Myanmar Telemedia Holdings Co., Ltd**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ အမှတ်(၁၈/၇) တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်နေသော Royal Millennium Company Limited၊ မန်နေးဂျင်းဒါရိုက်တာဦးသန်းအောင်ဇော် (ဘ)ဦးမျိုးညွန့် မှတ်ပုံတင်အမှတ် [၁၂/ဒဂန(နိုင်)၀၂၉၈၇၅] သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို ရန်ကုန်တိုင်းဒေသကြီး၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုမ္ပဏီ၏အမှတ်တံဆိပ်များဖြင့် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

| | | |
|---|---|---|
| medisoft (3070 / 2016) | Citrus fresh soap (3072 / 2016) | B29 (3069 / 2016) |
| WoW (3073 / 2016) | KRIS (3071 / 2016) | SEHAT (18819 / 2019) |
| INTENSE ULTIMATE CARE (6898 / 2016) | Ayu (2289 / 2018) | MENU (28431 / 2019) |




(3070 / 2016)

Royal Millennium Company Limitedသည် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို အသုံးပြု၍“လူသုံးကုန်ပစ္စည်းများဖြစ်သော ဆပ်ပြာတုံး၊ ဆပ်ပြာအရည်၊ ဆပ်ပြာမှုန့်၊ ဆပ်ပြာခရင်မ်၊ ပန်းကန်ဆေးဆပ်ပြာအရည်၊ ဆပ်ပြာခရင်မ်၊ ကြမ်းခင်းသန့်ရှင်းဆေးကြောရည်၊ အနံ့ဆိုးဖျောက်ဆေး၊ အဝတ်ပျော့ဆေး၊ ရေမွှေး၊ မွေးကင်းစကလေးသုံးပစ္စည်းများ၊ နေရောင်ခြည် ခရမ်းလွန်ရောင်ခြည်ဒဏ်မှ ကာကွယ်နိုင်သည့် Lotionအမျိုးမျိုး၊ ခြင်မကိုက်ဆေး၊ သွားတိုက်ဆေး၊ မျက်နှာပေါင်းတင်၊ ချေးချွတ်ခြင်းအတွက် စက်ပစ္စည်းနှင့်အလှကုန်ပစ္စည်းအမျိုးမျိုးတို့ကို ပုံစံအမျိုးမျိုး၊ ဆံပင်သန်ဆေး၊ ဆံပင်ပေါက်ဆေး၊ ဆံပင်ဆံသားအားကောင်း/အားတိုးဆေး၊ ဆံပင်ဆံသားပျော့ ပျောင်းဆေး၊ ခေါင်းလျှော်ရည်နှင့် ဆံပင်နှင့် သက်ဆိုင်သည့် အလှကုန်ပစ္စည်းအမျိုးမျိုး၊ ယောကျ်ားဝတ်၊ မိန်းမဝတ်၊ ကလေးဝတ်၊ အဝတ်အထည်၊ အထည်အလိပ်အမျိုးမျိုး၊ ပိတ်စအမျိုးမျိုး၊ ပုဆိုး၊ လုံချည်၊ တီရှပ်၊ စပို့ရှပ်၊ ရှပ်အင်္ကျီအမျိုးမျိုးနှင့် အဝတ်အထည်အမျိုးမျိုး”တို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံး ဖြန့်ချိ ရောင်းချလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

သို့ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ်အမည်ပါ အမှတ်အသား၏တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ ဆင်တူယိုးမှားပြုလုပ်၍ သော်လည်းကောင်း၊ ထင်ယောင်ထင်မှားပြုလုပ်၍ သော်လည်းကောင်း၊ အတုအပပြုလုပ်၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မန်နေးဂျင်းဒါရိုက်တာ ဦးသန်းအောင်ဇော်**
**Royal Millennium Company Limited**
**Ph: 09–250268914, 09–5165839, 01–3560679**

# ကြီးမြန် သစ်ပင် စိုက်ပျိုး လျှင် စွမ်းအင် လည်း ရ ပြည် လည်း လှ




## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုပါသည်-

(က) ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းများအတွက် လိုအပ်သော ၆၆/၃၃ ကေဗွီ ဓာတ်အားခွဲရုံ ဆက်စပ်ပစ္စည်းများနှင့် Testing Tools & Equipmentsများဝယ်ယူရန်

(ခ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၂၇)၊ ဝန်ကြီးရုံးတွင် တပ်ဆင်အသုံးပြုရန်အတွက် လိုအပ်သော 650 kVA Diesel Generator Set(Sound Proof Type)နှင့် ATS 1200 A(၁)စုံဝယ်ယူရန်

တင်ဒါပိတ်မည့်ရက် - ၂၃-၁၀-၂၀၂၀ ရက်

တင်ဒါပိတ်မည့်အချိန် - မွန်းတည့် (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို သတ်မှတ်နှုန်းထားအတိုင်း ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax-၀၆၇-၈၁၀၄၂၄၆ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ပါရေပေးရေးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန်အတွက် တင်ဒါအဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot | အမျိုးအမည် | အရေအတွက် |
|---|---|---|---|
| (က) | lot-1 | 6-¾" TCI Tri-cone Bit | (7) Nos |
| | | 6-¾" 3-Wing PDC Bit | (8) Nos |
| | | 8-⅝" TCI Tri-cone Bit | (8) Nos |
| | | 8-⅝" (5 Blade) PDC Bit | (8) Nos |
| | | 10 m3 Collapsible Tank | (30) Nos |
| (ခ) | lot-2 | 18" Pipe Wrench (Steel Body) | (22) Nos |
| | | 24" Pipe Wrench (Steel Body) | (22) Nos |
| | | 36" Pipe Wrench (Steel Body) | (22) Nos |
| | | 48" Pipe Wrench (Steel Body) | (22) Nos |
| | | 450 mm Chain Wrench | (22) Nos |
| | | 600 mm Chain Wrench | (22) Nos |
| | | 900 mm Chain Wrench | (20) Nos |
| | | 1200 mm Chain Wrench | (22) Nos |
| | | Mechanic Tools Box with Accessories (Advance mechanical Tools Kit with 69 pcs) | (12) Nos |
| (ဂ) | lot-3 | 300 M Mud/Air Drilling Rig and Accessories (Truck Mounter Top-drive, 10-5/8", 300 m depth) | (1) No |
| (ဃ) | lot-4 | GW S II(OYO) Logging Machine (Geologger SWS2, GW Combination Prove, Power Winch with 500 m Cable, Sheave and Sheave Stand, 12 V Battery and etc.,) | (1) No |
| (c) | lot-5 | 3 HP Gasoline Engine with 3"Centrifugal Pump | (10) Sets |

၂။ တင်ဒါအဆိုပြုလွှာများကို (၂၃-၁၀-၂၀၂၀)ရက်နေ့ နံနက်(၁၀:၃၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်-၀၆၇ ၄၁၈၆၃၃၊ ၄၁၈၆၅၇)တွင် ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မြန်မာ့သစ်လုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကိုမြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender)ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Forklift | (၂) စီး |
| ၂။ | Air Conditioner | (၂၈) လုံး |
| ၃။ | ရုံးသုံးစက်ကိရိယာများ | (၁၄) မျိုး |
| ၄။ | Saw Mill Machinery | (၂) မျိုး |
| ၅။ | Saw Shop Equipment | (၇) မျိုး |
| ၆။ | Knife grinding Machine | (၁) လုံး |
| ၇။ | One Man Petrol Chain Saw | (၂) ခု |
| ၈။ | OBD Scanner | (၂) လုံး |

တင်ဒါရောင်းချမည့်ရက် - ၂၁.၉.၂၀၂၀/ နံနက် ၁၀:၀၀ နာရီ

တင်ဒါပိတ်မည့်ရက် - ၂၀.၁၀.၂၀၂၀/ နေ့လည် ၁၅ :၀၀ နာရီ

တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

အမှတ်-၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။ ဖုန်း၀၁-၈၂၅၄၁၉၁၊ ၀၉၅၁၄၄၉၈၀

## ပြည်ထဲရေးဝန်ကြီးဌာန
## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
## ရှမ်းပြည်နယ်ရုံး၊ တောင်ကြီးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံးအနေဖြင့် တောင်ကြီးမြို့တွင် ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်လိုသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

- ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့တွင် (၁၀၀x ၄၀x ၃၁)ပေရှိသော (၆)ခန်းတွဲ(၃)ထပ် သံကူကွန်ကရစ် ဝန်ထမ်းအိမ်ရာ(၁)လုံး တည်ဆောက်ခြင်း **Lot-1**

၂။ ဆောက်လုပ်လိုသည့် ကုမ္ပဏီများသည် ကော်မတီမှ သတ်မှတ်ထားသော ဆောက်လုပ်မည့် ဒီဇိုင်းပုံစံကို လက်ရှိမြေပြင်သို့ သွားရောက်တိုင်းတာစစ်ဆေးကာ အသေးစိတ် တိုင်းတာတွက်ချက် ရေးဆွဲတင်ပြရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် ပုံစံများကို ၂၃-၉-၂၀၂၀ ရက်နေ့ (၉:၃၀) နာရီမှစ၍ ရုံးချိန်အတွင်း အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး၊ တောင်ကြီးမြို့တွင် စတင်ရောင်းချမည်ဖြစ်ပြီး ၂၂-၁၀-၂၀၂၀ ရက်နေ့ (၁၇:၀၀) နာရီ နောက်ဆုံးထား၍ ရှမ်းပြည်နယ်ရုံးသို့ တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

၄။ တင်ဒါဖွင့်မည့်ရက်အား ကြိုတင်ဆက်သွယ်၍ အကြောင်းကြားပေးမည်ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး၊ တောင်ကြီးမြို့၊ ဖုန်း (၀၈၁-၂၁၂၁၂၈၈) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး**




## ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ) ရပ်ကွက်၊ မြရတနာ (၂) လမ်း၊ အမှတ်(၄၆၄-ခ)၊ မြေတိုင်းရပ်ကွက်အမှတ်(ခ)၊ မြေကွက်အမှတ်(၄၆၄-ခ)၊ (၂၀'x၆၀')ရှိ ဦးမြင့်စိန် အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့်အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေနှင့်အိမ်အပါအဝင် တွယ်ဆက်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်ပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်သန်းသန်းရီ[၁၂/ဒဂန(နိုင်)၀၀၂၄၈၉]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တရားဝင် အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးယဉ်ထွန်း(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၅၁)**

**ဒေါ်မျိုးကေသွယ်(LL.B,LL.M,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၃၀)**

**တိုက်ခန်းအိမ်ခြံမြေအရောင်းအဝယ်စာချုပ်စာတမ်းအထူး**
**ရုံးခန်း-အမှတ်(၁၀/၉၇)၊ နွယ်သာကီမှတ်တိုင်အနီး၊ မြနန္ဒာပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၁၁၀၂၅၆၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဇ/တောင်)ရပ်ကွက်၊ ဝေဇယန္တာအတွင်းလမ်း၊ အမှတ်(၄၁၃/ခ)၊ (၂)ခန်းတွဲ RC(၆)ထပ် အဆောက်အဦ၏ မြေညီထပ်(ခေါင်းရင်းခန်း)(တိုက်ကိုမျက်နှာမူလျှင် ဘယ်ဘက်အခန်း)၊ ဧရိယာ (၇၀၀) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံသူများဖြစ်သော ဒေါ်ခင်ခင် [၁၂/မဂဒ(နိုင်)၀၀၇၅၈၂]၊ ဒေါ်လှမျိုးမြင့် [၁၂/မဂဒ(နိုင်)၀၀၇၅၇၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကျော်သန်း [၁၄/ဓနဖ(ဧည့်)၀၀၀၀၄၀]၊ ဒေါ်ခင်စန်းရီ [၁၂/အစန(နိုင်)၁၅၃၁၇၂] တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်သန်း၊ ဒေါ်ခင်စန်းရီ တို့၏လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်သူဇာကျော် LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၂၆)**
**Ph:09-254508917**
**Level (၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Towen အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ(၁၃)လမ်းအရှေ့၊ အမှတ်(၁၄၇၈/ခ)၊(၁)ခန်းတည်းRC(၆)ထပ်တိုက်၏ ဒုတိယထပ်အခန်း၊ ဧရိယာ(၉၃၆)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံသူများဖြစ်သော ဦးခိုင်လွင်[၁၂/သကတ(နိုင်)၀၉၈၈၆၀]၊ ဦးမြင့်အောင်[၁၂/သကတ(နိုင်)၀၅၀၄၀၁]၊ သေဆုံးသူ ဦးတင်နွယ်ကိုယ်စား ၎င်း၏ဇနီး ဒေါ်မင်းမင်းထွဋ်[၁၂/သကတ(နိုင်)၁၂၈၀၇၅]၊ ဒေါ်ငွေငွေဝင်း[၁၂/သကတ(နိုင်)၀၅၁၁၇၅]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ဇင်မွန်ငွေး[၈/သရန(နိုင်)၀၇၈၈၁၉]၊ ဦးစောချစ်သူ[၁၂/ဗတထ(နိုင်)၀၃၅၇၉၅]၊ ဒေါ်ဇင်မွန်အေး[၈/သရန(နိုင်)၀၇၉၆၉၅]တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဇင်မွန်ငွေး၊ ဦးစောချစ်သူ၊ ဒေါ်ဇင်မွန်အေးတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်သူဇာကျော်**
**LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**Ph-09-254508917**
**Level(၅၊၆၊၇၊၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

# မူးယစ်ကို

# ပစ်

# ပန်းတိုင်သစ်

# စိတ်သစ်

# လူသစ်

# ဘဝသစ်

**ရန်ကုန်မြို့၊ ၃မာန်ပြေရပ်ကွက်၊ မာန်ပြေ(၁၃)လမ်း၊ အမှတ်-၅၅၁(ခ)၊**
**မြေတိုင်းရပ်ကွက်အမှတ်-၃(မာန်ပြေ)၊ မြေကွက်အမှတ်-၅၅၁/ခ၊**
**အလျား ပေ၂၀x အနံပေ ၆၀ အကျယ်ရှိ ဒေါ်သန်းနု+၁၊**
**မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေနှင့်ပတ်သက်၍**
**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်**


အထက်ဖော်ပြပါလိပ်စာရှိ အကျိုးခံစားခွင့်အားလုံးကို ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သန်းနု+၁ ထံမှ အဆင့်ဆင့်ဝယ်ယူရရှိထားသူများထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့်ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးမြင့်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၈)**
**အမှတ်(၅၀)၊ ပထမထပ်၊ အခန်းအမှတ်(A-1)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

# အမုန်းစကားမပြောရ

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့် ဖြစ်စေ တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။

facebook



Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ကြည်ကြည်သိန်း @ June Thain Moung

### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဥယျာဉ်အိမ်ရာနေ [ဒုတိယဗိုလ်မှူးကြီး မြင့်ဝင်း (တပ်မတော်-လေ)]၏ဇနီး ဒေါ်ကြည်ကြည်သိန်း @ June Thain Moung သည် ၂၂-၉-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**(ဗိုလ်မှူးအောင်ဝင်း၊ တပ်မတော်-လေ)၏ ဇနီး ဒေါ်စန်းရီနှင့် သား ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး(မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်)နှင့် ဇနီး ဦးမိုးအောင်ဝင်း (GM၊ IFDP)နှင့် ဇနီး မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ချုပ်မြင့်လွင်(ငြိမ်း)

### အသက် (၈၉)နှစ်

အစ်ကိုကြီးပမာ မိဘတစ်ဦးသဖွယ် ချစ်ခင်လေးစားရပါသော ဗိုလ်ချုပ်မြင့်လွင်(ငြိမ်း) ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြင့်စိုး-ဒေါ်နွဲ့နွဲ့ရီမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးထွန်းငွေ

### အသက်(၈၀)

**သံအမတ်ကြီး (ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အငြိမ်းစား သံအမတ်ကြီး ဦးထွန်းငွေသည် ၂၀-၉-၂၀၂၀ ရက်နေ့က ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**အငြိမ်းစားဝန်ထမ်းဟောင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ပုလဲဥ

### အသက် (၇၂)နှစ်

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆီးချိုနှင့် ဟော်မုန်း အထူးကုဌာနမှ ဒေါက်တာချယ်ရီဝတ်မှုန်၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ပုလဲဥ အသက်(၇၂)နှစ်သည် ၂၂-၉-၂၀၂၀ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဆီးချိုနှင့် ဟော်မုန်းအထူးကုဌာနမိသားစု**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ပုလဲဥ

### အသက် (၇၂)နှစ်

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆီးချိုနှင့် ဟော်မုန်း အထူးကုဌာနမှ ဒေါက်တာချယ်ရီဝတ်မှုန်၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ပုလဲဥ အသက်(၇၂)နှစ်သည် ၂၂-၉-၂၀၂၀ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆီးချိုနှင့် ဟော်မုန်းအထူးကုဌာနမိသားစု**
**မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့်**
**သင်ကြားရေးဆေးရုံကြီး**

## အများသိစေရန်ကြေညာချက်

၁။ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၆၃ လမ်း၊ အမှတ်(၆)တွင် (၂)ခန်းတွဲ(၈)ထပ်တိုက် အဆောက်အဦဆောက်လုပ်ရန် မြေရှင် ဒေါ်လှမြင့်(GP) ဦးပြည့်စုံနိုင်၊ လိုင်စင်ရကန်ထရိုက်တာ ဦးလှညို (LC-843)၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ ဦးသိုက်ထွန်း (RSE-2811)တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ (၂၃-၁-၂၀၁၉)ရက်စွဲပါ စာအမှတ် ၉၂၉/၉၂၈/စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ(၂)ခန်းတွဲ (၈)ထပ်တိုက်အဆောက်အဦ ဆောက်လုပ်ခွင့်အား လိုင်စင်ရကန်ထရိုက်တာ ဦးလှညို (LC-843)အစား လိုင်စင်ရ ကန်ထရိုက်တာ ဦးရဲနိုင် (LC-1254)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်နှင့်လိုင်စင်ရ ကန်ထရိုက်တာ(၂)ဦးတို့မှ အဆောက်အဦဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့သို့ တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မြမြ

### အသက် (၈၀)

ဗိုလ်မှူးထွန်းထွန်းဦး (ငြိမ်း)-ဇနီး ဒေါ်ခင်မာချိုတို့၏ မိခင်ဖြစ်သူ ဒေါ်မြမြ အသက် (၈၀)သည် ၂၀-၉-၂၀၂၀ ရက်တွင် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ စံပြဆေးရုံ၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**တေဇ (၁၅)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ချောခင်

### အသက်(၇၁)နှစ်

ဗိုလ်မှူးကြီးကိုကိုကြီး (ငြိမ်း)-ဇနီး ဒေါ်ကေသီစံတို့၏ မိခင်ဖြစ်သူ ဒေါ်ချောခင် အသက်(၇၁)နှစ်သည် ၁၈-၉-၂၀၂၀ ရက်တွင် ရွှေဘိုမြို့၊ ဇီးဖြူကုန်းကျေးရွာ၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ (၁၅)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးခင်မောင်ဦး

### (ရွှေဘဲစားသောက်ဆိုင်)

ဦးခင်မောင်ဦး(ရွှေဘဲစားသောက်ဆိုင်)သည် ၁၈-၉-၂၀၂၀ ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ-ဒေါ်ကြည်ကြည်သန်း၊ ဦးသန်းဝင်း၊ ဦးဝင်းမြင့်နှင့်**
**မြန်မာအရှေ့တိုင်းဘဏ်(MOB)ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးခင်မင်း အသက်(၇၀)

### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)

### နိုင်ငံခြားရေးဝန်ကြီးဌာန

နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အတူတကွ တာဝန်ထမ်းဆောင်ခဲ့ပြီး ယနေ့တိုင် ဝန်ထမ်းဟောင်းများ၏ လူမှုရေးကိစ္စရပ်များတွင် အတူတကွ ဆောင်ရွက်လျက်ရှိသော လုပ်ဖော်ကိုင်ဖက်ဖြစ်သည့် ဦးခင်မင်းသည် ၁၈-၉-၂၀၂၀ ရက်က ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**အငြိမ်းစားဝန်ထမ်းဟောင်းများ**

## အများသိစေရန်ကြေညာခြင်း

ကျွန်မ မခင်လင်းမြတ်(ဘ) ဦးတင်ရွှေသည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံးတွင် တရားမကြီးမှုအမှတ်-၅၈ ဖြင့် ကိုနေမျိုးအေး[၁၁/သတန(နိုင်)၀၈၃၀၂၃]နှင့် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုလျှောက်ထားခဲ့ရာ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၁၀ရက်နေ့တွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံးမှ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခွင့်ပြုကြောင်း တစ်ဖက်သတ်အနိုင်ဒီကရီချမှတ်ခဲ့ပါသည်။ အမိန့်ချမှတ်သည့် (၁၀-၉-၂၀၂၀)ရက်မှစ၍ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါ၍ ကျွန်မ၏ဂုဏ်သိက္ခာထိခိုက်စေသောအပြုအမူ ဆောင်ရွက်ချက်များ၊ နှောင့်ယှက်မှုတစ်စုံတစ်ရာအား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပြုလုပ်လာခဲ့ပါလျှင် တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကိုနေမျိုးအေးနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**မခင်လင်းမြတ်**
**[၁၁/သတန(နိုင်)၀၆၆၇၆၄]**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ဗညားဒလလမ်း၊အမှတ်(၈၂/၈၄)တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသောHla Hla Pa Pa Limited သည်အောက်ဖော်ပြပါ အမှတ်တံဆိပ် အမည်အမှတ်အသားများကို ရန်ကုန်တိုင်းဒေသကြီး၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုမ္ပဏီ၏မူပိုင်အမှတ်တံဆိပ်များအဖြစ်မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်

**Luxury Yatch** (၄/၁၄၂၃၄/၂၀၁၂)

**Go -Auto Ticket** (၄/၄၃၂၈/၂၀၁၇)

**Hla Hla Pa Pa Limited** သည် အထက်တွင်ကပ်နိုင်ဖော်ပြထားသော အမှတ်တံဆိပ်အမည်အမှတ်အသားများကို အသုံးပြု၍ " **Hotel , Motel, Resort, Restaruant, Transport Service၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ၊ ၎င်းတို့နှင့်ပတ်သက်သော ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုး**"တို့ကိုပြုလုပ်သွားမည်ဖြစ်ပါသည်

သို့ပါ၍အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ ဆင်တူယိုးမှား ပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားတုပ ပြုလုပ်၍သော်လည်းကောင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့ကို မပြုလုပ်ကြပါရန်နှင့်အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းသတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်မြင့်(L.L.B)၊တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၅၉၇၂/၉၃)၊ ဖုန်း-၀၉ ၈၇၆၄၄၂၈၉၉၊ ၂၅၂၅၃၈၁၅၇**

## ဒေါ်ကြည်ကြည်သိန်း @June Thain Moung

### အသက်(၉၁) နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဥယျာဉ်အိမ်ရာ၊ အမှတ် 2 C(1–2) နေ [ဒု–ဗိုလ်မှူးကြီး မြင့်ဝင်း(လေ)]၏ဇနီး၊ ဦးမြင့်စိုး–ဒေါ်ကြည်ကြည်ဝင်း၊ ဦးထွေးလွင်–ဒေါ်နီနီဝင်း၊ ဦးဇော်တင်ဝင်း–ဒေါ်အိအိဝင်း၊ Capt: မြင့်ကြွယ်–Dr. သက်ဦးခင်၊ [ဗိုလ်မှူးသန်းထိုက်(ရေ)]–ဒေါ်ဝင်းဥမ္မာ၊ ဦးတင်ထွန်းဦး–ဒေါ်ချစ်ချစ်ဝင်း၊ ဦးမိုးကျော်ဝေ–ဒေါ်ထွေးထွေးဝင်းတို့၏ ချစ်လှစွာသောမိခင် ဦးဟိန်းစိုး–(ဒေါ်မေလင်းလင်းဉာဏ်@ လွင်လွင်မော်)၊ ဦးရိုန်းလွင်–ဒေါ်အေးနှင်းဇဏ်၊ ဦးအဲလက်စ်–ဒေါ်မေဇော်၊ ဦးဟိန်းထက်အောင်–ဒေါ်ဖွန့်လွင်၊ ဒေါ်ငယ်ဇော်၊ ဦးနေသွေး–ဒေါ်ပွင့်ဝေ၊ ကိုရဲလင်းမောင်–မဝင့်ဝေ၊ ကိုထက်ပိုင်၊ Dr. လှဲ့ဦး၊ မယုမွန်၊ ကိုထင်ဦး၊ ကိုဆက်ပိုင်တို့၏အဘွား၊ မမေလင်းဟိန်းစိုး၊ မမေသူဟိန်းစိုး၊ မောင်သုလွင်၊ မောင်အုံ့ဇော်၊ မဇင်ဇော်၊ မောင်ထေက်၊ မချိုလွင်၊ မရွှေပွင့်နေသွေးတို့၏ ဘွားဘွားကြီးသည် ၂၂–၉–၂၀၂၀ (အင်္ဂါနေ့) နံနက်(၄) နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ကြည်ကြည်သိန်း @June Thain Moung

### အသက်(၉၁) နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဥယျာဉ်အိမ်ရာ၊ အမှတ် 2 C(1–2) နေ (ဦးသိန်းမောင်–ဝဏ္ဏကျော်ထင် ဒေါ်မေဆက်)တို့၏သမီး၊ (Dr.မြင့်–ဒေါ်သန်းကြွယ်)တို့၏ သမီးချွေးမ၊ [ဒုဗိုလ်မှူးကြီး မြင့်ဝင်း(လေ)] ၏ဇနီး၊ [ဗိုလ်မှူးကြီး ဝင်းသိန်းမောင်(ရေ)–ဒေါ်ရီရီတင့်]၊ ဒုဗိုလ်မှူးကြီး လင်းသိန်းမောင်(ရေ–ငြိမ်း)–(ဒေါ်တင်တင်သော်)တို့၏ညီမ၊ [ဗိုလ်မှူး ဘီသိန်းမောင်(လေ)]–ဒေါ်ငွေငွေမြင့်၊ ဒေါ်ရီရီသိန်း @Shirley Thain Moung၊ (ဦးသင်းသိန်းမောင်)–ဒေါ်သီတာမြင့်၊ ဦးမင်းသိန်းမောင်–(ဒေါ်ခင်ခင်သက်)၊ (ဗိုလ်မှူးကြီး ကျော်မောင်ဝင်း–ဒေါ်ရင်ရင်သိန်း)တို့၏အစ်မသည် ၂၂–၉–၂၀၂၀ (အင်္ဂါနေ့) နံနက် (၄)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးကိုကိုမောင်

### အသက် (၆၁)နှစ်

**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

**စက်မှုလယ်ယာဦးစီးဌာန**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ ဒေါ်ခင်မြင့်ငွေ၏ခင်ပွန်း၊ မသွင်ရှင်းသန့်၊ မောင်၏ ဖခင်ဖြစ်သူ ဦးကိုကိုမောင် (ဒုတိယညွှန်ကြားရေးမှူးချုပ်–ငြိမ်း၊ စက်မှုလယ်ယာဦးစီးဌာန)သည် ၁၉–၉–၂၀၂၀ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စက်မှုလယ်ယာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**

အနိစ္စ

သင့် သွေးဖြင့် အသက် ကယ်ပါ

## ဦးရွှေပေါ်(ခ)လင်စူးပူး

### ခေတ်လိုက်ကုမ္ပဏီလီမိတက်

### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁)ရပ်ကွက်၊ ၁၈ လမ်း၊ အမှတ်(၄၃) နေ ဒေါ်ခင်နှင်းရီ–ဦးအောင်သိန်း (ခေတ္တ USA)၊ ဒေါ်ခင်နှင်းကြူ၊ ဦးထွန်းလင်း–ဒေါ်ခင်ရွှေဝင်း၊ ဦးအောင်လင်း–ဒေါ်ခင်နှင်းဝေတို့၏ဖခင်၊ လူးဝစ်ချန်း၊ ဟင်နရီချန်း၊ ဒယ်နီရယ်ချန်း၊ မောင်ကောင်းနေထက်၊ မောင်အောင်ပြည့်ဖြိုး၊ မောင်သာလင်းထူး၊ မလင်းလက်ရွှေရည်၊ မောင်သူရိန်လင်းဆက်တို့၏အဘိုး၊ ဒေါ်ကျင်ထွေး၏ချစ်လှစွာသော ခင်ပွန်းသည် ၂၂–၉–၂၀၂၀(အင်္ဂါနေ့)နံနက် ၇:၄၅ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သော ရုပ်ကလာပ်ကို ၂၄–၉–၂၀၂၀ (ကြာသပတေးနေ့) နံနက်(၁၁)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## Dr. ဒေါ်ခင်သန်း

ဆမ – ၃၃၉၉

မြောက်ဥက္ကလာပဆေးရုံအုပ်(ငြိမ်း)

### အသက် (၇၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အမှတ် (၅၃၁)၊ မာလာမြိုင်ရိပ်သာလမ်း၊ Marlarmyaing Residence Room 101 နေ (ဆန်းလိုက် ဦးပွ–ဒေါ်စိန်အိ)တို့၏ တစ်ဦးတည်းသောသမီး၊ (အငြိမ်းစား အကောက်ခွန်မင်းကြီး ဝဏ္ဏကျော်ထင် ဦးထွန်းမောင်–ဒေါ်တင်တင်ဦး)တို့၏ သမီးချွေးမ၊ ဦးအုန်းသန်း၏ ချစ်လှစွာသောဇနီး၊ ဒေါ်လှလှ၏ တူမ၊ ဒေါ်မြသူဇာ (ကထိက၊ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးကျော်သက်ဦး (လက်ထောက်ညွှန်မှူး၊ ရေအားလျှပ်စစ်)–ဒေါ်အေးသီတာ၊ ဗိုလ်ကြီး ဉာဏ်လင်းထွန်း(ငြိမ်း)–ဒေါ်သန္တာတင်၊ ဦးမျိုးမင်းသန်းတို့၏ ချစ်လှစွာသောမိခင်၊ မောင်မင်းသစ်ထွန်း (ဒဂုံ–၁)၊ မသီရိရွှေဇင် (ဒဂုံ–၁)၊ မောင်ခန့်ပြည့်စုံ (ဒဂုံ–၁)၊ မောင်ကောင်းမြတ်သက်ဦး (ILBC နေပြည်တော်)၊ မနေခြည်သက်ဦး (ILBC နေပြည်တော်)တို့၏ အဘွားသည် ၉၆ ပါးသောရောဂါဝေဒနာဖြင့် ၂၁–၉–၂၀၂၀ (တနင်္လာနေ့) ညနေ ၄:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂–၉–၂၀၂၀ (အင်္ဂါနေ့)တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ပုလဲဥ(ပဲခူး)

### အသက်(၇၂)နှစ်

**မြန်မာ့မီးရထား၊ ငွေစာရင်းဌာန(ငြိမ်း)**

ပဲခူးမြို့နေ (ဦးအာလောက်–ဒေါ်စိန်ကြူ)တို့၏သမီး၊ ဟင်္သာတမြို့နေ (ဦးစိန်းရွှေ–ဒေါ်ကျင်မှုန်)တို့၏ချွေးမ၊ ဒေါ်ကြင်ငွေး၏ညီမ၊ ဦးငွေစိုး–ဒေါ်နန်းဖစ်တို့၏အစ်မ၊ ရန်ကုန်မြို့၊ အမှတ် (၂၇)၊ ၃–လွှာ–ဘီ၊ မလွှကုန်းလမ်း၊ ကျောက်မြောင်းနေ ဦးကိုလေး၏ဇနီး၊ ဦးစိုးမိုးအောင်–ဒေါ်သဇင်ဝတ်မှုန်၊ ဒေါက်တာချယ်ရီဝတ်မှုန်တို့၏မိခင်၊ မောင်အုပ်စိုးအောင်၊ မမေမိုးပြည့်အောင်တို့၏အဘွားသည် ၂၂–၉–၂၀၂၀ ရက် နံနက် ၄:၄၅ နာရီတွင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြမြစီ

### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ စကားဝါပင်လမ်း၊ အမှတ် (၆၆/ခ)၊ သုံးလွှာနေ (ဦးထွန်းရီ–ဒေါ်ငွေစိန်)တို့၏ သမီး၊ (ဦးကျော်တင့်–ဒေါ်ခင်ကြည်)တို့၏ သမီးချွေးမ၊ ဦးအောင်ငွေးလွင်၏ ချစ်လှစွာသောဇနီး၊ (ဦးသန်းငွေး)–ဒေါ်မာရီ၊ ဦးသူရစည်သူ–ဒေါ်ခင်ခင်ဆင့်၊ (ဦးဝင်းမြင့်)တို့၏ ညီမ၊ (ဦးသိန်းမြိုင်)–ဒေါ်ရီရီထွေးတို့၏ အစ်မ၊ မသီရိအောင်၊ ကိုရန်နိုင်ဖြိုး–မသဥ္ဇာအောင်၊ မဇင်မာအောင်၊ ကိုအောင်ကျော်မျိုး (လဝက၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်)–မမေလဲ့ဝါထွန်း၊ ကိုစိုးမိုးထွန်း–မယဉ်မွန်ထွေးတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မမြတ်နိုးအောင်၊ မောင်ရဲသီဟသွေး၊ မောင်မော်ကွန်းဟိန်း၊ မောင်မြတ်သီဟသွေးတို့၏ ချစ်လှစွာသောအဘွား၊ တူ/တူမ ၁၁ ယောက်တို့၏ အဒေါ်သည် ၂၁–၉–၂၀၂၀ ရက် ည ၁၁ : ၃၅ နာရီတွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၃–၉–၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၇–၉–၂၀၂၀ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးကိုကိုမောင်

### အသက်(၆၁)နှစ်

**ဒု–ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

**စက်မှုလယ်ယာဦးစီးဌာန**

အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာကိုကိုဇော်၏ အစ်ကိုဖြစ်သူ ဦးကိုကိုမောင် (ဒု–ညွှန်ကြားရေးမှူးချုပ်–ငြိမ်း၊ စက်မှုလယ်ယာဦးစီးဌာန) အသက် (၆၁)နှစ်သည် ၁၉–၉–၂၀၂၀ ရက်နေ့တွင် နေပြည်တော် (ခုတင်–၁၀၀၀) ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာ/ဆရာမများ၊ ဝန်ထမ်းမိသားစုများ**

**အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)**

ဘဝနတ်ထံပျံလွန်တော်မူခြင်း

မစိုးရိမ်ကျောင်းတိုက် ပဓာနနာယကဆရာတော်

## ဘဒ္ဒန္တသုစိတ္တာဘိဝံသ

(သ–စ–သ–အ ဓမ္မာစရိယ)(ရွှေဦး)

### သိက္ခာတော် (၃၈)ဝါ၊ သက်တော် (၅၈)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၃)ရပ်ကွက်၊ ပုလဲလမ်း၊ မစိုးရိမ်ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သုစိတ္တာဘိဝံသ မထေရ်မြတ်သည် ၂၁–၉–၂၀၂၀ (တနင်္လာနေ့) နံနက် ၆:၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ ရုပ်ကလာပ်တော်ကို ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့် သံဃာများနှင့် ဆွေမျိုး၊ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

မစိုးရိမ်နာယကအဖွဲ့(မြောက်ဒဂုံ)

ဘဝနတ်ထံပျံလွန်တော်မူခြင်း

သစ္စာမဏ္ဍိုင်ကျောင်းတိုက်

## ဆရာတော် ဦးပဏ္ဍိတ(ခ)ဦးမြဝင်း(ခ)ဘိုးမြ

### သိက္ခာတော် (၂၆)ဝါ၊ သက်တော် (၈၅)နှစ်

အမှတ် (၁၃၇)၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ ရွှေပြည်သာမြို့နယ်နေ ဒေါ်မြမြ၏ခင်ပွန်း၊ (ဦးခင်မောင်ရီ)–ဒေါ်နီနီဝင်း၊ ဦးလှမင်း–ဒေါ်နီနီမာ၊ (ဦးခင်သောင်း–ဒေါ်ကြင်ဝင်း)တို့၏ ဖခင်၊ မောင်ဇင်မင်းဖြိုး၊ မောင်သော်ဇင်ထွဋ်၊ မခင်မီမီဇင်၊ မောင်ရဲမင်းတို့၏အဘိုး ဦးပဏ္ဍိတ (ခ) ဦးမြဝင်း(ခ)ဘိုးမြသည် ၂၁–၉–၂၀၂၀ ရက်နေ့တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ယင်းနေ့ညနေ ၆ နာရီတွင် အန္တိမအဂ္ဂိစျာပန ဆင်ယင်ကျင်းပပြီးဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

တပည့် သံဃာတော်များနှင့်
ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြည်ကြည်ဝင်း

### အသက်(၈၁)နှစ်

ကသာမြို့နေ (ရှေ့နေကြီး ဦးအုန်းဘေ–ဒေါ်ဇင်)တို့၏ မြေး၊ (ဦးချစ်ဆွေ–ဒေါ်စန်းရီ)တို့၏ သမီးကြီး၊ (ဦးဟန်မြင့်)၏ဇနီး၊ ဗိုလ်မှူးကျော်ဇောဦး(ငြိမ်း)–ဒေါ်သီတာဝင်း၊ (ကိုကျော်ဇောထူး)၊ ဦးကျော်ဇောမှူး–ဒေါ်ခင်ဆွေဦး၊ ဦးကျော်ဇောမျိုး၊ ဗိုလ်မှူးကျော်ဇောမိုး (ငြိမ်း)–ဗိုလ်မှူးဝင်းပပတို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေးသုံးယောက်တို့၏အဘွားသည် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄) ရပ်ကွက်၊ အမှတ်(၂၅၂/၁၁)၊ ရွှေဥသြလမ်း၊ ရွှေပြည်စိုးအိမ်ရာနေ ဒေါ်ကြည်ကြည်ဝင်းသည် ၁၉–၉–၂၀၂၀ရက် ညနေ ၆:၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀–၉–၂၀၂၀ရက် နံနက် ၁၀:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၅–၉–၂၀၂၀(သောကြာနေ့) နံနက်ပိုင်းတွင် ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စန်းလွင်

**လက်ထောက်ညွှန်ကြားရေးမှူး၊ သမိုင်းသုတေသနဦးစီးဌာန**

### အသက် (၆၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်(ရွာမ)ရပ်ကွက်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ် (၃၃)နေ (ဦးချစ်)၏ တူမ၊ (ဦးသာထူး–ဒေါ်ချစ်တင်)၊ (ဦးဝင်းကြိုင်–ဒေါ်မိမိ)တို့၏ သမီး၊ [ဦးဝင်းဖေ (မော်ကွန်းထိန်း–ငြိမ်း၊ အဝေးသင်)]၊ ဒေါ်တင်တင်အေး(အဝေးသင်–ငြိမ်း)၊ ဦးစိုးနိုင်(ကျောက်မျက်–ငြိမ်း)–ဒေါ်ခင်ခင်မိုး (ဘဏ္ဍာရေး–ငြိမ်း)တို့၏ ညီမ၊ ဒေါ်ခင်ဝင်းကြူ (စိုက်ပျိုးရေး–ငြိမ်း)၊ ဦးသန်းထွဋ် (ဘဏ္ဍာရေး–ငြိမ်း)–ဒေါ်ခင်အေးကြူ (ဘဏ္ဍာရေး–ငြိမ်း)၊ [ဦးစိုးဝင်း (သစ်တော)]–ဒေါ်ခင်အေးငြိမ်း၊ ဦးစံဇာဏီဘို–ဒေါ်ခင်ခင်ငွေး၊ ဒေါက်တာသိန်းဝင်း (ကလေးမြို့)–ဒေါ်မိမိလွင်တို့၏ ချစ်လှစွာသောအစ်မ၊ တူ/တူမ ကိုးယောက်၊ မြေးငါးယောက်တို့၏ ချစ်လှစွာသော အဒေါ်/အဘွားသည် ၂၂–၉–၂၀၂၀ (အင်္ဂါနေ့) နံနက် ၇:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးဝင်းမြင့် (B.A)

### အသက်(၆၆)နှစ်

**ရုံးအုပ်(ငြိမ်း)၊ လယ်/ဆည်ဝန်ကြီးဌာန**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ (ဦးလှငွေ)– ဒေါ်အုန်းကြိုင်တို့၏ သားကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြင့်မိုရ်လမ်း၊ အမှတ်(၇)နေ (ဦးညီပု–ဒေါ်ကျင်စီ)တို့၏ သားသမက်၊ ဒေါ်ခင်ဝေ၊ ဒေါ်ခင်ဆွေ၊ ဒေါ်ခင်ညို၊ ဒေါ်ခင်မှုံ၊ ဦးခင်မောင်ဝင်း၊ ဦးတင်ဝင်းအောင်တို့၏ အစ်ကိုအကြီးဆုံး၊ [ကိုတွတ်(ခ)ဦးအောင်မွန်]၊ ဒေါက်တာမောင်မောင်စံ–[ဗယ်(လ်)မာညီပု (ခ) ဒေါက်တာခင်မမ]၊ (ဒေါ်ဒေါ်လီညီပု)၊ ဒေါက်တာကျော်စိုး–ဒေါက်တာမာတူးညီပုတို့၏ ညီမောင်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက် (သမိုင်း) ဦးချစ်ထွန်းလမ်း၊ အမှတ်–၄၆၁(ခ)နေ ဘေဘီညီပု(ခ)ဒေါ်ခင်မာထွေး (ယခင် အောင်ဘာလေထီရုံးနှင့် အောင်ချမ်းမြေ့အမျိုးသားသီးသန့်ဆံသဆိုင်)၏ခင်ပွန်း ဦးဝင်းမြင့်သည် ၂၁–၉–၂၀၂၀ ရက် ည ၇:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားပါကြောင်း မိတ်ဆွေအပေါင်းအသင်းများအား အသိပေးကြေညာအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# စက်တင်ဘာ ၂၂ ရက် နံနက် ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၂၀ တွေ့ရှိ

**COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၂၁–၉–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂–၉–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

၁။ (၂၁–၉–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂–၉–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအတွင်း COVID–19 ဓာတ်ခွဲစစ်ဆေးချက်များအရ –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁,၄၃၃)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၃၆၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁၉၈) ခု၊
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်–၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၉၉၈)ခု၊

စုစုပေါင်း ဓာတ်ခွဲနမူနာ (၂,၉၉၇) ခုတို့အား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ–

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၂၀) ဦး တွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၂၂–၉–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၆,၄၇၁)ဦး ရှိပြီဖြစ်ပါသည်။

၃။ (၂၁–၉–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်

**COVID–19 ရောဂါ လူနာများအခြေအနေ**

**(၂၁–၉–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂–၉–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၃၂၀) ဦး | (၆,၄၇၁) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ | (၀) ဦး | (၁,၄၄၅) ဦး |
| သေဆုံးလူနာ | (၂) ဦး | (၁၀၀) ဦး |

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂

# ရွှေပြည်သာမြို့နယ်၌ ဖျားနာကုအခမဲ့ဆေးခန်း ပိတ်ရက်မရှိ နေ့စဉ်ဖွင့်လှစ်




ရန်ကုန် စက်တင်ဘာ ၂၂

**ကိုဗစ်–၁၉ ရောဂါ ပြန်လည်ဖြစ်ပွားလာမှုကြောင့် ဖျားနာကုဆေးခန်းများသို့ လာရောက်ပြသသူ များပြားလာပြီး ဆေးခန်းအချို့ ရက်တိုးဖွင့်လှစ်မှုများရှိရာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ ဖျားနာကုအခမဲ့ဆေးခန်းကို စက်တင်ဘာ ၂၂ ရက်မှ စ၍ နေ့စဉ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ယင်းဆေးခန်းမှ သိရသည်။**

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❖

## ကချင်အမျိုးသားကွန်ဂရက်ပါတီ ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ပါရှိ

**ကချင်အမျိုးသားကွန်ဂရက်ပါတီ** ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ တွင် ဖော်ပြထားပါသည်။

## ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ နှင့် အရှိုချင်းအမျိုးသားပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို နိုင်ငံပိုင်သတင်းစာများမှ ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၂၂

**ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီ** နှင့် **အရှိုချင်းအမျိုးသားပါတီ** တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၂၄ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော **မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ** နှင့် **The Global New Light of Myanmar** သတင်းစာ တို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

**သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်း အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၂**

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းခြေတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းခြေကို ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

**မိုး/ဇလ**

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# ကိုဗစ်-၁၉ ရောဂါကြောင့် MNL ပွဲစဉ် (၁၉) နှင့် (၂၀) ကျင်းပမည့်ရက် ပြောင်းလဲခဲ့ပြီး အောက်တိုဘာ ၁ ရက်တွင် ပြီးစီးမည်

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာနေရှင်နယ်လိဂ်သည် လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်–၁၉ ရောဂါကြောင့် ကျင်းပလျက်ရှိသည့် ၂၀၂၀ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်နှစ်ခုဖြစ်သည့် ပွဲစဉ်(၁၉) နှင့် (၂၀) ကျင်းပမည့်ရက် ပြောင်းလဲခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်သည် ၂၀၂၀ ဘောလုံးရာသီ MNL ပြိုင်ပွဲကို အမြန်ဆုံးပြီးစီးနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားသည့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်လျက်ရှိပြီး လက်ကျန်ပွဲစဉ် သုံးခုအနက် ပွဲစဉ်(၁၈)ကို ပုံမှန်အတိုင်း စက်တင်ဘာ ၂၃၊ ၂၄ ရက်တို့တွင် ကျင်းပမည်ဖြစ်သော်လည်း ပွဲစဉ်(၁၉)နှင့် (၂၀)ကို ရက်ရွှေ့တိုးကာ ကျင်းပသွားမည်ဖြစ်သည်။

ပြောင်းလဲလိုက်သည့် ပွဲစဉ်အနေအထားအရ ပွဲစဉ် (၁၉)ကို စက်တင်ဘာ ၂၆၊ ၂၇ ရက်၊ ပွဲစဉ် (၂၀)ကို စက်တင်ဘာ ၂၉၊ ၃၀ ရက်၊ အောက်တိုဘာ ၁ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်(၂၀) ကျင်းပမည့် ကွင်းများကို ပြန်လည်ထုတ်ပြန်မည်ဖြစ်ပြီး ချန်ပီယံဆုအတွက် အဆုံးအဖြတ်ဖြစ်လာနိုင်သည့် ဟံသာဝတီနှင့် ရှေဝတီပွဲ၊ ရှမ်းယူနိုက်တက်နှင့် ရတနာပုံပွဲကို အောက်တိုဘာ ၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

၂၀၂၀ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပြီးဆုံးရန် သုံးပွဲသာလိုတော့ပြီး ချန်ပီယံဆုအတွက် ၃၉ မှတ်ရထားသည့် ရှေဝတီအသင်း၊ ၃၇ မှတ်ရထားသည့် ဟံသာဝတီအသင်း၊ ၃၅ မှတ်ရထားသည့် လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်းတို့ အပြိုင်ဖြစ်နေပြီး ရမှတ် ၃၀ ရထားသည့် ရန်ကုန်အသင်းမှာမူ အခွင့်အရေးအနည်းငယ်ရှိနေဆဲဖြစ်သည်။

**ဖိုးသော်ဇင်**

ကြေးမုံ
ယနေ့ ဖတ်စရာ

အီတလီနိုင်ငံ၏ လွှတ်တော်အမတ်နေရာ သုံးပုံတစ်ပုံကျော် လျှော့ချမည်
စာမျက်နှာ » ၁၂

နိုင်ငံခြားကျွမ်းကျင်လုပ်သားများအတွက် ဗီဇာရရှိရန် ပိုမိုခက်ခဲနိုင်ဖွယ်ရှိသည့်စည်းမျဉ်း ထရမ့်အစိုးရ အလျင်စလို ချမှတ်ဖွယ်ရှိ
စာမျက်နှာ » ၁၃

ပြောင်းလဲလာတဲ့ အွန်လိုင်းမီဒီယာရေစီးကြောင်းထဲက Myanmar Digital News
စာမျက်နှာ » ၂၀